**အခန်း(၁)**

**အပိုင်း(၂၃၉)-အ္တနရယ်အတွင်း အကူအညီတောင်းခြင်း**

ရှီမာယူလင်း ပြောသည်ကိုကြားပြီးနောက် ရှီမာယူယူကြက်သေသေပြီးမှ ချက်ချင်းပြုံးကာ ပြောလိုက်သည် "ဘယ်လိုလုပ် ငါမင်းကိုကူညီရမှာလဲ၊ မင်းက အင်အားရှိပြီး နောက်မှာလည်း ရှီမာမျိုးနွယ်ရှိနေတာပဲကို"

ရှီမာယူလင်း ခေါင်းရမ်းကာ ပြောလိုက်သည် "မင်းငါ့ကို ကူညီနိုင်မယ်လို့ ငါ့အတွင်းစိတ်က ပြောနေတယ်"

"အဲလောက်တောင် ယုံကြည်ချက်ရှိတာလား" ရှီမာယူယူ ပြောလိုက်သည်။

"ငါ့ ထိုးထွင်းဉာဏ်ကထူးခြားတယ်၊ အဲဒါကပဲ ငါ့ကို အဖြစ်အပျက် အများကြီးကနေ ကယ်တင်နိုင်ခဲ့တယ်" ရှီမာယူလင်း ပြောလိုက်သည်။

"ငါ မင်းကို ဘယ်လိုကူညီရမလဲ" ရှီမာယူယူ မေးလိုက်သည်။

"မင်းရဲ့ လှုပ်ရှားမှုတွေက ငါ့ထက် ပိုအားကောင်းတာကို ငါသိပါတယ်၊ မင်း ငါ့ကို သင်ပေးစေချင်တယ်" ရှီမာယူလင်းသည် သူ့အတွေးအား တိုက်ရိုက်ပင် ပြောချလိုက်သည်။

"ဒီအတိုင်းလား" ရှီမာယူယူသည် ရှီမာယူလင်းအား ကြည့်လိုက်သည်။ သူ သူမကို လာရှာတာ ဒါကြောင့်လား။

သူသည် သူမ၏ လျှို့ဝှက်ချက်များကို ဖွင့်ဖော်လိုက်မည်ကို သူမ တွေးနေခဲ့သည်။

"ဒီအတိုင်းပဲ" ရှီမာယူလင်း ပြောလိုက်သည် "ငါ့လှုပ်ရှားမှု အရည်အချင်းကို တိုးတက်အောင်လုပ်နိုင်ရင် ငါ့တိုက်ခိုက်မှုစွမ်းရည်ကလည်း အဲအဆင့်အတိုင်း တိုးလာမှာပဲ၊ မင်း ငါ့ကို သင်ပေးနိုင်မလား"

"ငါ သင်တော့မပေးနိုင်ဘူး၊ ဒါပေမယ့် ဒီပညာကို သင်ပေးတဲ့စာအုပ်ကို မင်းကိုပေးနိုင်တယ်" ရှီမာယူယူ ပြောလိုက်သည်။

"ကျေးဇူးပဲ"

"ငါ့ကို ကျေးဇူးတင်မစောနဲ့ဦး အဲဒါ အသုံးဝင်မလားကို မသိသေးဘူးလေ"

ထိုညတွင် သူတို့နှစ်ယောက်သည် တောင်ထိပ်တွင်ထိုင်ကာ လရောင်အောက်တွင် ရွှီ၏ မတူညီသော နည်းလမ်းများကို ဆွေးနွေးခဲ့ကြသည်။ သူတို့နှစ်ယောက်၏ အတွေးများ ဖလှယ်ပြီးနောက်တွင် ရှီမာယူယူသည် သတိလွှတ်လိုက်တော့သည်။ သူမ၏ သတ်ဖြတ်မှုရွှီ၏ အဓိကအချက်မှာ ပတ်ဝန်းကျင်မှတစ်ခုလုံးကို ရောမွှေခြင်းဖြစ်ပြီး ရှီမာယူလင်း၏ အဓိကအချက်မှာ အတွင်းပိုင်း ပုံစံဖြစ်သည်။ လူတစ်ယောက်၏ ခန္ဓာကိုယ်ထဲသို့ ရွှီများ စုပ်ယူပြီး သူတို့သည် တစ်ခုနှင့် တစ်ခု ပြိုင်ဘက်အဖြစ် တိုက်ခိုက်ကြသည်။

ရလဒ်ကတော့ ရှီမာယူလင်းသည် ရှီမာယူယူ၏ နည်းလမ်းအပေါ်တွင် သူနှင့် လိုက်ဖက်သည့် ပုံစံကို ရှာတွေ့ပြီး သူ၏ ရွှီအား ပြီးပြည့်စုံသည့်နည်းလမ်းကို စီမံနိုင်လေသည်။

အရှေ့အရပ်မှ နေရောင်ထွက်ပေါ်လာသည်နှင့် ရှီမာယူယူသည် ခေါင်းပေါ်တွင် နေရောင်ထွက်လာသည်ကို တိတ်ဆိတ်စွာ ကြည့်နေခဲ့သည်။ ကမ္ဘာမြေပေါ်မှ သက်ရှိများ၏ စိတ်ခံစားချက်များကို သူမခန္ဓာကိုယ်ပေါ်သို့ ကျရောက်သော အနွေးဓာတ်နှင့်အတူ ခံစားမိလိုက်ကာ သူမ ကိုယ်တိုင်သည်လည်း ရောနှောနေလိုက်သည်။

ရှီမာယူလင်းသည်လည်း သူ၏ ကျင့်ကြံခြင်းတွင် နစ်မြုပ်နေကာ ရုတ်တရက်ပင် ရှီမာယူယူ၏ ကိုယ်ရောင် ကိုယ်ဝါကို ခံစားနိုင်ခြင်းမရှိတော့ပေ။ သူ အံ့သြစွာ ခေါင်းလှည့်ကြည့်ရာ သူ့ဘေးတွင် ထိုင်နေသေး သည်ကို မြင်မှပင် အသက်ရှူမိတော့သည်။

တစ်ချိန်တည်းမှာပင် သူ့စိတ်ထဲမှ အံ့အားသင့်စွာပြောမိသည် "သူက ငါ့ဘေးမှာရှိတာသေချာနေတာကို သူ့ကိုယ်ရောင်ကိုယ်ဝါကို မခံစားနိုင်ဘူး၊ သူ့ကိုယ်ရောင် ဖုံးကွယ်တဲ့ နည်းလမ်းက ငါ့ထက်မြင့်တာတော့ သေချာတယ်"

ရှီမာယူယူသည် ကမ္ဘာနှင့် တစ်သားတည်းဖြစ်ကာ သူ့ကိုယ်ရောင်ကို ဖြန့်ကျက်လိုက်ပြီဖြစ်ကြောင်းကို သူခံစားမိသည်။ ထိုသည်မှာ သူသည် တစ်စုံတစ်ရာအား ခံစားမိခြင်းဖြစ်ပြီး သူ့အား မနှောင့်ယှက်တော့ပေ။ သူသည် သူ့နည်းလမ်းအတိုင်း ထပ်ပြီး စတင်တော့သည်။

"သူက သူ့ကိုယ်ရောင်ကိုယ်ဝါကို ပတ်ဝန်းကျင်နဲ့ရောမွှေပြီး ငါ့ကိုယ်ရောင်ကတော့ အထဲမှာပဲ ထည့်ထားတုန်းပဲ၊ ငါ ငါ့ကိုယ်ငါ လေထုထဲက ဖုန်မှုန့်အဖြစ်ပြောင်းရမယ်..."

သူဖြည်းညင်းစွာ မျက်စိမှိတ်ရာ သူ့ကိုယ်ရောင်ကိုယ်ဝါသည်လည်း ကွယ်ပျောက်သွားလေသည်။ ထိုသည်မှာ သူသည် လေထုထဲမှ ဖုန်မှုန့်အဖြစ်ခံစားရလေသည်။

သူထုတ်လွှတ်လိုက်သော ကိုယ်ရောင်ကိုယ်ဝါမှာအားနည်းသည်။ သူသည် အခုသာ တစ်စုံတစ်ယောက်ရှေ့တွင်ရပ်မိပါက သူအသတ်ခံရမည်ပင်။

ရှီမာမျိုးနွယ်ဝင်များသည် သူတို့အား မနှောင့်ယှက်တော့ပဲ အနီးနားရှိ တောင်အလယ်ပိုင်းတွင် လရှူရှိုက်မြက်ပင်ကို ဆက်လက်ရှာဖွေနေကြသည်။

နေ့လည်ရောက်သောအခါ ရှီမာယူယူ နိုးလာသည်။ သူမ ရှီမာယူလင်းအား တစ်စုံတစ်ရာပြောရန် ပြင်ဆင်လိုက်ချိန်တွင် သူမ ဘေးတွင် သူ မရှိတော့ပေ။

"ဘုန်း.."

ရှီမာယူလင်းသည် သူမ ရှိနေရာနှင့် မဝေးလှသောနေရာတွင် စပါးအုံးမြွေနှင့် တိုက်ခိုက်နေလေသည်။ စပါးအုံးမြွေမှာ သူတော်စင်အဆင့်ဖြစ်၍ သူ့အားမှာ အဆင့်နိမ့်သူတော်စင် အဆင့်နှင့် တူညီသည်။

သူမသည် အနီးနားမြေအားကြည့်ကာ ပြန့်သောမြေတွင် ထိုင်လိုက်သည်။ စပါးအုံးမြွေသည် သူတို့နှင့် နီးကပ်လာသော်လည်း ရှီမာယူလင်းသည် သူမ အာရုံပြုနေသည်ကို အနှောင့်အယှက်ဖြစ်မည်စိုး၍ မြွေနှင့် တိုက်ပွဲတိုက်နေခြင်းဖြစ်သည်။

ရှီမာယူလင်းသည် စပါးအုံးမြွေ၏ ပြိုင်ဘက်မဟုတ်ပေ၊ သို့သော် သူ၏ ဝိညာဉ်မိစ္ဆာကို မခေါ်ပဲ သူ့အကန့်အသတ်နှင့် ဆက်လက် စိန်ခေါ်နေသည်။

ရှီမာယူယူ တောင်ထိပ်တွင် ရပ်နေကာ သူ့အား မကူညီပေ။ သူ မလိုအပ်သည်ကို သူမ သိသောကြောင့်ပင်။

ကြမ်းတမ်းသော တိုက်ပွဲအပြီးတွင် ရှီမာယူလင်း မြွေအား သတ်လိုက်နိုင်သည်။ သို့သော် သူသည်လည်း ဒဏ်ရာရကာ မတ်တပ်ပင်မရပ်နိုင်တော့ပေ။ သူ့ဓားရှည်မှာ မြေတွင်ထောက်ထားလျက် သူ့ကိုယ်အလေးချိန်အား ထောက်ပံ့ပေးထားသည်။

ရှီမာယူယူသွားကာ အဆိပ်ဖြေနိုင်သော ဆေးထုတ်ပေးပြီး သူ့အားပေးလိုက်သည် "မင်းမှာရှိတဲ့ ဆေးက စပါးအုံးမြွေရဲ့ အဆိပ်ကို ဖြေနိုင်မှာမဟုတ်ဘူး"

ရှီမာယူလင်းသည် ဆေးစားပြီးနောက် ဆေးအသက်ဝင်စေရန် ထိုင်ချလိုက်သည်။

ရှီမာယူယူ လျှောက်သွားကာ စပါးအုံးမြွေအားရှင်းလင်းပြီး မြွေစွပ်ပြုတ်လုပ်ရန် အိုးထုတ်လိုက်သည်။

ရှီမာယူလင်းသည် ခန္ဓာကိုယ်ထဲမှ မြွေအဆိပ်ပြေသည်အထိ စောင့်ပြီးနောက် မျက်စိဖွင့်ကာ အိုးထဲတွင် စွပ်ပြုတ်အား ယောင်းမဖြင့်မွှေနေသော ရှီမာယူယူအား ကြည့်လိုက်သည်။

"မင်း ဘာမဆိုချက်ဖို့ကို တကယ်သိတာပဲ" ရှီမာယူယူ စားပွဲနှင့် ထိုင်ခုံများ ပြင်ဆင်ထားရာသို့ သူလျှောက်လာခဲ့သည်။

"အဲဒီ ဝိညာဉ်မိစ္ဆာတွေက အရသာရှိတယ်လေ" ရှီမာယူယူ အရှိအတိုင်းပြန်ဖြေလိုက်သည်။ ထို့နောက်တွင် သူမ ရှီမာယူလင်းအားကြည့်ကာ ပြောလိုက်သည် "မင်းက အင်အားကြီးတယ်မလား၊ မင်းက အဆင့်တစ်အုံဖွယ် မိစ္ဆာကိုတောင် တစ်ယောက်တည်းအားနဲ့ နိုင်သေးတာပဲ၊ ဒါပေမယ့် မင်းက စိတ်စွမ်းအင်တွေ အလဟဿ ဖြစ်သွားပြီး မင်းအားတွေ သုံးလိုက်တာပဲ၊ နောက်ဆုံးတော့ မင်းမှာ အဆိပ်မိတဲ့ ဒဏ်ရာတွေတောင် ရသွား သေးတယ်"

ရှီမာယူလင်းသည် ချက်ကောင်းမှန်သွားကာ သူမအား မေးလိုက်သည် "ငါဘယ်လို ဖြေရှင်းရမလဲ"

ရှီမာယူယူသည် သူ့အားမကြည့်ပဲ စွပ်ပြုတ်အားမွှေရင်း ပြောလိုက်သည် "မင်းက မြွေနဲ့ အသက်လုနေရတာပဲ ပြိုင်ပွဲပြိုင်နေတာ မဟုတ်ဘူး၊ ဘာလို့ အဲလောက်တောင် စဉ်းစားစရာတွေများနေတာလဲ၊ အဲဒါကြောင့်ပဲ မင်းရဲ့ အားပေါ်မှာမူတည်တဲ့ အကောင်းဆုံးနည်းလမ်းက သတ်ဖြတ်ခြင်းမဟုတ်ဘူး၊ ဒါပေမယ့် သူ့အသက်ကိုနှုတ်ဖို့ အကောင်းဆုံးနည်းလမ်းကို ရှာရမယ်"

"ငါလည်း သူ့အားနည်းချက်ကို တိုက်ခိုက်ခဲ့တာပဲ" ရှီမာယူလင်း ပြောလိုက်သည်။

ရှီမာယူယူ ခေါင်းရမ်းကာ ပြောလိုက်သည် "မင်းက သူ့ရဲ့ခုနစ်လက်မ လောက်ရှိတဲ့နေရာ အားနည်းချက်ကို တိုက်ခိုက်ပေမယ့် အဲဒါက ကြီးလာရင် မင်းလည်း လိုက်ကြီးပဲ တိုက်ရမှာပဲ၊ မင်းရဲ့ ယေဘုယျ ဦးတည်ချက်ကတော့ မှန်တယ်၊ ဒါပေမယ့် မှန်ကန်တဲ့အချက်ကို မင်းမစီမံနိုင်သေးဘူး"

"အချက်ပဟုတ်လား" ရှိမာယပူလင်းသည် ရှိမာယပူယူအား နားမလည်စွာကြည့်သော်လည်း ရုတ်တရပ် သဘောပေါက်သွားကာ ပြောလိုက်သည် "မင်းပြောတာက သူ့ရဲ့ အားနည်းချက်ကို အတိအကျရှာရမယ်၊ ယေဘုယျဦးတည်ချက်လိုမျိုးမဟုတ်ဘဲနဲ့.. ဟုတ်တယ်မလား"

ရှိမာယပူယူ သူ့အားမငြင်းဆန်ဘဲ ဆက်ပြောသည် "ပြီးတော့ မင်းအားလျော့လာရင် အရှေ့မှာ ထင်းထင်းကြီး ရပ်မနေရဘူး၊ မင်း စပါးအုံးမြွေနဲ့တိုက်နေတုန်း မင်းသာ အစကတည်းက အနောက်ကို သွားလိုက်ရင် သူ့အစွယ်တွေကြောင့် အဆိပ်မိမှာမဟုတ်ဘူး၊ မင်းအားလျော့လာရင် အကောင်းဆုံးနည်းလမ်းက အနောက်ကနေတိုက်တာပဲ၊ ခိုးကြောင်ခိုးဝှက်တိုက်တာက အကောင်းဆုံးပဲ"

ရှိမာယပူလင်းသည် ရှိမာယပူယူ၏ သုံးသပ်ချက်ကိုနားထောင်ပြီးနောက် အခုတိုက်ပွဲတွင် သူ၏ အားနည်းချက်ကို နားလည်လိုက်သည်။ တိုက်ပွဲတွင် အားလိုအပ်သည့်အပြင် လူတစ်ယောက်၏ နည်းလမ်းသည်လည်း အလွန်အရေးကြီးသည်။

ရှိမာယပူယူသည် ထပ်ပြီးမပြောတော့ပေ။ ရှိမာယပူလင်းသည် ဉာဏ်ပြေးသောလူဖြစ်သည်ကို သူမ သိသောကြောင့် သူမဆိုလိုသည်ကို သူနားလည်နိုင်သည်။ သူမ ချက်ချင်းပင် ဆိုလိုရင်းကို ဖြတ်ချလိုက်သည်။

စွတ်ပြုတ် အဆင်သင့်ဖြစ်သည်နှင့် ဟင်းသံလေးသည် ကျန်အရာများကို ရှင်းလင်းနေချိန်တွင် သူမ ပန်းကန်လုံးနှစ်လုံးထုတ်လိုက်သည်။

"စားရအောင်" သူစဉ်းစားနေချိန်မှာပင် သူမသည် မြွေစွတ်ပြုတ်ပန်းကန်အား သူ့ရှေ့သို့ ထားလိုက်သည်။

သူတို့ မြွေစွတ်ပြုတ်တစ်ပန်းကန် စားလို့မပြီးသေးခင်မှာပင် ကောင်းကင်တွင် အချက်ပြမီး လက်ခနဲထွက်လာသည်။

"ဟိုမှာ အန္တရာယ်ဖြစ်နေပြီ" ရှိမာယပူလင်းသည် အရေးပေါ်အချက်ပြမီးကို သတိပြုမိပြီး ချက်ချင်းပင် မတ်တပ်ရပ်လိုက်သည်။

ရှိမာယပူယူသည် အားလုံးအားသိမ်းဆည်းပြီး ငှက်လေးအားခေါ်ကာ ပြောလိုက်သည် "အဲဒီကို ခေါ်သွားပေး"

ထိုကျွန်းတွင် ကောင်းကင်တွင် မပျံရဟူသည့် စည်းကမ်းရှိသည်။ ပျံသန်းနိုင်သည့် မိစ္ဆာများသာ သူတို့အတောင်ပံကိုသုံးပြီး ပျံခွင့်ရှိသည်။

ငှက်လေးသည် ကောင်းကင်သို့ဦးတည်ကာ သူတို့နှစ်ယောက်အား အချက်ပြမီးလာရာသို့ ခေါ်သွားလေသည်။

ထိုနေရာတွင် သက်ကြီးဝါကြီးပုဂ္ဂိုလ်နှင့် တခြားသူများကို တွေ့ရလေသည်။ ရှိမာယပူယူသည် သူတို့အား ငှက်လေးအပေါ်တင်ကာ ဆက်လက်ပျံသန်းသွားလေသည်။

အဝေးတစ်နေရာတွင် အုပ်စုလိုက်ဖြစ်ဟန်တူသော ဝိဉာဉ်မိစ္ဆာများ၏ ဟင်းသံကိုကြားလိုက်ရသည်။ ရှိမာမျိုးနွယ် ဝင်များသည် ဝိဉာဉ်မိစ္ဆာ တစ်ကောင် နှစ်ကောင်နှင့် တွေ့သည့်ပုံ မပေါ်ပေ။

**အခန်း(၂)**

**အပိုင်း(၂၄၁)-တန်ဖိုးကြီးပစ္စည်းအား ရှာတွေ့ခြင်း**

ရှီမာယူယူနှင့် တခြားသူများသည် ငှက်လေးပေါ်တွင်ထိုင်က ထိုနေရာသို့ အလျင်စလို ဦးတည်သွားလေသည်။

"ရေပုတ်သင်၊ ရောမအစိမ်းရောင်မိချောင်း၊ အနက်ရောင်ရေမြင်း…ကုန်းနေရေနေ ပင်လယ်မိစ္ဆာတွေ ဘာလို့ အဲလောက်များနေတာလဲ"

"ကုန်းနေ ပင်လယ်မိစ္ဆာတွေတောင်ပါသေးတယ်"

"သူတို့ ဒဏ်ရာရထားကြတာပဲ"

"ငှက်လေး မြန်မြန်" ရှီမာယူယူသည် ပြောသည်နှင့်တပြိုင်နက် ငှက်လေးကျောအား ပုတ်လိုက်သည်။

"ဘိုးဘိုးကြီး ၁၀လည်း ရှိနေတယ်၊ သူက အဲဒီအစောင့်တွေကို ကာကွယ်ပေးထားတယ်" ရှီမာယူလန် ပြောလိုက်သည်။

"စာချုပ်မိစ္ဆာတွေကို ခေါ်ထုတ်လိုက်တော့ သူတို့ကို အတူသွားကယ်ကြမယ်"

ငှက်လေးသည် မြေပြင်ပေါ်သို့ဆင်းကာ အားလုံးသည် တိုက်ပွဲဝင်မည့်ပုံ ပြင်ဆင်လိုက်ကြသည်။

အားလုံးသည် ကိုယ်ပိုင် စာချုပ်မိစ္ဆာများကို ခေါ်ထုတ်လိုက်ပြီး အထဲမှ လူများကို ကယ်ဆယ်ရန် တာဝန်ပေးလိုက်ကြသည်။

ရှီမာယူယူ ရာဟွောင်နှင့် ဟိန်းသံထောင်ချီအား ခေါ် ထုတ်လိုက်သည်။ ငှက်လေးနှင့်ဆိုလျှင် သူမတွင် အံ့ဖွယ်မိစ္ဆာသုံးကောင်ရှိသည်။ ထိုသည်မှာ ရှီမာမျိုးနွယ်မှပင် အလွန်အမင်းအံ့သြလောက်အောင် အကြီးဆုံး တပ်ဖွဲ့ဖြစ်သည်။

ရှီမာမျိုးနွယ်နှင့်အတူ တိုက်ပွဲဝင်ခဲ့သည့် ဝိဉာဉ်မိစ္ဆာများ တစ်ရာကျော်ရှိသည်။ ထိုအထဲတွင် အံ့ဖွယ်မိစ္ဆာ တစ်ဝက်၊ သူတော်စင်မိစ္ဆာအနည်းငယ်နှင့် စံတင်ဝိဉာဉ်အနည်းငယ်ပါဝင်သည်။ သို့သော် သူတို့သည် တိုက်ပွဲတွင် ကျဆုံးခဲ့သည်။

ငှက်လေးသည် လေထဲတွင်ရှိနေကာ ထူးခြားသော အခွင့်အရေးအတွက် ပျော်ရွှင်နေသည်။ သူသည် အားထို မျှလောက် မသန်မာသော်လည်း အောက်ရှိ ပင်လယ်မိစ္ဆာများကြောင့် ထိန်းမနိုင်သိမ်းမရ ဖြစ်နေသည်။

ဟိန်းသံထောင်ချီသည် သူ၏ အမြီးခုနစ်ချောင်းကို ထုတ်ကာ တစ်ချောင်းစီသည် ဝိဉာဉ်မိစ္ဆာတစ်ကောင်စီကို ရိုက်ချနေသည်။ သူ၏ ဦးဆောင်မှုနှင့်အတူ သူတို့သည် လျင်မြန်စွာလွတ်မြောက်ကာ အလယ်သို့ရောက်သွား လေသည်။

"အမြီးခုနစ်ချောင်းမြေခွေး" အကုန်လုံးအား သတ်ပြီး လမ်းရှင်းနေသော အမြီးခုနစ်ချောင်းမြေခွေးအား မြင်သောအခါ ရှီမာမျိုးနွယ်ဝင်များသည် ပျော်ရွှင်စွာ အော်လိုက်ကြသည်။

"အဲဒီ ဝိဉာဉ်မိစ္ဆာက ဘယ်သူ့ဟာလဲ" တစ်စုံတစ်ယောက်ကမေးလိုက်သည်။

"အဲဒါ ဘယ်သူ့မိစ္ဆာလဲဆိုတာကို ဘာလို့ဂရုစိုက်နေသေးတာလဲ အရေးအကြီးဆုံးက ဒီကနေလွတ်ဖို့မလား" တစ်စုံတစ်ယောက်မှ ပြောလိုက်သည်။

"ဟုတ်တယ် မြန်မြန်ပြေးရအောင်"

ဟိန်းသံထောင်ချီ၍ အားနင့် သေဆုံးပြီးသော လူများမှလွဲ၍ အားလုံး လွတ်မြောက်ကြသည်။ ထို့နောက်တွင် ရှီမာယူယူသည် ငှက်လေးကျောပေါ်သို့ အားလုံးအား တင်ခေါ်ကာ ထိုနေရာမှ ခေါ်ထုတ်သွားလေသည်။

အောက်မှ ဝိဉာဉ်မိစ္ဆာများသည် သူတို့ထွက်သွားသည်ကို မျက်လုံးများပြူးကာကြည့်ပြီး သူတို့နောက်သို့ မလိုက်တော့ပဲ မရပ်မနားအော်နေလေသည်။ သူတို့သည် အလောင်းများကို ခွဲဝေ ကိုက်ဖြတ်နေခဲ့ကြသည်။

ငှက်လေးကျောပေါ်တွင် ထိုနေကြသော ရှီမာမျိုးနွယ်ဝင်များသည် ကျန်ခဲ့သော ရဲဘော်ရဲဘက်များ ဝိုင်းအုံခံနေရသည်ကိုကြည့်ရင်း မျက်လုံးများနီရဲလာခဲ့သည်။

ငှက်လေးသည် သူတို့အား လုံခြုံသော နေရာသို့ ချပေးလိုက်သည်။ အားလုံးသည် ထိုနေရာရောက်မှပင် စိတ်အေးသွားရတော့သည်။

"ဘယ်လိုလုပ် မင်းတို့အားလုံး ဝိဉာဉ်မိစ္ဆာတွေ အဲလောက်အများကြီးနဲ့ တွေ့သွားတာလဲ" သက်ကြီးဝါကြီး ပုဂ္ဂိုလ်မေးလိုက်သည်။

"ကျွန်တော်တို့လည်း မသိဘူး၊ အစတုန်းက ကျွန်တော်တို့သွားတော့ ဝိဉာဉ်မိစ္ဆာတွေအဲလောက်မများသေးဘူး၊ ဒါပေမယ့် ဒီနေ့ကျွန်တော်တို့ သွားတော့ ရုတ်တရပ် ဝိဉာဉ်မိစ္ဆာတွေများလာတာပဲ၊ ပြီးတော့ သူတို့အားလုံးက အဲ့ဖွယ်အဆင့်တွေ" သက်ကြီးပုဂ္ဂိုလ် ၁၀ ကပြောလေသည်။

"ကျွန်မ တိမ်ပန်းနေဝင်အပင် အနံ့ရတာနဲ့ အဲဒီကို သွားလိုက်တာပဲ" ရှီမာယူလန် ပြောလိုက်သည်။

"တိမ်ပန်းနေဝင်အပင်ကြောင့် အဲဒီ ဝိဉာဉ်မိစ္ဆာတွေရောက်လာတာများလား" တစ်စုံယောက်က မေးလိုက်သည်။

"မဖြစ်နိုင်ဘူး၊ တိမ်ပန်းနေဝင်က အဲဒီဝိဉာဉ်မိစ္ဆာတွေကို မဆွဲဆောင်နိုင်ဘူး" ရှီမာယူယူ ခေါင်းရမ်းလိုက်သည် "တခြားကြောင့် ဖြစ်နိုင်တယ်"

"တိမ်ပန်းနေဝင်ရှိနေတော့ အနီးနားမှာ လရှုရှိုက်ပင် ရှိရမယ်" ရှီမာယူလင်း ပြောလိုက်သည်။

ရှီမာယူယူ ခေါင်းညိမ့်ကာ ပြောလိုက်သည် "အဲဒါဆိုရင် အညိုရောင်ပျားတွေလည်း ရှိမှာပဲ"

ထိုအချက်အား ပြောလိုက်ချိန်တွင် သူမမျက်လုံးများပင့်လာကာ ပြောလိုက်သည် "ဘာလို့ အဲဒီဝိဉာဉ်မိစ္ဆာတွေ ရှိတာလဲဆိုတာကို ကျွန်တော်သိပြီ"

"မင်းအကြောင်းအရင်းကို သိတယ်ဟုတ်လား" ရှီမာယူလန်သည် ရှီမာယူယူအား ကြည့်ကာ မေးလိုက်သည်။

"ဟုတ်တယ်၊ ကျွန်တော်မှန်းတာမမှားဘူးဆိုရင် တကယ်ကောင်းတဲ့တစ်ခုခုကို ကျွန်တော်တို့ရတော့မယ်" ရှီမာယူယူ ပြောလိုက်သည် "ဟိန်းသံထောင်ချီ၊ ရာပျောင်၊ ငှက်လေး သွားရအောင် အဲဒီနေရာကို ငါတို့ပြန်သွားကြမယ်"

ထိုသို့ပြောပြီးနောက် သူမသည် ဟိန်းသံထောင်ချီနှင့် ရာပျောင်အားခေါ်ကာ ငှက်လေးကျောပေါ်သို့ တွယ်တက်ကြသည်။

"ငါလည်း လိုက်မယ်" ရှီမာယူလင်းလည်း တွယ်တက်သည်။

"မင်းတကယ်ပဲ သွားချင်တာလား" သက်ကြီးဝါကြီးပုဂ္ဂိုလ် သူတို့နှစ်ယောက်အား ကြည့်လိုက်သည်။

ရှီမာယူယူ ခေါင်းညိမ့်ကာ ပြောလိုက်သည် "တကယ်သွားရဖြစ်မယ့် တစ်ခုရှိတယ်၊ ကျွန်တော်တို့နောက်ကျရင် မရှိတော့ပဲဖြစ်တော့မယ်၊ အဘိုးတို့အားလုံး ကျွန်တော်တို့ ပြန်လာတာကို ဒီမှာစောင့်လို့ရပါတယ်၊ ငှက်လေး သွားရအောင်"

"ငါလည်း သွားချင်တယ်" ရှီမာယူလန် အော်လိုက်သည်။

ရှီမာယူယူ လှည့်ကြည့်ကာ သူမအား ပြောလိုက်သည် "အဲဒီမှာ အန္တရာယ်များတယ်၊ မင်းရဲ့ ကိုယ်ရောင်ကို ဘယ်လိုဖျောက်ရမလဲ မင်းမသိဘူးလေ၊ ဒီမှာနေတာ ပိုကောင်းမယ်"

သူမ ပြောသည်နှင့်တစ်ပြိုင်နက် ငှက်လေးအား ပုတ်လိုက်သည်နှင့် သူအတောင်ပံဖြန့်ကာ ပျံတက်သွားတော့သည်။

"အစ်ကိုကြီး သူတို့နှစ်ယောက်ကို တကယ်ပဲ လွှတ်လိုက်တော့မှာလား" သက်ကြီးပုဂ္ဂိုလ် ၁၀ ကမေးလိုက်သည်။

သက်ကြီးဝါကြီးပုဂ္ဂိုလ်သည် တဖြည်းဖြည်းဝေးသွားသော သူတို့အရိပ်အားကြည့်ပြီး ပြောလိုက်သည် "သူတို့ သွားတောင်သွားလိုက်ပြီ"

သူဆိုလိုသည်မှာ သူတို့သည် ထွက်သွားပြီဖြစ်၍ သူသွားခွင့်မပြုတောင် တခြားနည်းလမ်းမရှိတော့ပေ။

"ဘိုးဘိုးကြီး အစ်ကိုကြီးနဲ့ တခြားသူတွေ အန္တရာယ်မများနိုင်ဘူးလား" ရှီမာယူလန်သည် သူတို့ထွက်သွားသော ဘက်သို့ စိုးရိမ်စွာ ကြည့်လိုက်သည်။

"ပြဿနာမဖြစ်လောက်ပါဘူး" သက်ကြီးဝါကြီးပုဂ္ဂိုလ် ပြောလိုက်သည် "သခင်လေးက အန္တရာယ်ကို နားလည်တယ်၊ ပြီးတော့ သူတွေဝေတော မရှိပဲ သွားခဲ့တာပဲ၊ ဒါက သူက ယူယူအပေါ်မှာ ယုံကြည်ချက်အပြည့်ရှိလို့ဖြစ်မယ်"

"အင်း အဲဒီသခင်လေးယူယူက ရောက်လာခါစ ကထပ် ပိုပြီးသတ္တိရှိလာတယ်" သက်ကြီးပုဂ္ဂိုလ် ၁၀ ကပြောလိုက်သည် "သူ့မှာ အံ့ဖွယ်အဆင့် စာချုပ်မိစ္ဆာသုံးကောင်ရှိတဲ့အပြင် ငါတို့ တွေမရနိုင်တဲ့အားဖြစ်တဲ့ အဖြူရောင် အလုံးတောင်ရှိတယ်၊ ဒီလိုအားနဲ့ဆိုရင် သခင်လေးယူလင်းတောင် ယှဉ်လို့မရဘူး"

ရှီမာယူလန်သည် ဟိန်းသံလေး၏ စွမ်းအားကို မြင်ပြီးဖြစ်၍ ထိုသို့ပြောသည်ကိုကြားလိုက်သောအခါ အနည်းငယ် စိတ်အေးသွားရသည်။ ကိစ္စများအဆင်မပြေပါက သူတို့ ငှက်လေးကို စီးပြီး ထွက်ပြေးနိုင်သည်။ အနည်းဆုံးတော့ သူတို့အသက် အန္တရာယ်မရှိတော့ဘူးလေ။

“မျိုးနွယ်ကတော့ အင်အားလျော့နေပြီ သူတို့အလှည့်ကျရင်တော့ အပြောင်းအလဲလုပ်နိုင်မှာပါ” သက်ကြီးဝါကြီးပုဂ္ဂိုလ်သည် ဖျော့တော့စွာပြောလေသည်။

သူတစ်ယောက်တည်းကြောင့် မျိုးနွယ်တွင် အပြောင်းအလဲဖြစ်ကောင်းလည်း ဖြစ်နိုင်သည်။

ရှီမာယူလင်းသည် ရှီမာယူယူဘေးတွင်ထိုင်ကာ သူမ မျက်လုံးများ တောက်ပနေသည်ကို မြင်သည်နှင့် မေးလိုက်သည် “ဘယ်လိုပစ္စည်းမို့လို့ မင်းအဲလောက်စိတ်လှုပ်ရှားနေရတာလဲ”

ရှီမာယူယူ တဟီးဟီးရယ်ရင်းပြောလိုက်သည် “အဲအဖိုးတန်ပစ္စည်းက ထုတ်လိုက်တာနဲ့ တိုင်းပြည်တစ်ခုလုံးကို တုန်လှုပ်သွားစေမယ့် ပစ္စည်းပဲ”

“ဘာပစ္စည်းလဲ”

“လရှုရှိုက်မြက်ပင်တွေ့ရင် တိမ်ပန်းနေဝင်အပင်ရှိမယ်၊ တိမ်ပန်းနေဝင်အပင်ရှိရင် အညိုရောင် ပျားရှိမယ်လို့ ငါပြောဖူးတယ်မလား” ရှီမာယူယူ ပြောလိုက်သည်။

“အင်း မင်းအရင်ကပြောတယ်လေ” ရှီမာယူလင်း ခေါင်းညိတ်မော့လိုက်သည်။

“ဒါက ယေဘုယျအသိပဲရှိသေးတယ်၊ ဒါပေမယ့် မသိနိုင်တာတွေရှိသေးတယ်၊ အဲဒါဘာလဲဆိုတော့ အညိုရောင် ပျားဘုရင်မက အနီရဲပျားဘုရင်မအဖြစ်ပြောင်းမယ်၊ အဲဒီကမှ စံတင်ပျားဘုရင်မဖြစ်မယ်၊ ပြီးတော့ ပျားဘုရင်မတိုင်းက သူ့ရဲ့အမိန့်ကို နာခံရတယ်” ရှီမာယူယူ စိတ်လှုပ်ရှားစွာ ပြောလေသည်။

“ဒါကြောင့်ပဲ ဝိဉာဉ်မိစ္ဆာတွေရဲ့ စိတ်ဝင်စားမှုကို ခံရတာလား” ရှီမာလင်း နားမလည်သေးပေ။

“အနီရဲပျားဘုရင်မကမွေးပေးတဲ့ အနီရဲပျားလေးတွေရဲ့ အထဲမှာ အတွင်းပိုင်း ဝိဉာဉ်ရှိကို မြင့်တက်စေတဲ့ ဆေးဖက်ဝင် အာနိသင်တစ်မျိုးပါတယ်၊ ပြီးတော့ အနီရဲပျားဘုရင်တွေကို စားရင် ဝိဉာဉ်မိစ္ဆာတွေ သူတို့အင်အားကိုပိုတိုးတက်စေတယ်” ရှီမာယူယူ ပြောလိုက်သည်။

“ဒါကြောင့် ဝိဉာဉ်မိစ္ဆာတွေ ဆွဲဆောင်ခြင်းခံရတာကိုး”

“အညိုရောင်ပျားက အနီရဲပျားဖြစ်သွားတာနဲ့ အနည်းဆုံးအဲ့ဖွယ်အဆင့်တက် ပိုအားကောင်းတယ်၊ နောက်ဆိုရင် သူတို့က အထွတ်အထိပ်မိစ္ဆာအဖြစ်တောင် ပြောင်းနိုင်တယ်၊ ဝိဉာဉ်မိစ္ဆာအများစုက မရောက်နိုင်ဘူးလေ”

“ဒါဆို ငါတို့အန္တရာယ်မများဘူးလား” ရှီမာယူလင်း မျက်မှောင်ကြုတ်သည်။

“သူပြောင်းလဲပြီးရင် အချိန်တိုတစ်ခုတော့ အားနည်းနိုင်တယ်၊ အဲအချိန်ကျရင် ငါတို့ စာချုပ်ချုပ်ရမယ်၊ အဲလိုမဟုတ်ရင် ငါတို့အစီအစဉ်ကျရှုံးနိုင်တယ်” ရှီမာယူယူ စိတ်မပူပေ။

"ငါတို့ စာချုပ်ချုပ်ရမယ်ဆိုရင်တောင် ငါတို့ မိစ္ဆာထိန်းကျောင်းသူ သခင်ရှိဖို့လိုတယ်၊ အခု ငါတို့နဲ့ ပါမလာဘူးလေ" ရှီမာယူလင်းသည် မပျော်ရွှင်နိုင်တော့ပေ။

ရှီမာယူယူသည် ဘာမှမပြောပဲ ပြုံးနေရာ ရှီမာယူလင်း အလွန်အမင်းအံ့သြသွားစေသည်။

"မင်းက မိစ္ဆာထိန်းကျောင်းသူသခင်လား" သူသည် သူမအား အံ့သြစွာကြည့်လိုက်သည် "အဲဒါကြောင့် မင်းမှာ အံ့ဖွယ်မိစ္ဆာသုံးကောင်ရှိတာကိုး၊ မင်းသာ မိစ္ဆာထိန်းကျောင်းသူသခင်မဟုတ်ရင် ဘယ်လိုလုပ် အဲလောက် အရည်အချင်းရှိမှာလဲ"

သူ ရှီမာယူယူနှင့် အချိန်များကုန်ဆုံးလေ အံ့သြရလေဖြစ်သည်။ သူ အနည်းငယ်စိတ်အေးသွားကာ သူမ နှင့် တွဲသွားတွဲလာလုပ်ရသည်ကို စိတ်အေးရသည်။

သူတို့သည် ပြီးခဲ့သည့်တစ်ခေါက်က ချောက်ကြီးကိုလာခဲ့ရာ
ထိုဝိညာဉ်မိစ္ဆာများသည် ချောက်အတွင်းတွင် စောင့်နေဆဲဖြစ်သည်။

ချောက်ထဲရှိ ကြီးမားသောသစ်ပင်ပေါ်တွင် ပျားအုံသည် အနီရောင်အလင်းတန်းများ ထုတ်လွှတ်နေလေသည်။ အလင်းတန်းများသည် ပိုတောက်ပလာကာ ကောင်းကင်ကိုဖြတ်ပြီး ကောင်းကင်ဘုံသို့ ထိုးထွက်နေသည်။

**အခန်း(၃)**

**အပိုင်း(၂၄၁)- အနီရဲပျားဘုရင်မ**

ရှီမာယူယူသည် အဖြူရောင်အလင်းတန်းအားမြင်ပြီး ပြောလိုက်သည် "ငါတို့အခုမှရောက်တာ သူမ ပြောင်းလဲခြင်းဖြစ်စဉ် စနေပြီ"

ရှီမာယူလင်း ပတ်ဝန်းကျင်အား အကဲခတ်ကာ ပြောလိုက်သည် "ဝိညာဉ်မိစ္ဆာတွေအရမ်းများတယ်၊ အနားကပ်ဖို့ မလွယ်ဘူး၊ ပြီးတော့ အဲဒီ အနီရဲပျားက ပျားအုံထဲမှာ သူမကို ကာကွယ်ပေးနေတဲ့ပျားတွေ အများကြီးပဲနေမှာ"

"အနီရဲပျားဘုရင်မ အဖြစ်ပြောင်းတာနဲ့သူမက ပျားအုံကနေထွက်ပြီး ကမ္ဘာမြေက ဖြစ်ကဲဖြစ်စဉ် အရည်တိုင်းကို စုပ်ယူပြီး သူ့ကိုယ်သူ အဆင့်တက်ဖို့ အပြင်ထွက်ရလိမ့်မယ်၊ ငါတို့ အဲအခွင့်အရေးကို စောင့်ရုံပဲ"

ရှီမာယူယူသည် ကြီးမားသော ပျားအုံအား တည့်တည့်ကြည့်ပြီး အနီရောင်အလင်းတန်းများ အရောင်ဖျော့သွားသည် ကို စောင့်နေခဲ့သည်။ သူမ ငှက်လေးအား တွယ်ဆင်းပြီး ပြောလိုက်သည် "ဟိန်းသံထောင်ချီ၊ ရာပျော့ကောင်၊ အဲဒီ ဝိညာဉ်မိစ္ဆာတွေကို ထိန်းထားဖို့ ငှါ့ကိုကူညီပေး၊ ခဏဆိုပြီးမှာပါ"

ထိုဝိညာဉ်မိစ္ဆာများသည် စတင်လှုပ်ရှားကာ ပျားအုံဆီသို့ အလောတကြီးသွားကြလေသည်။

မရေမတွက်နိုင်သော ပျားများသည် တဟုန်ထိုးထွက်လာကာ ထိုသူတော်စင်မိစ္ဆာများကို တိုက်ခိုက်ကြလေ သည်။ သူတို့သည် စွမ်းအားမကြီးမားသော်လည်း သူတို့ ဘုရင်မအားကာကွယ်ရန် သူတို့အသက်အား စတေးကြသည်။

ပျားတစ်အုပ်စုသေသွားသည်နှင့် နောက်ထပ်ပျားအုပ်စု တစ်စုပြီးတစ်စု ထပ်ထွက်လာသည်။

ရှီမာယူယူ ချောက်ထဲရှိ သွေးများသုံးကာ ကိုယ်ရောင်ကိုယ်ဝါအား ဖျောက်ပြီး ပျားအုံဆီသို့ တွားသွားလိုက်သည်။

စိုထိုင်း၍ အနီရောင်ပျားများသည် အော်ကာ ပျားများဝန်းရံနေသော ပျားအုံတွင် နေရာယူလိုက်ကြသည်။

"သူမ ထွက်လာပြီ" သူမ စိတ်လှုပ်ရှားသော်လည်း ထိုထူထပ်သော ပျားအုံမှာ သူမအတွက် ခေါင်းကိုက်စရာ ဖြစ်သည်။

ပျားများစွာ ဘယ်လောက်ပင် သေပါစေ ထိုပျားဘုရင်မသည် မလှုပ်ရှားပေ။

"ဘုန်း"

ဝိဉာဉ်စွမ်းအင် ပေါက်ကွဲထွက်ကာ ဖြည်းညင်းစွာလည်းမဟုတ်၊ ပြင်းထန်စွာလည်းမဟုတ်
ပျားအုံသည် မြေပေါ်သို့ ယိမ်းထိုးစွာ ကျသွားလေသည်။

"ရှီ ရှီ ရှီ..."

ထိုပျားများသည် စိတ်တိုစရာကောင်းလောက်အောင် ပျားဘုရင်မအား ကာကွယ်ရန် အနည်းငယ်ချန်ထားပြီး တစ်ချို့သည် အပြစ်လုပ်သူဆီသို့ ပျံသွားကြလေသည်။

ရှီမာယူယူသည် ရှီမာယူလင်းအား ကျေးဇူးတင်စွာကြည့်ပြီး သူမ ဝိဉာဉ်ရှီအား လက်ဖဝါးဖြင့် ဖုံးလိုက်သည်။ ထို့နောက် သူမသည် လက်ဆန့်ထုတ်ကာ ပျားဘုရင်မအား လက်ဖြင့် ဖမ်းလိုက်လေသည်။

သာမာန်ပျားသည် လက်ဆစ်တစ်ဆစ်ချိုးစာသာရှိသော်လည်း ထိုနေရာရှိပျားများသည် လက်ချောင်းတစ်ချောင်းစာ ရှိသည်။ ထို့အပြင် နီရဲပျားဘုရင်မသည် တစ်ပေစာလောက်ရှိသည်။

ပျားဘုရင်မသည် စိုထိုင်းနေဆဲဖြစ်ကာ သူမအား ဖမ်းရန် သူမ လက်နှစ်ဖက်အား အသုံးပြုလိုက်သည်။

"ရှီ ရှီ ရှီ"

အညိုရောင်ပျားများသည် သူတို့ဘုရင်မ အဖမ်းခံရသည်ကိုတွေ့ပြီးနောက် ရှီမာယူယူဆီသို့ တဟုန်ထိုး ပြေးလာလေသည်။

"ဘုတ် ဘုတ် ဘုတ်"

ထိုအရေးကြီးလှသော အချိန်တွင် ဟိန်းသံထောင်ချီသည် အလောတကြီးပြေးလာကာ ရှီမာယူယူ ဘေးရပ်ပြီး သူ့အမြီး ခုနစ်ချောင်းအား အသုံးပြု ကာ ထိုအညိုရောင်ပျားများကို ရိုက်ချလေသည်။

"ကျေးဇူးပဲ ဟိန်းသံထောင်ချီရေ" ရှီမာယူယူသည် ပြောပြီးသည်နှင့် မျက်စိမှိတ်ကာ ထိုနီရဲပျားဘုရင်မနှင့် စတင် စာချုပ်ချုပ်တော့သည်။

နီရဲပျားဘုရင်မသည် အနည်းငယ်အားနည်းသော်လည်း ပတ်ဝန်းကျင်အား သတိပြုမိတုန်းဖြစ်သည်။ သူမ၏ စိတ်စွမ်းအားသည် အင်အားကောင်းကာ ရှီမာယူယူ၏ စာချုပ်အား ငြင်းဆန်ချင်နေသည်။

သို့သော် သူမ ဘယ်လိုပင် ခက်ခက်ခဲခဲခုခံပါစေ အင်ပါယာမိစ္ဆာ ထိန်းကျောင်းခြင်းကျမ်း၏ စွမ်းအားကို သူမ မတွန်းလှန်နိုင်ပေ။ ရှီမာယူယူ၏ ကြောက်မက်ဖွယ် စိတ်စွမ်းအားနှင့် ထပ်ပေါင်းလိုက်သောအခါ စာချုပ်ချုပ်ခြင်း ပြီးဆုံးသွားလေသည်။

"မင်း မင်းရဲ့ သတိကိုထိန်းနိုင်သားပဲ..." ရှီမာယူယူသည် နီရဲပျားဘုရင်မ၏ သန်မာသော စိတ်စွမ်းအားကို ခံစားမိပြီး သူမဘာသာပြောလိုက်သည် "ငါသာ အခုသူမကို စာချုပ်မချုပ်နိုင်ပဲ သူမ စွမ်းအားပြန်ရတာကို စောင့်လိုက်ရင်၊ သူမက ငါ့စာချုပ်ကိုငြင်းဆန်မှာပဲ၊ ဒီလိုဖြစ်လာမှတော့ ငါမင်းနဲ့ အခုစာချုပ်ချုပ်မယ်"

ရှီမာယူလင်းသည်လက်ရှိတွင် ပျားများနှင့် တိုက်ခိုက်နေရာ လိုင်းတစ်ခုချင်းစီသည် သူ့အား စီးနင်းပြီး နာကျင်မှုကို ခံစားရချိန်တွင် ချောက်ထဲတွင် ရုတ်တရက် စာချုပ်အလင်းတန်းပေါ်ထွက်လာသည်။ ရှီမာယူယူနှင့် နီရဲပျားဘုရင်မတို့ ပြောင်းလဲသွားကာ အလင်းတန်းသည် နစ်ခုခွဲကာ မိစ္ဆာနှင့် လူသားတို့၏ မျက်ခုံးကြားသို့ ဝင်သွားလေသည်။

စာချုပ်ချုပ်ခြင်းအောင်မြင်သွားသည်။

ထို့နောက်တွင် အဆင့်တက်သော အလင်းတန်းနစ်ခု လက်လာသည်။ ရှီမာယူယူသည် အဆင့်ငါးဝိဉာဉ် နယ်ရှင်ဖြစ်သွားကာ သူမသည် အဆင့်နစ်ဆင့်တက်သွားသည်။

နီရဲပျားဘုရင်မသည် အဆင့်လေးအံ့ဖွယ်အဆင့်မှ အဆင့်ငါး အံ့ဖွယ်အဆင့်တက်သွားသဖြင့် ရှီမာယူယူ အံ့သြရသည်။

"သူမက အဆင့်လေး အံ့ဖွယ်မိစ္ဆာပဲ... ငါသာ အခုသူမကို စာချုပ်မချုပ်ရင် သူမ ကိုဘယ်သူမှ ထိန်းချုပ်လို့ ရတော့မှာ မဟုတ်ဘူး" ရှီမာယူယူသည် ပါးစပ်အဟောင်းသားဖြင့်ကြည့်ကာ တံတွေးမျိုချလိုက်သည်။

လူသားနှင့် မိစ္ဆာတို့ အဆင့်တက်သည်ကို ရှီမာယူလင်းကြည့်နေခဲ့သည်။ သူမ အောင်မြင်စွာ စာချုပ်ချုပ်နိုင်လိမ့်မည်ဟု သူမထင်ထားခဲ့ပေ။ ဒီလို ပါရမီရှင်မျိုးက ဘယ်ကနေခုန်ထွက်လာခဲ့တာလဲ၊ သူက တကယ်ပဲ သူတော်စင်မိစ္ဆာအများကြီးနဲ့ စာချုပ်ချုပ်နိုင်တာပဲ။

နီရဲပျားဘုရင်မသည် အားနည်းနေသေးသဖြင့် ရှီမာယူယူ သူမအား ဝိဉာဉ်စေတီထဲထည့်ထားလိုက်လေသည်။ သူမသည် ငှက်လေးအားခေါ်ကာ တွယ်တက်လိုက်ပြီး ရှီမာယူလင်းအား တင်ခေါ်လိုက်သည်။ ထို့နောက်တွင် သူမ စာချုပ်အားအသုံးပြုကာ ရာပျော့ဂန်နှင့် ဟိန်းသံထောင်ချီအား တပ်ပြန်ဆုပ်ပြီး သူမ စာချုပ်နေရာတွင် ထားလိုက်သည်။ ထို့နောက်တွင် သူမသည် ငှက်လေးပေါ်တွင်ထိုင်ပြီး ပျံသန်းသွားလေတော့သည်။

ထိုအညိုရောင်ပျားများသည် သူတို့ဘုရင်မ ခေါ်သွားခြင်းခံရသည်ကို မြင်ပြီးနောက် ထိုဝိဉာဉ်မိစ္ဆာများကို လက်လျော့ကာ သူတို့နောက်သို့ လိုက်ကြလေသည်။

ရှီမာယူယူသည် စခန်းသို့တိုက်ရိုက်မပြန်ပဲ တောင်ထိပ်တွင် နေလေသည်။ သူမ ဆေးဖက်ဝင်ပစ္စည်း အနည်းငယ် ထုတ်ကာ ကျောက်တုံးပေါ်တွင်တင်ပြီးနောက် နီရဲပျားဘုရင်မကို ထုတ်ကာ သူမအား ထိုဆေးဖက်ဝင် ပစ္စည်းများအပေါ်တွင် တင်လိုက်လေသည်။

နီရဲပျားဘုရင်မသည် ရှီမာယူယူအား အားပျော့စွာကြည့်ပြီး ဆေးဖက်ဝင်ဆေးများကို စုပ်ယူပြီးနောက် ကောင်းကင်နှင့် မြေကြီးမှ ဝိဉာဉ်ရှိမျိုးများကို စုပ်ယူလေသည်။

ရှီမာယူယူ ထိုအရာကိုမြင်သောအခါ သူမ ဇလုံထုတ်ပြီး လိပ်ပြာအရည်နည်းနည်းကို ထည့်လိုက်သည်။ သူမသည် နီရဲပျားဘုရင်မကို အထဲသို့ ထည့်ပြီး ဆေးစတင်ဖော်တော့သည်။ သူမ ဆေးဖက်ဝင်ပစ္စည်းများမှ အဆီအနှစ်များကို ညှစ်ယူပြီး ဇလုံထဲသို့ ထည့်လိုက်သည်။

ရှီမာယူယူ ထိုဆေးဖက်ဝင်ပစ္စည်းများကို ထုတ်ယူသည်ကို ရှီမာယူလင်း ကြည့်ရင်း သူမ အရည်အချင်းအား အံ့သြသွားရသည်။ ထို့နောက်တွင် သူသည် သူမ နီရဲပျားဘုရင်မကို လိပ်ပြာအရည်ထဲထည့်သည်ကို ကြည့်ရင်း ထိုပစ္စည်းအသည် အလွန်စျေးကြီးသည့်ပစ္စည်းဖြစ်မည်ဟု ခန့်မှန်းကြည့်နေသည်။ သူသည် သူမ ဆေးဖော်နေသည်ကို ဆက်ပြီးအာရုံစိုက်ရာ သူမသည် အဆင့်မနိမ့်သော အဂ္ဂိရတ်ပညာရှင်ဖြစ်ရမည်ဟု ခန့်မှန်းကြည့်နေသည်။

"အဂ္ဂိရတ်ပညာရှင်၊ မိစ္ဆာထိန်းကျောင်းမှုသခင်...ရွှန်းယွမ်ဆိုင်ရဲ့ အပြာကတ်ရတာမဆန်းတော့ပါဘူး" ရှီမာယူလင်း ရေရွတ်လိုက်သည်။ ထိုလူငယ်သည် သူမျှော်မှန်းထားသည်ထက် ပို၍အင်အားကြီးမားသည်ကို သူစိတ်ထဲမှ အသိအမှတ်ပြုမိသည်။

ထိုကဲ့သို့ အရည်အချင်းရှိသော လူတစ်ယောက်ကို မျိုးနွယ်မှ လူရွေးမမှားတာ ကံကောင်းသည်။ သို့မဟုတ်လျှင် ထိုလူသည် သေလောက်အောင် နောင်တရမည်ဖြစ်သည်။

သူ တင်ပျင်ခွေထိုင်ကာ အထဲတွင် ကျေနပ်စွာ တဖျပ်ဖျပ်ခတ်နေသော နီရဲပျားဘုရင်မအား ကြည့်ပြီး မေးလိုက်သည် "အဲဒါဘာလုပ်တာလဲ"

"အခုချိန်မှာ သူမက ကလေးတစ်ယောက်လိုပဲ၊ အခု သူမက အများကြီးစုပ်ယူနိုင်လေ နောက်ကို သူမအတွက် ကောင်းလေပဲ" ရှီမာယူယူ ရှင်းပြသည် "ဒီဆေးဖက်ဝင်ပစ္စည်းတွေက သူမအတွက် ကောင်းတာတွေချည်းပဲ"

"ဖျို ဖျို ဖျို" အစောင့်အနေနှင့် လိုက်ပါလာသော ပျားများသည် ကြည့်နေကြသည်။

ရှီမာယူယူသည် သူတို့အားကြည့်ပြီး ပြောလိုက်သည် "အခု ငါ မင်းတို့ဘုရင်မနဲ့ စာချုပ်ချုပ်ပြီးသွားပြီ၊ မင်းတို့နေချင်ရင် သူမနဲ့နေလို့ရတယ်၊ မနေချင်ရင်လည်း ထွက်သွားလို့ရတယ်"

ထိုပျားများသည် ဒေါသထွက်နေသည်ကို ရှီမာယူလင်းမြင်ရသည်။ သို့သော် ဒီအခြေအနေဖြစ်လာမှတော့ ပြောင်းလဲရုံအပြင်မရှိတော့ပေ။ သူတို့သည် ရှီမာယူယူဘေးတွင် နေရန် ရွေးချယ်လိုက်ကြသည်။

"မင်းဒီလောက် ပျားအများကြီးကို ထိန်းသွားမလို့လား" ရှီမာယူလင်းသည် များစွာသောအညိုရောင်ပျားများကို ကြည့်ကာ မေးလိုက်သည်။

"သူတို့အတွက် သင့်တော်မယ့်နေရာကို ရှာလိုက်ဦးမယ်" ရှီမာယူယူ ပြောလိုက်သည် "ဒါပေမယ့် နီရဲပျားဘုရင်မ အရင်ကောင်းအောင် လုပ်ရဦးမယ်"

နီရဲပျားဘုရင်မသည် နေရောင်အားကြိုဆိုပြီး ထိုမှအဆီအနှစ်ကို စုပ်ယူလေသည်။ သူမ စွမ်းအားများ နည်းနည်းစီ ကြီးထွားလာသည်ကို ရှီမာယူယူ ခံစားမိသည်။ အထူးသဖြင့် သူမ စိတ်စွမ်းအားသည် ၁၈၀ ဒီဂရီပြောင်းလဲသွားသည်။ အခြေအနေကောင်းသည်နှင့် သူမသည် ကြောက်စရာကောင်းလောက်အောင် ကြီးထွားလာခဲ့သည်။

တစ်နာရီခွဲကြာပြီးနောက် နီရဲပျားဘုရင်မသည် လိပ်ပြာရည်များကို စုပ်ယူပြီးသွားသည်။ သူမ တောင်ပံခတ်ကာ ဇလုံမှ ပျံထွက်လာသည်။

"ကောင်းပြီ ပြီးသွားပြီ" ရှီမာယူယူသည် ဇလုံးအားသိမ်းပြီး ပြောလိုက်သည် "နီရဲပျားဘုရင်မ အရင်ဆုံး မင်းရဲ့ ပျားတွေကို ခေါ်ပြီး တစ်နေရာမှာ နေရာချပေးလိုက်"

သူမသည် ပျားအားလုံးကို ဝိဥာဉ်စေတီထဲထည့်လိုက်သည်။ ထိုနေရာမှ ပတ်ဝန်းကျင်သည် သူတို့အတွက်တော့ လုံလောက်အောင် ဆွဲဆောင်နိုင်သည်။

သူမ လျှို့ဝှက်ချက်ကို ရှီမာယူလင်း သိသွားမည်ကို သူမ မစိုးရိမ်ပေ။ အခုတော့ သူမ ကိုယ်ပိုင်ပစ္စည်းများကို ကာကွယ်ရန် သူမတွင် လုံလောက်သည့် အင်အားရှိနေပြီဖြစ်သည်။

ထိုအရာများသည် သူမ၏ ဝှက်ဖဲဖြစ်ရုံသာမကပေ။ တစ်စုံတစ်ယောက်မှ သူမအား ထိခိုက်အောင် လုပ်လျှင် ထိုလူအား သူမ သေချာပေါက်သတ်မည်ဖြစ်သည်။

ရှီမာယူလင်းသည် ဉာဏ်ပြေးသောသူဖြစ်သောကြောင့် ထိုကဲ့သို့ ကိစ္စမျိုးကို လုပ်မည်မဟုတ်ကြောင်းကို သူမ ယုံကြည်သည်။

**အခန်း(၄)**

**အပိုင်း(၂၄၂)-ကျွန်းငယ်ပေါ်မှ အံ့သြမှု**

ပျားအုပ်တစ်ခုလုံး ပျောက်သွားသည်ကို မြင်လိုက်သောအခါ ရှီမာယူလင်း၏ မျက်နှာသည် အလွန်အမင်း အံ့သြသွားလေသည်။ သို့သော် သူ ဘာမှမမေးပဲ ပေါ့ပေါ့ပါးပါး မေးရုံမျှသာမေးလေသည် "ငါတို့ အခုပြန်လို့ ရပြီလား"

"မရသေးဘူး" ရှီမာယူယူ ပြောလိုက်သည် "ငါတို့ စောင့်ရမယ်၊ ပြီးမှ ငါတို့ လရှူရှိုက်ပင်နဲ့ တိမ်ပန်းနေဝင်အပင်ကို ရှာရဦးမယ်၊ အဲအပင်တွေကို အဲဒီဝိဉာဉ်မိစ္ဆာတွေ စားမသွားပါစေနဲ့လို့ မျှော်လင့်ပါတယ်"

"ဒါဆို ငါတို့နည်းနည်းထပ်စောင့်ကြတာပေါ့ အဲဒီဝိဉာဉ်မိစ္ဆာတွေ သွားတော့မှ သွားကြတာပေါ့" ရှီမာယူလင်း ပြောလိုက်သည်။

"အင်း"

သူတို့သည် တောင်ထိပ်တွင် အချိန်ကြာအောင်စောင့်ပြီးနောက် ငှက်လေးအားစီးကာ ချောက်ဆီသို့ ဦးတည်သွားလေသည်။

ချောက်အတွင်းမှာ ကမောက်ကမဖြစ်နေခဲ့သည်။ ရှည်လျားသော မြက်ပင်များသည် ပြားနေကာ သစ်ပင်များသည် အလယ်မှ ထက်ပိုင်းကျိုးနေခဲ့သည်။ တိုက်ပွဲ၏ ရလဒ်ပင်ဖြစ်သည်။

ရှီမာယူယူသည် ချောက်အား အတော်ကြာအောင် ကြည့်ပြီးမှ နောက်ဆုံးတွင် လရှူရှိုက်မြက်ပင်ရိုးတံကို တွေ့လေသည်။ ထို့နောက်တွင် သူမသည် တိမ်ပန်းနေဝင်ပင်ကိုတွေ့သော်လည်း ထိုပန်းသည် ဝိဉာဉ်မိစ္ဆာများကြောင့် ညှိုးသွားပြီဖြစ်သည်။

"နမြောဖို့ကောင်းလိုက်တာ" သူမသည် တစ်ဝက်ကျိုးနေသော လရှူရှိုက်မြက်ပင်ကို ကိုင်ပြီး ကြေကွဲနေသည်။

"ငါတို့ ဒီထက်ကျယ်တဲ့နေရာမှာ သွားရှာမယ် ထပ်ပြီးရှာတွေ့ဖို့ ဆုတောင်းပါတယ်" ရှီမာယူလင်း ပြောလိုက်သည်။

"မင်းလိုတဲ့ ဆေးဖက်ဝင်ပစ္စည်းတွေ ဘယ်မှာရှိလဲ ငါသိတယ်" နီရဲပျားဘုရင်မသည် ရုတ်တရပ်ပြောလိုက်သည်။

"မင်းသိလား၊ ဘယ်မှာလဲ" ရှီမာယူယူ ပြောလိုက်သည်။

"ငါတို့တပ်ဖွဲ့က ပျားရည်တွေစုဆောင်းရတော့မှာ အဲတော့ ဘယ်ကိုသွားရှာရမလဲဆိုတာကို သေချာပေါက်သိတယ်" နီရဲပျားဘုရင်မပြောလိုက်သည် "ငါ မင်းတို့ကို အဲဒီကိုခေါ်သွားမယ်"

ရှီမာယူယူ အညိုရောင်ပျားအား ခေါ်ထုတ်ကာ သူမအာ ကြည့်ပြီးပြောလိုက်သည် "မင်းကို အဲဒီကိုခေါ်သွားမယ်"

ရှီမာယူယူ သူတို့အတွက် ထားပေးသော နေရာအား သူတို့အားလုံး ကြိုက်ကြသည်။ အခုတော့ သူမအား အားလုံး နှစ်သက်သွားကြသည်။

ရှီမာယူယူသည် နီရဲပျားဘုရင်မနှင့် စာချုပ်ချုပ်လိုက်သည့်အတွက် သူမသည် ပျားများ၏ စကားကို နားလည်ပြီးသားဖြစ်သည်။

"သွားရအောင် သူက ငါတို့ကို လရှူရှိုက်မြက်ပင်နဲ့ တိမ်ပန်းနေဝင်ဆီခေါ်သွားပေးလိမ့်မယ်" သူမသည် ရှီမာယူလင်းအားခေါ်ကာ အညိုရောင်ပျားနောက်လိုက်ပြီး ချောက်အပြင်သို့ထွက်ခဲ့ကြသည်။

အညိုရောင်ပျားသည် သူတို့အား ရှာတွေ့ရန်ခက်ခဲသော အနီးအနားနေရာသို့ ခေါ်သွားလေသည်။ သူတို့သည် ကွေ့ပတ်ပြီးနောက်ဆုံးတွင် နောက်ထပ်ချောက်ဆီသို့ ဝင်သွားလေသည်။

"မင်းတို့လိုချင်တဲ့ ပန်းတွေအများကြီးပဲ" အညိုရောင်ပျားပြောလိုက်သည်။

ချောက်ကမ်းပါးပေါ်တွင် တွဲလောင်းကျနေသော တိမ်ပန်းနေဝင်နှင့် လရှူရှိုက်မြက်ပင်တို့ကို ရှီမာယူယူကြည့်ပြီး အညိုရောင်ပျားကား ပုတ်ကာ ပြောလိုက်သည် "ကျေးဇူးပဲ"

"အပြစ်အနာအဆာမရှိတဲ့ လရှုရှိုက်မြက်ပင်တွေပဲ၊ ငါတို့တွေ့ခဲ့တာတွေထက် ပိုပြီးလည်း ရင့်တယ်" ရှီမာယူလင်း ပြောလိုက်သည်။

"ဒီနေရာက ရာရလည်းခက်တယ်၊ ပြီးတော့ ထူးထူးခြားခြား တန်ဖိုးကြီးပစ္စည်းလည်းမရှိတော့ အဲဒီဝိဥာဉ်မိစ္ဆာတွေ ရောက်မလာနိုင်ဘူး" အညိုရောင်ပျား ပြောလိုက်သည် "ပြီးတော့ ဒီကျွန်းပေါ်မှ ပျံသန်းခွင့်မရှိတော့ ဒီကိုလာတဲ့ ဝိဥာဉ်မိစ္ဆာတွေ နည်းတယ်၊ ငါတို့လို ပျားတွေပဲ ပျားရည်စုဖို့ ဒီကိုလာကြတာ"

"သူတို့ ကျွန်းတချို့နေရာတွေမှာ ပျံကြတာ ငါမြင်ပါတယ်၊ ဘာလို့ ဒီမှာ ပျံလို့မရတာလဲ" ရှီမာယူယူ မေးလိုက်သည်။

"မသိဘူး၊ ဒီမှာ ကြောက်ဖို့ကောင်းတဲ့သက်ရှိတွေ ရှိတယ်လို့ ဘုရင်မကတော့ ပြောဖူးတယ်၊ အဲဒါကြောင့် ကောင်းကင်မှာ ပျံလို့မရတာနေမှာပေါ့" အညိုရောင်ပျားသည် တောင်ပံခတ်ရင်း ပြန်ဖြေလေသည်။

"ကြောက်စရာကောင်းတဲ့ သက်ရှိဟုတ်လား၊ အနီရဲပျားဘုရင်မက ဘာလဲဆိုတာ ပြောလား" ရှီမာယူယူသည် အညိုရောင်ပျားပြောသည့်အရာကို ရှီမာယူလင်းအား မေးရန် ကြည့်လိုက်သည်။ သူပြန်ကြည့်သည့်ပုံအရ သူသည်လည်း ထိုအကြောင်းကို သိသည့်ပုံမပေါ်ပေ။

"မပြောဘူး၊ ဘုရင်မက ငါတို့ကို တွေ့ကရာမပျံနဲ့လို့ ပြောထားတာ၊ ငါတို့ ပျားရည်ကိုပဲ မြန်မြန်စုရမယ်လို့ ပြောတာ" အညိုရောင်ပျားပြောလိုက်သည်။

"အင်းပါ ငါနားလည်ပါပြီ" ရှီမာယူယူသည် အညိုရောင်ပျားအား သိမ်းကာ ပြောလိုက်သည် "အပင်တွေ ခူးရအောင်"

သူမသည် ကျောက်စိမ်းသေတ္တာအား ရှီမာယူလင်းအား ပေးကာ ပြောလိုက်သည် "လရှုရှိုက်မြက်ပင်ကို ငှါ့ကို အပ်ထားပြီး မင်း တိမ်ပန်းနေဝင်ပန်းကို ယူပြီး သေတ္တာထဲထည့်ပေး"

ရှီမာယူလင်း ခေါင်းညိမ့်ကာ သေတ္တာယူပြီး ချောက်ကမ်းပါးပေါ်သို့ ဦးတည်သွားလေသည်။

ရှီမာယူယူ ထိုင်ချကာ သံလက်ထုတ်ကာ လရှုရှိုက်မြက်ပင်ကို တူးတော့သည်။

ထိုအပင်များသည် ရင့်လှသည်ဖြစ်၍ သူမ ပျော်ရွှင်နေသည်။

"ဝိဥာဉ်စေတီထဲမှာ ပင်လယ်ဆေးဖက်ဝင်အပင်တွေမရှိသေးဘူး၊ ငါဒါတွေကို စိုက်ထားရမယ်၊ မဟုတ်ရင် ငါလိုတဲ့အချိန်ကို မသုံးရပဲဖြစ်နေမယ်"

ရှီမာယူလင်းသည် သေတ္တာအားယူပြီး လျင်မြန်စွာပင်ပြန်လာကာ ရှီမာယူယူ လရှုရှိုက်ပင်တူးနေသည်ကို ကူညီပေးလိုက်သည်။

သူတို့နှစ်ယောက်သည် နေရာတစ်ခုလုံးရှိ အပင်များကို အောင်မြင်စွာယူပြီးနောက် ငှက်လေးအားစီးပြီး အလျင်စလိုပင် ပြန်လာလိုက်သည်။ ဝေဒ နာမေ့ပျောက်ခြင်းကျွန်း အောက်ခြေမှ ကြောက်မက်ဖွယ် ကိုယ်ရောင်ကိုယ်ဝါထွက်လာသည်ကို ရုတ်တရက်ခံစားလိုက်ရသည်။ အားလုံးသော ပျံသန်းနိုင်သော

သတ္တဝါများသည် ရုတ်တရက် ကျွန်းမှထွက်ခွာသွားကြသည်။ ထိုငှက်များသည် အားလုံး လေထဲတွင် ပျံဝဲကြသည်။

ရှီမာယူယူနှင့် ရှီမာယူလင်တို့သည် အကြည့်ချင်းမလှယ်ကာ ငှက်လေးအား မြန်မြန်ပင် ပျံသန်းစေလိုက်သည်။ သူတို့သည် စခန်းသို့ လျင်မြန်စွာပင် ပြန်လာလိုက်သည်။

"သခင်လေး ပြန်လာပြီလား" သက်ကြီးဝါကြီးပုဂ္ဂိုလ်သည် သူတို့ပြန်လာသည်ကို မြင်သောအခါ သက်ပြင်းချမိသည်။

"ဘာတွေဖြစ်နေတာလဲ အဲဒီဝိဉာဉ်မိစ္ဆာတွေက ဘာလို့အဲလောက် တုန်လှုပ်နေကြတာလဲ" တစ်စုံတစ်ယောက်က မေးလိုက်သည်။

"ကျွန်တော်တို့ အရမ်းအန္တရာယ်များတဲ့ ကိုယ်ရောင်ကိုယ်ဝါကိုခံစားမိတယ်၊ ဒီကနေ အမြန်ထွက်မှဖြစ်မယ်၊ ကျွန်တော်တို့ မသွားရင် အန္တရာယ်တစ်ခုခုဖြစ်လိမ့်မယ်လို့ ခံစားနေရတယ်" ရှီမာယူယူ ပြောလိုက်သည်။

"ဒါပေမယ့် လရှုရှိုက်မြက်ပင်နဲ့ တိမ်းပန်းနေဝင်နဲ့က...."

"ကျွန်တော်တို့ ယူလာခဲ့ပြီ၊ အခုအချိန်မရှိဘူး၊ ကျွန်တော်တို့အားလုံး ငှက်လေးပေါ် တက်ပြီး ထွက်သွားမှဖြစ်မယ်" ရှီမာယူယူပြောလိုက်သည်။

သက်ကြီးဝါကြီးပုဂ္ဂိုလ်သည် ရှီမာယူလင်းအား ကြည့်ရာ သူခေါင်းညိမ့်ပြသည်ကို မြင်လိုက်သည်။ သူပြောလိုက်သည် "အားလုံး အံ့ဖွယ်မိစ္ဆာရဲ့ကျောပေါ် တက်ကြ၊ ငါတို့ချက်ချင်း သဘော်ဆီသွားကြမယ်"

အစောင့်များသည်လည်း ကြောက်မက်ဖွယ်ကိုယ်ရောင်ကိုယ်ဝါကို ခံစားမိကာ ငှက်လေး၏ ကျောပေါ်သို့တက်ကြလေသည်။ ငှက်လေးသည် တောင်ပံဖြန့်ကာ သူတို့အား သဘော်ကျောက်ချရာ နေရာသို့ ခေါ်ဆောင်သွားလေသည်။

များစွာသော ပျံသန်းနိုင်သော ဝိဉာဉ်မိစ္ဆာများသည်လည်း အန္တရာယ်အားခံစားမိကာ အတောင်ပံဖြန့်ကာ ထွက်ပြေးကြလေသည်။ သို့သော် သူတို့သည် မမြန်ဆန်သောကြောင့် ငှက်လေးက ကျော်တက်သွားလေသည်။

ပင်လယ်ဘက်သို့ပျံသန်းသွားရာ သူတို့သည် ပင်လယ်အော်တွင် ရပ်တန့်နေသော သဘော်အားမြင်လိုက်ရသည်။

"မလှုပ်ကြနဲ့" ပျံသန်းနိုင်သောသတ္တဝါများသည် အရှေ့တွင် အေးခဲနေသည်ကို မြင်သောအခါ ရှီမာယူယူ ပြောလိုက်သည်။

"သခင် အရှေ့ကဟာတွေက အေးခဲနေပြီ ကျွန်တော်ထွက်လို့မရဘူး" ငှက်လေးပြောလိုက်သည်။

ရှီမာယူယူသည် သူမ ဝိဉာဉ်ရှိအား ပစ်လွှတ်သော်လည်း သူမ တိုက်ခိုက်ချက်သည် တစ်စုံတစ်ရာနှင့် ကြုံတွေ့ခဲ့ရသည့်နယ် ပျောက်ကွယ်သွားလေသည်။

ထိုအရာအား မြင်လိုက်သောအခါ အားလုံးသည် ကြောက်ရွံ့မှုကြောင့် ဖျော့တော့သွားတော့သည်။

"ငါလုပ်မယ်" သက်ကြီးဝါကြီးပုဂ္ဂိုလ်သည် ကျယ်လောင်စွာ အော်လိုက်ကာ သူ၏ ဝိဉာဉ်ရှိကို ပစ်လွှတ်လိုက်လေသည်။ သို့သော် ရလဒ်ကတော့ အတူတူပင်။ ပျောက်ကွယ်သွားဆဲပင်။

"ဘာတွေ ဖြစ်နေတာလဲ" တစ်စုံတစ်ယောက်က အော်လိုက်သည်။

ရှီမာယူယူသည် ငှက်လေးအား မြေပေါ်ဆင်းသက်စေကာ အရိပ်အယောင်မမြင်ရသော ဖြစ်ပွားရာနေရာသို့ ကြည့်လိုက်သည်။ သူမသည် ဟိန်းသံလေးအားခေါ်ကာ ထိုနေရာသို့ပစ်လိုက်ပြီး ပြောလိုက်သည် "သွားကြည့်"

"ဝါးဝါး ယူယူ မင်းဘာလုပ်တာလဲ" ဟိန်းသံလေးသည် အခုလေးတင်ထွက်လာပြီး ဘာဖြစ်နေသည်ကို မသိသောကြောင့် ကျယ်လောင်စွာအော်လိုက်သည်။

"ငါတို့ တစ်ခုခုကြောင့် အပိတ်ခံနေရတယ်၊ ဘာလဲဆိုတာ မင်းသွားကြည့်လိုက်" ရှီမာယူယူ ပြောလိုက်သည်။

"သေလောက်အောင်နာလိုက်တာ" ဟိန်းသံလေးသည် အဝေးတစ်နေရာသို့ ပျံသွားပြီး မြေပေါ်တွင် လဲကာ ရှီမာယူယူအား မကျေနပ်သလို ကြည့်နေသည်။

သို့သော် သူသည် အန္တရာယ်ရှိသော ကိုယ်ရောင်ကိုယ်ဝါကို ချက်ချင်းပင်ခံစားရပြီး အချိန်မဆွဲတော့ပဲ ခုန်ထွက်လိုက်သည် "သေစမ်း ဘာတွေဖြစ်နေတာလဲ ကြောက်ဖို့ကောင်းလိုက်တဲ့ ကိုယ်ရောင်ကိုယ်ဝါပဲ"

ရှီမာယူယူသည် ဟိန်းသံလေးပျံသွားသည်ကို မြင်လိုက်ရာ သူ့အားမတားနိုင်သည်ကို သိသဖြင့် သတိပေးလိုက်သည် "ငါတို့ကို မြန်မြန်ထွက်ရအောင်လုပ်ပေး"

"ကောင်းပြီ" ဟိန်းသံလေးသည် သူ၏ တိုသောခြေထောက်များဖြင့် ပြေးသွားသော်လည်း မြန်မြန်မပြေးနိုင်ပေ။ အချိန်အတော်ကြာမှ သူပြန်ရောက်လာသည်။ သူ လက်သည်းများထုတ်ကာ နီးစပ်ရာနေရာတွင် အပြာရောင်စက်ဝိုင်းကိုဆွဲလိုက်သည်။ "ပြိုင်ဘက်ကတော့ အရမ်းသန်မာတယ်၊ ငါလည်း ဒီလောက်ကြီးတာပဲ လုပ်နိုင်တယ်"

ရှီမာယူယူသည် အပြာရောင်စက်ဝိုင်းအားကြည့်ကာ ဝင်လိုက်ပြီး စိတ်လှုပ်ရှားနေမိသည်။

ရှီမာမျိုးနွယ်ဝင်တို့သည်လည်း အချိန်မဖြုန်းတော့ပဲ ဝင်လိုက်ကာ စက်ဝိုင်းထဲတွင် စိတ်လှုပ်ရှားနေကြသည်။

"သဘောင်္ပေါ်တက်ကြ" သက်ကြီးဝါကြီးပုဂ္ဂိုလ်သည် နောက်ဆုံးတစ်ယောက်ဖြစ်ကာ အမိန့်ပေးလိုက်သည်။

သဘောင်္ပေါ်တွင် ကျန်ခဲ့သောလူများသည် ထိုနေရာတွင် ဖြစ်နေသည်မှာ အခြေအနေမဟန်သည်ကို မြင်နေရ၍ ချက်ချင်းပင် ပြင်ဆင်ကာ ရွက်လွှင့်တော့သည်။

သဘောင်္သည် ဆိပ်ကမ်းမှထွက်ခွာသည်နှင့် သူတို့သည် အသက်လုနေရသည်ကို ရှီမာမျိုးနွယ်တို့ခံစားမိတော့သည်။

"ဟိတ်လူတွေ ကြည့်ကြ အဲဒါဘာကြီးလဲ" အစောင့်တစ်ယောက်သည် ဝေဒ နာမေ့ပျောက်ခြင်းကျွန်းဆီသို့ ညွှန်ပြလိုက်သည်။ သူ့အသံသည် တုန်ယင်နေခဲ့သည်။

**အခန်း(၅)**

**အပိုင်း(၂၄၃)-ပိတ်မိနေသော လျှို့ဝှက်သတ္တဝါ**

အားလုံးကြည့်လိုက်ရာ ကျွန်းသည် စတင်ယိမ်းထိုးကာ ဝိဉာဉ်မိစ္ဆာများသည် ကောင်းကင်သို့မျှော်ကာ အော်ကြလေသည်။ အော်သံများသည် ထိန်းမရ နိုင်လောက်အောင် ကြောက်သံများပါနေကြပြီး မျှော်လင့်ချက်မဲ့နေသလိုပင်။

ကျွန်းပေါ်မှ ဝိဉာဉ်မိစ္ဆာများသည် ထွက်ပြေးချင်သော်လည်း သူတို့သည် ကျွန်းမှ ထွက်မရပေ။ မသဲကွဲသော တောင်းအတွင်း၌ သက်ရှိသတ္တဝါများ ပိတ်မိနေသလိုပင်။

ရုတ်တရက်ဆိုသလိုပင် အနက်ရောင်အလင်းတန်းသည် ကျွန်းအလယ်မှ ကောင်းကင်ပေါ်သို့ ထိုးထွက်သွားပြီး သက်ရှိများကို စုပ်ယူတော့သည်။ စံတင်ဝိဉာဉ်အဆင့်ရှိသာ အံဖွယ်မိစ္ဆာများပင်လျှင် ထိုဘေးဒုက္ခကို မရှောင်ရှားနိုင်ပေ။

"အဲအလင်းတန်းက သရဲစီးနေသလိုပဲ"

"အဲကြောက်ဖို့ကောင်းတဲ့ ကိုယ်ရောင်ကိုယ်ဝါက ထွက်လာတာဖြစ်မယ်"

"ဘာတွေဖြစ်နေကြတာလဲ အဲဒီသတ္တဝါတွေအကုန် သေသွားတာလား"

"ငါတို့သာ အဲမှာရှိနေရင်တော့...."

အားလုံး၏ စိတ်များ တုန်လှုပ်လာသည်။ ရှီမာယူယူ သူတို့အား ခေါ်ထုတ်လာလို့သာ တော်သေးသည်။ သူသည် အားလုံး၏ အသက်ကို ကယ်တင်ခဲ့သည်။

"အဲဒါဘာကြီးလဲ" ရှီမာယူယူသည် အတွေးမဲ့စွာ ပြောလိုက်သည်။

ရှီမာယူလင်း၏ မျက်နှာသည် ကြောက်ရွံ့မှု ရောဖက်ကာ ပြောလိုက်သည် "အဲဒါဘာပဲဖြစ်ဖြစ် ငါတို့ဆန့်ကျင်နိုင်တဲ့ ဟာတော့မဟုတ်ဘူး"

ဟိန်းသံလေးသည် ထိုအလင်းတန်းအားမြင်သည်နှင့် အလွန်အမင်း မတည်မငြိမ်ဖြစ်ကာ ရှီမာယူယူ၏ ရင်ခွင်ထဲသို့ လွတ်ခနဲ ခုန်တက်ကာ ကျွန်းဘက်သို့ ဟိန်းလိုက်လေသည်။

ဟိန်းသံပေါ်ထွက်လာသည်။

ထိုအလင်းတန်းသည် ခဏတာမျှ ရပ်တန့်သွားသော်လည်း ထိုသတ္တဝါများကို ဆက်လက်စုပ်ယူနေလေသည်။

ဟိန်းသံလေးသည် မတည်မငြိမ်ဖြစ်နေသောကြောင့် ကမူးရှူးထိုးဖြစ်နေသည်ကို ရှီမာယူယူခံစားမိသဖြင့် သူ့အား ဝိဉာဉ်စေတီထဲသို့ ထည့်ထားလိုက်သည်။

ရုတ်တရက်ပင် ထိုကျွန်းဆီသို့ သက်ရှိတစ်ကောင်လာနေသည်ကို သူမ ခံစားမိလိုက်သည်။ သူမ ခေါင်းမော့ကြည့်ရာ ရောမငှက်ကြီးကိုတွေ့လိုက်ရတော့သည်။

"ဟာစွန်လား"

ဟာစွန်သည် သဘော်ဆီသို့ဆင်းသက်ကာ သူမအား ကြည့်လိုက်သည်။ ထို့နောက်တွင် သူသည် အလွန်အမင်း လေးနက်သော ပုံဖြင့် ကျွန်းဘက်သို့ကြည့်လိုက်သည်။

သူရုတ်တရက်ပင် လှုပ်ရှားကာ လေထဲသို့ပျံသွားပြီး ထိုအလင်းတန်းသည် ပိုမိုကျယ်ပြန့်လာမည်စိုးသောကြောင့် အလင်းတန်းအား ပြင်းပြင်းထန်ထန် တိုက်ခိုက်တော့သည်။

ထိုအနက်ရောင်အလင်းတန်းများ ပွင့်လာသည်ကို အားလုံး ခံစားမိပြီး သူတို့သည် အပြင်တွင်ရှိနေသော်လည်း စုပ်ယူခံနေရသည်။

ဟာစွန်၏ တိုက်ခိုက်မှုသည် အတားအဆီးအား ထိုးဖောက်ပြီး အနက်ရောင်အလင်းတန်းကို ထိမှန်သည်ကို ရှီမာယူယူ မြင်လိုက်ရသည်။ အနက်ရောင်အလင်းတန်းသည် အွန္တရာယ်အား ခံစားမိပြီး ရုတ်တရက်ပင် ဦးတည်ချက်ပြောင်းကာ ဟာစွန်၏ မီးတောက်အား တိုက်ခိုက်တော့သည်။

"ဘုန်း"

ကောင်းကင်တစ်ခုလုံး လှုပ်ခတ်သွားသလိုပင် အားလုံးခံစားလိုက်ရသည်။ သူတို့သာ ထိုတိုက်ခိုက်မှု ထိမှန်ပါက ငရဲသို့ အလည်သွားရမည်သာဖြစ်သည်။

"အားကောင်းလိုက်တာ...." တစ်စုံတစ်ယောက်သည် အချိန်အတော်ကြာမှပင် အသံတိုးတိုးလေး ပြောလိုက်သည်။

ထိုအလင်းတန်းသည် ဟာစွန်၏ တိုက်ခိုက်ခြင်းကို ခံရပြီးနောက် အားနည်းလာခဲ့သည်။ ထို့နောက်တွင် ထိုကြောက်စရာကောင်းလောက်သော အခြေအနေဘယ်တော့မှ မဖြစ်ခဲ့သလိုပင် သက်သေ တစ်စွန်းတစ်စမျှ မကျန်ခဲ့ဘဲ ထိုအလင်းတန်းသည် ကျွန်းဆီသို့ နောက်ပြန်ဆုတ်သွားလေသည်။

ထိုမှသာ သဘော်ပေါ်မှလူများသည် သူတို့စိတ်ထဲမှ အကြောက်တရားများ လျော့ပါးသွားကာ အသက်ပြင်းပြင်း ရှူနိုင်တော့သည်။

"အဲဒီ အနက်ရောင်အလင်းတန်း ပျောက်သွားပြီ"

"အခု ငါသေမင်းကိုတွေ့လိုက်ရသလိုပဲ"

"သူလာလို့ ကံကောင်းသွားတယ်၊ မဟုတ်ရင် ငါတို့တော့ ဒီနေ့ ဒီမှာပဲ သေသွားတော့မှာ"

"စီနီယာကြီး ကူညီတဲ့အတွက် အများကြီးကျေးဇူးတင်ပါတယ်" သက်ကြီးဝါကြီးပုဂ္ဂိုလ်သည် ကျေးဇူးတင်စွာ အရိုအသေပေးလိုက်လေသည်။

ဟာစွန်ခေါင်းညိမ့်ကာ ပြောလိုက်သည် "သဘော် ထွက်ဖို့ပြင်လိုက်တော့ ဒီနေရာကနေ ထွက်ရအောင်"

"ဟုတ်ကဲ့" သက်ကြီးဝါကြီးပုဂ္ဂိုလ်သည် ချက်ချင်းပင် သူ့လူများကို သဘော်အား ပြင်ဆင်ကာ ထိုကျွန်းမှ လျင်မြန်စွာ ထွက်ခွာတော့သည်။

အားလုံး ကျွန်းမှထွက်ခွာသည်နှင့် ရှီမာယူယူသည် ဟာစွန်အားကြည့်ကာ ပြောလိုက်သည် "မင်းဒီမှာ ဘာလုပ်နေတာလဲ"

"ငါပြန်လာတော့ မင်း ဝေဒနာမေ့ပျောက်ကျွန်းကို လာမယ်လို့ကြားခဲ့တယ်" ဟာစွန်ပြောလိုက်သည် "မင်း ဒီတိုင်းပြည်အတွင်းရှိတုန်းမှာ ငါမင်းကို ကာကွယ်မယ်လို့ပြောခဲ့တယ်မလား... ငါပြောတာကို ကတိတည်ရမှာ အသေချာပဲလေ"

သူမ ထိုကျွန်းသို့လာမည်ဟု ကြားသည့်အချိန်တွင် သူ တဟုန်ထိုးဒေါသထွက်ခဲ့သည့် အကြောင်းကိုတော့ သူထည့်မပြောတော့ပေ။ ဒီလူ အရေးပေါ်အချိန်အတွင်းတွင် သူရောက်သွားလိမ့်မည်ဆိုသည်ကို သူ ထင်မထားခဲ့ပေ။

"မင်း ငါ့ကိုစိုးရိမ်လို့ လာတာမလား" ရှီမာယူယူသည် ဟာစွန်အား အားရပါးရပြုံးပြလိုက်သည်။

"ကိုယ့်ကိုယ်ကို အထင်ကြီးနေ" ဟာစွန်သည် ထိုစကားသာပြောသည်။

"ဘယ်လို ကိုယ့်ကိုယ်ကို အထင်ကြီးတာလဲ၊ မင်း ငါ့ကိုစိုးရိမ်တာမဟုတ်ရင် ဘာစိုးရိမ်တာလဲ... ဘာတွေရှက်နေတာလဲ" ရှီမာယူယူသည် ရှေ့တိုးကာ အရှက်မရှိပဲ ဟာစွန်၏ လက်မောင်းကို ဆွဲလိုက်သည်။ သူမသည် သူ့အား လုံးဝမကြောက်ပေ။

ယူယူသည် အထွတ်အထိပ်မိစ္ဆာနှင့် ရင်းနှီးသည်ကို မြင်သောအခါ သဘော်ပေါ်မှ လူများသည်အလွန်အမင်း အားကျကြသည်။

ဒီကောင်လေးမှာ အံ့ဖွယ်မိစ္ဆာတွေလည်း အများကြီးရှိတယ်၊ ပြီးတော့ အထွတ်အထိပ်မိစ္ဆာနဲ့လည်း အပေးအယူတွေဖြစ်နေတယ်... အားကျစရာကောင်းလိုက်တာ...

"ဟာစွန် မင်းပြီးခဲ့တဲ့တစ်ခေါက်က ဒဏ်ရာရလာခဲ့တာ ဒီကိုလာခဲ့လို့လား" ရှီမာယူယူ မေးလိုက်သည်။

"ဟုတ်တယ်"

"အောက်မှာ ကြောက်စရာကောင်းတဲ့ သက်ရှိနေတယ်လို့ နီရဲပျားဘုရင်မပြောတယ်၊ အဲဒါဘာလဲ မင်းသိလား" ရှီမာယူယူ မေးလိုက်သည်။

ဟာစွန် ခေါင်းရမ်းကာ ပြောလိုက်သည် "ငါ ပြီးခဲ့တဲ့တစ်ခေါက်က သူငယ်ချင်းတစ်ယောက်က အကူအညီတောင်းခဲ့တယ်၊ ပြီးတော့ ငါသူ့မျိုးဆက်တွေကို ယူဖို့လာပြီး အဲဒီဟာနဲ့ တိုက်ခိုက်ခဲ့တယ်၊ ငါ မတိုက်နိုင်ခဲ့ဘူး"

"မင်းတောင်မှ သူ့ကို မနိုင်ဘူးလား" ရှီမာယူယူသည် အေးစက်စွာ ပင့်သက်ရှိုက်လိုက်သည်။

"အဲဒါက ဒီမှာအပိတ်ခံထားရတာဖြစ်မယ်၊ ငါလည်း ကြိုးစားပြီး လောင်းကြေးစားမလို့ပဲ၊ ငါတကယ်တမ်း တွေ့တော့ ငါက သူ့ပြိုင်ဘက်မဖြစ်နိုင်ဘူး" ဟာစွန်ပြောလိုက်သည်။

"ကြောက်ဖို့ကောင်းလိုက်တာ" ရှီမာယူယူသည် ကြောက်ရွံ့သည့် သဘောအနေနှင့် သူမ ရင်ဘတ်အား ဖိထားလိုက်သည်။

သူမ မျက်လုံးထဲတွင် ကြောက်ရွံ့မှုမရှိသည်ကို ခံစားရသူမှာ ရှီမာယူလင်း တစ်ယောက်သာဖြစ်သည်။ ဟာစွန် မရောက်လာခဲ့လျှင်လည်း သူမ အဆင်ပြေနိုင်ကြောင်းကို သူ သိသည်။

"မင်း နီရဲပျားဘုရင်မကို ရလာတာလား" ဟာစွန် မေးလိုက်သည်။

"ဟုတ်တယ်၊ ငါကတော့ ကံကောင်းနေတယ်" ရှီမာယူယူ ပြောလိုက်သည်။

ဟာစွန် ခေါင်းညိမ့်ပြီး သူမ လက်အား မဖယ်ပဲ ပြောလိုက်သည် "ပြီးခဲ့တဲ့တစ်ခေါက်က ငါလာတော့ နီရဲပျားဘုရင်မ ပြောင်းလဲတာကို သိခဲ့တယ်၊ မင်း သူမကို ရလာလိမ့်မယ်လို့ ထင်မထားဘူး"

"ဒါက မင်းနဲ့ငါကြားက ရေစက်ပဲ" ရှီမာယူယူသည် ပြုံးပြီးပြောလိုက်သည်။

ဟာစွန် ဘာမှမပြောပဲ ပြုံးလိုက်သည်။

သူမ ကံကောင်းလွန်းသည်။ မဟုတ်ဘူး၊ သူမ ကံကြမ္မာက ကောင်းနေတာ။ ထိုကံကောင်းသူသည် အခွင့်အရေးကောင်းများကို ဆက်လက်ရရှိမည်။ ထိုကဲ့သို့ လူမျိုးများသည် ကံကောင်းစွာ မွေးဖွားလာခဲ့သည်။

သူ ကျွန်းဘက်ဦးတည်ကြည့်ပြီး ရေရွတ်လိုက်သည် "ပြဿနာတော့ ဖြစ်နေပြီ..."

သူပြောသည်ကို ကြားသောအခါ ရှီမာယူယူနှင့် ရှီမာယူလင်းတို့သည် စိတ်ထင့်သွားကြသည်။

ပြန်လမ်းတစ်လျှောက်တွင် ပင်လယ်သည် မူမမှန်သည်ကို ရှီမာယူယူခံစားမိလိုက်သည်။ အပြန်လမ်းတွင် တွေ့ရသော ပင်လယ်မိစ္ဆာများသည် အလာတုန်းကတွေ့ခဲ့ရသည်ထက် ပိုများခဲ့သည်။ အင်အားလည်း ပိုမိုကြီးမားသော အကောင်များဖြစ်ကြသည်။ စံတင်ဝိညာဉ်အဆင့် အံ့ဖွယ်မိစ္ဆာများပါ ပါဝင်လာခဲ့သည်။

ထိုပင်လယ်မိစ္ဆာများ နီးကပ်လာတိုင်းတွင် ဟာစွန်သည် သူ၏ အထွတ်အထိပ်မိစ္ဆာကိုယ်ရောင်ကိုယ်ဝါကို အသုံးပြုလိုက်သဖြင့် သူတို့နောက်ဆုတ်သွားကြသည်။

ရှီမာမျိုးနွယ်ဝင်များသည် ပင်လယ်မိစ္ဆာများအုပ်စုလိုက် နောက်ပြန်ဆုတ်သွားသည်ကို ကြည့်ပြီး ဝမ်းမြောက်စွာဖြင့် "သူ ရှိနေလို့ တော်သေးတာပေ့ါ၊ မဟုတ်ရင် ငါတို့ချည်းပဲဆိုရင် အပြန်လမ်းမှာ ဘာဖြစ်မလဲ မပြောတတ်ဘူး"

လတစ်ဝက်ကျိုးသွားသောအခါ သူတို့သည် အန်းမြို့တော်သို့ ရောက်သည်နှင့် ပျံသန်းနိုင်သော မိစ္ဆာများဖြင့် လဲလှယ်ကာ အန်းယန်းမြို့တော်သို့ ခရီးဆက်ကြလေသည်။

သူတို့ လရှုရှိုက်မြက်ပင်နှင့် တိမ်ပန်းနေဝင်ပန်းတို့ ရှာတွေ့ခဲ့သည်ကိုသာ ရှီမာလင်းသိပါက သူ သေချာပေါက် ပျော်မည်ဖြစ်သည်။ ဝေဒနာမေ့ပျောက်ခြင်းကျွန်းတွင် ဖြစ်ခဲ့သော အဖြစ်အပျက်များကို သူကြားသောအခါ မျက်မှောင်ကြုတ်ပြီး ပြောလိုက်သည် "အဲဝရုန်းသုန်းကားဖြစ်စေတဲ့ဟာက ပင်လယ်ဧရိယာဘက်ကို ရောက်သွားတာလား"

"မျိုးနွယ်ခေါင်းဆောင် ပင်လယ်ဧရိယာဘက်မှာ ဖြစ်တဲ့အုံကြွမှုက တိုင်းပြည်ကို အကျိုးသက်ရောက်တာ တစ်ခုခုတော့ဖြစ်စေလိမ့်မယ်၊ ကျွန်တော်တို့ အချိန်ယူပြီး ပြင်ဆင်ရလိမ့်မယ်" သက်ကြီးဝါကြီးပုဂ္ဂိုလ် ပြောလိုက်သည်။

"ဒါကတော့ သေချာတာပေါ့ ဒါပေမယ့် ငါတို့အခြေအနေကလည်း အခုလောလောဆယ် အရမ်းမကောင်းသေးဘူး၊ ငါတို့ အဲဒါကို အမိဖမ်းဖို့ဆိုရင် လက်နှစ်ဖက်လုံးသုံးမှရမယ်" ရှီမာလင်း ပြောလိုက်သည် "ဒါပေမယ့် အဲဒါက ငါတို့နောက်လာမယ့် မျိုးဆက်တွေ ပုခုံးပေါ်မှာလည်း တာဝန်ရှိတယ်"

"မျိုးနွယ်ခေါင်းဆောင် ကျွန်တော်တို့ရှီမာမျိုးနွယ်မှာ ရုတ်တရက်ပေါ်လာတဲ့ ကလေးရှီမာယူယူက အထောက်အပံ့ ကောင်းကောင်းပေးနိုင်မယ်လို့ ထင်တယ်" သက်ကြီးပုဂ္ဂိုလ် ၁၀ ကပြောလိုက်သည်။

"ဘာလို့အဲလို ထင်တာလဲ" ရှီမာလင်း မေးလိုက်သည်။

"အဲကလေးက ဉာဏ်ကောင်းတယ်၊ သတ္တိရှိတယ်၊ စိတ်ဆတ်တဲ့သခင်လေး ယူလင်းတောင်မှ သူနဲ့ဆိုရင် အေးဆေးပြီး တည်ငြိမ်တယ်" သက်ကြီးပုဂ္ဂိုလ် ၁၀ ပြောလိုက်သည် "ဒီအချိန်မှာ သူ့ကြောင့်သာမဟုတ်ရင် လရှုရှိုက်မြက်ပင်နဲ့ တိမ်ပန်းနေဝင်တို့ မပြောနဲ့ ကျွန်တော်တို့အားလုံး ဝေဒနာမေ့ပျောက်ခြင်းကျွန်းမှာ သေနေလောက်ပြီ"

"အဲကလေးက ကမ္ဘာကြီးရဲ့ ဖွဲ့စည်းပုံကိုပြောင်းပေးမယ့် ကောင်းကျိုးပေးမယ့်သူလို့ ခံစားရတယ်" သက်ကြီးဝါကြီးပုဂ္ဂိုလ်လည်း ပြောလိုက်သည်။

"ငါတို့ သူ့အပေါ်မှာ မူတည်တာလည်း ဖြစ်နိုင်တယ်" ရှီမာလင်းပြောလိုက်သည် "သူရောက်လာတာနဲ့ ဦးလေးငယ်ရဲ့ နှစ်တစ်ရာခံစားရတဲ့ နေမကောင်းတာလဲ ပျောက်သွားတယ်ပြီးတော့ အဲနှစ်ကဖြစ်ခဲ့တဲ့ အဖြစ်အပျက်အမှန်တရားလည်း ပေါ်လာတယ်၊ အရင်မျိုးနွယ်ခေါင်းဆောင်ရဲ့ ဒဏ်ရာတွေလည်း ကုလို့ရမယ်လို့ မျှော်လင့်ပါတယ်၊ သူက ကျွန်တော်တို့ အသက်တွေလည်းကယ်ခဲ့တယ်၊ သူက ကံကောင်းတဲ့ ကြယ်လေးလို့ အဂ္ဂိရတ်ပညာရှင်ပြောတာ မလွန်ပါဘူး"

**အခန်း(၆)**

**အပိုင်း(၂၄၄)-မမြင်နိုင်သော အန္တရာယ်**

ရှီမာလင်းနှင့် တခြားသူများသည် သူမအကြောင်းဆွေးနွေးနေသော်လည်း သူမ မပါဝင်ပေ။ သူမ စိတ်ဝင်စားသည်မှာ နီရဲပျားဘုရင်မဖြစ်သည်။

"အစ်ကိုကြီး အဲဒီနီရဲပျားဘုရင်မက တကယ်ပဲ အင်အားကြီးတာလား" တုလေးသည် စားပွဲတွင် လဲနေကာ ရှီမာယူယူ ပုခုံးပေါ်ရှိ နီရဲပျားဘုရင်မကို ကြည့်ပြီး သိချင်စိတ်ဖြင့် မေးလိုက်သည်။

"ဒါပေါ့" ရှီမာယူယူ ဂုဏ်ယူစွာပြောလိုက်သည် "အချိန်ကျရင်တော့ သူမ ဘယ်လောက်အင်အားကြီးလဲ သိလာလိမ့်မယ်"

"ဘယ်လောက် ကြာမှလဲ" တုလေး နှုတ်ခမ်းတွန့်လိုက်သည်။

"ဟားဟား မြန်မြန်ရောက်လာလိမ့်မယ်၊ နောက်ရက်ပိုင်းအတွင်း သူမ ဥ,ဥ လိမ့်မယ်၊ အဲဒါတွေက နီရဲပျားလေးတွေ ပေါက်လာမယ်၊ အဲအချိန်ကျရင် မင်းပျားရည်သောက်လို့ရမယ်" ရှီမာယူယူ ပြုံးပြီး ပြောလိုက်သည်။

"မင်းတို့ ထွက်လာတော့ ဘာနဲ့တွေ့ခဲ့တာလို့ ပြောလိုက်တာလဲ" ဝေကျိုရှီ မေးလိုက်သည်။

"အရမ်းထူးဆန်းတဲ့ အနက်ရောင် အလင်းတန်းက ကောင်းကင်ကို ထိုးဖောက်သွားတာ၊ အဲဒါက ကျွန်းပေါ်ကရှိတဲ့ သက်ရှိတွေကို စုပ်ယူသွားတာ" ရှီမာယူယူ ထိုအကြောင်းအားပြောနေချိန်တွင် သူမ အကြည့်များသည် လေးနက်နေကာ ပြောလိုက်သည် "အဲအနက်ရောင်အလင်းတန်းက အရမ်းကြောက်ဖို့ ကောင်းတယ်၊ အဲအောက်မှာနေတဲ့ ဟာကြီးက ဟာစွန့်ထက် ပိုအားကောင်းတယ်လို့ သူပြောတယ်"

"အဲဒီမှာ ပိတ်မိနေတာလား" ဖက်တီးကျူ မေးလိုက်သည်။

"ငါတို့လည်း မသိဘူး" ရှီမာယူယူ ပြောလိုက်သည် "ဒါပေမယ့် အဲဒါထွက်လာတာနဲ့ ပွက်လောရိုက်သွားမှာပဲ၊ အဲဒါကြောင့် ငါတို့ မြန်မြန်သန်မာလာမှဖြစ်မယ်"

"အင်း ကျွန်တော်လည်း ကြိုးကြိုးစားစား ကျင့်ကြံနေပါတယ်" တုလေးသည် ခေါင်းညိမ့်ရင်း ပြောလေသည်။

"ပင်လယ်ဇေရိယာဘက်မှာ ဝရုန်းသုန်းကားဖြစ်ရင်တော့ ကုန်းဘက်တိုင်းပြည်မှာလည်း ငြိမ်းချမ်းမှာမဟုတ်ဘူး" ရှီမာယူယူ ပြောလိုက်သည် "အရင်မျိုးဆက် ရှီမာမျိုးနွယ်ခေါင်းဆောင်က ဒဏ်ရာရထားတယ်၊ ပြီးတော့ သူ့ကို တိုက်ခိုက်ခဲ့တဲ့ဟာက သာမာန်အားတော့မဟုတ်ဘူး ရှီမာမျိုးနွယ်က သေချာပေါက် လက်စားချေမှာပဲ အချိန်ကျရင် သေချာပေါက် ကြီးမားတဲ့အပြောင်းအလဲဖြစ်လာမှာပဲ"

"မင်း အခု နစ်နစ် တွေ့ဆုံပွဲကိုသွားမှာလား" ဘေဂုန်ထန်ပြောလိုက်သည်။

"ကြည့်ရဦးမယ်" ရှီမာယူယူ ပြောလိုက်သည် "အခုတော့ ငါ ပိုသန်မာလာအောင် လုပ်ရဦးမယ်"

"ရှီမာခစ်က ရှီမာယူယီကို သူနဲ့အတူ နာလန်မျိုးနွယ်ထဲဝင်ဖို့ ခေါ်သွားတယ်လို့ ငါကြားတာပဲ" ဂူရန်ဖေ ပြောလိုက်သည်။

"နာလန်မျိုးနွယ်က အမြဲတမ်း ရှီမာမျိုးနွယ်ကို ကန့်လန်တိုက်နေတာ၊ ငါတို့နဲ့ အမြဲလိုက်ပြိုင်နေတာ၊ ငါတို့မျှော်လင့်ထားတဲ့အတိုင်း သူတို့ဆီမှာ ခိုလုံသွားတာပဲ" ရှီမာယူယူ ပြောလိုက်သည် "ဒါပေမယ့် နာလန်မျိုးနွယ်က ငါတို့ရှီမာမျိုးနွယ်ရဲ့ လျှို့ဝှက်ချက်တော်တော်များများကို သိနေပြီ၊ နှစ်နှစ်တွေ့ဆုံပွဲမှာတော့ ကောင်းမယ့်ပုံမပေါ်ဘူး"

"ယူယူ မင်း ဝင်ပါမလို့လား" ဖက်တီးကျူသည် သူမအား ကျိတ်ရယ်ပြီး ကြည့်လိုက်သည်။

"ငါက ဝင်စွက်ဖက်တယ်ဆိုတာ ဘာကိုဆိုလိုချင်တာလဲ" ရှီမာယူယူသည် သူမ ဘာလုပ်မည်ကို ဖက်တီးကျူ ခန့်မှန်းမိနေသောကြောင့် မကျေမနပ်နှင့် ကြည့်လိုက်သည်။

"မင်းက ဒီအချိန်အတွင်းမှာ စစ်သူကြီးနဲ့ တစ်ခြားသူတွေ ဒီမှာနေဖို့ သင့်တော်လား မသင့်တော်လားကို လေ့လာနေတာမလား၊ အခုတော့ မင်း အသိအမှတ်ပြုသင့်နေပြီ" ဝေကျိုရှို ပြောလိုက်သည်။

ဘေဂုန်ထန် လိုက်ပြောသည် "မင်း သူတို့ကို နေဖို့ဆုံးဖြတ်ပြီးမှာတော့ သူတို့ကို တည်ငြိမ်တဲ့ ပတ်ဝန်းကျင်မှာ နေစေချင်မှာပဲ၊ ဒါပေမယ့် အခုတော့ ရှီမာမျိုးနွယ်က အင်အားကြီးတွေ မျက်စိကျနေတဲ့ အဆီပြည့်နေတဲ့အသားတုံးပဲ"

"ဒါကြောင့်ပဲ မင်းလှုပ်ရှားတော့မယ်လို့ ငါတို့ခန့်မှန်းနေကြတာ" ဖက်တီးကျူ နီဂုံးချုပ်လိုက်သည်။

"ငါက ဘယ်လိုလုပ်ရမလဲ ငါက သာမာန်လူပဲဟာကို... ငါဘာလုပ်နိုင်မှာလဲ" ရှီမာယူယူ ပြောလိုက်သည်။

"အစ်ကိုကြီးကတော့ ကျိတ်ကြံနေပြန်ပြီ" တုလေးသည် ရယ်မောကာ ပြောလိုက်သည်။

"ငါဘယ်တုန်းက ကျိတ်ကြံဖူးလို့လဲ" ရှီမာယူယူသည် လက်ဆန့်ကာ သူ့ခေါင်းအား ခေါက်ကာ ပြောလိုက်သည် "အစ်ကိုကြီးက ဖြူစင်ပြီး ရိုးသားတယ်၊ ငါ့ကို စွပ်စွဲလို့မရဘူး နားလည်လား"

"တော်ပြီ သူ့ကို မဟုတ်တာတွေသင်မပေးနဲ့" ဘေဂုံထန် ရှီမာယူယူအား ကြည့်လိုက်သည်။ ဒီကောင်ရဲ့ အရေခွံကတော့ အကြိမ်တိုင်း ပိုထူလာတယ်။

"ဒီအကြောင်းကို အရင်မပြောကြနဲ့ဦး၊ မင်းတို့အားလုံး ကျင့်ကြံဖို့ ဝိဉာဉ်စေတီထဲ သွားစေချင်တယ်၊ အဲဒါမှ မင်းတို့အားလုံး ထွက်လာရင် အဆင့်တွေတက်လာကြမှာ" ရှီမာယူယူ ပြောလိုက်သည် "မင်းတို့ မသွားချင်ရင် အပြင်မှာလုပ်လည်းရတယ်"

"ငါသွားချင်တယ်" ကြေညာချက်ပထမဆုံး ထုတ်သူမှာ ဖက်တီးကျူဖြစ်သည် "ငါတို့ အတွေ့အကြုံတွေ မလောက်သေးဘူးလို့ မင်းအရင်ကပြောတယ်မလား၊ အခုအရေးအကြီးဆုံးက ကျင့်ကြံဖို့ အတိတ်ဆိတ်ဆုံး နေရာလိုတာပဲ၊ မင်းနေရာက အရမ်းကောင်းတယ် ငါသွားချင်တာပေါ့"

"ငါတို့လည်း သွားချင်တယ်" ဝေကျိုရှို ပြောလိုက်သည်။

"မမ ကျွန်တော်တို့ဘယ်သွားကြမှာလဲ" တုလေး မေးလိုက်သည်။

"နေရာကောင်းတစ်ခုကို" ဖက်တီးကျူပြောလိုက်သည် "အဲနေရာက ငါတို့လျှို့ဝှက်ချက်ပဲ မင်း ဘယ်သူ့မှ မပြောရဘူးနော်၊ အဲလိုမဟုတ်ရင် မင်းကို ခေါ်မသွားဘူး"

"အင်း ကျွန်တော် သေချာဖုံးကွယ်ထားပါမယ် ဒီမှာတော့ တစ်ယောက်တည်း ပစ်မထားသွားပါနဲ့" တုလေး ပြောလိုက်သည်။

"ငါတို့ မင်းကို ပစ်မသွားပါဘူး" ဘောဂုံထန်သည် သူ့ခေါင်းအား ပုတ်ပြီး ပြောလိုက်သည်။

"ဒါဆို မင်းသွားမယ်ဆိုတာ မင်းအစေခံတွေကို သွားပြောလိုက်ဦး"

"ကောင်းပြီ"

ရှီမာယူယူသည် သူတို့အားခေါ်ကာ ထွက်သွားတော့သည်။ ထို့နောက်တွင် သူမ ချောင်ကျသော နေရာရောက်သောအခါ သူတို့အား ဝိဉာဉ်စေတီထဲသို့ ထည့်လိုက်တော့သည်။

တုလေး အထဲသို့ရောက်သောအခါ အလွန်အမင်းပျော်နေခဲ့သည်။ သူ့တစ်ယောက်တည်း လှည့်ပတ်ကြည့်ရန် လွှတ်ပေးထားပြီး ဘောဂုံထန် ကျင့်ကြံရန် သွားလိုက်သည်။

ရှီမာယူယူသည် ရှီမာအိမ်တော်သို့ပြန်ရာ မိန်းဝင်ပေါက်ရောက်သည်နှင့် ရှီမာလင်း သူမအားရှာနေသည်ကို တစ်စုံတစ်ယောက်ပြောလာသည်။ သူမ ခန်းမကြီးဆီသို့ အစောင့်နောက်မှ လိုက်ခဲ့လေသည်။

ခန်းမကြီးတွင် သူတို့နှစ်ယောက်သာရှိလေသည်။ ရှီမာယူယူ လက်အုပ်ချီကာ အရိုအသေပေးလိုက်သည် "မျိုးနွယ်ခေါင်းဆောင် ဘိုးဘိုးကြီး ကျွန်တော့်ကို ရှာလားလို့ပါ"

"ယူယူ ဒီတစ်ခေါက် မင်းကို ငါတို့တကယ်ကျေးဇူးတင်တယ်၊ မဟုတ်ရင် ငါတို့လူတွေအများကြီး ဆုံးရှုံးရမှာ" ရှီမာလင်း ပြောလိုက်သည်။

"အဲဒါ ဘာမှမဟုတ်ပါဘူး၊ အဲအချိန်က ကျွန်တော်ကိုယ့်ဘာသာ ကာကွယ်လိုက်တာပါ" ရှီမာယူယူ ပြန်ပြောလိုက်သည်။

"ငါတို့ မင်းပြောတဲ့ ဆေးဖက်ဝင်ပစ္စည်းတွေအကုန် စုပြီးပြီ၊ ဘယ်အချိန်အစီအစဉ်စမလဲ"

"အချိန်မရွေးစလို့ရပါတယ်" ရှီမာယူယူ ပြောလိုက်သည် "ဒါပေမယ့် ကျွန်တော် ဆေးအရင်ဆုံး ဆေးဖော်ရဦးမယ်"

"ဒါဆို အဲဆေးဖက်ဝင်ပစ္စည်းတွေ မင်းကို ပေးလိုက်တော့မယ်၊ မင်းပြီးရင် လိုအပ်တာမှန်သမျှ ပြောလို့ရတယ်" ရှီမာယူလင်းသည်
သူမ တောင်းဆိုထားသော ဆေးဖက်ဝင်ပစ္စည်းများထည့်ထားသော မှော်ဝင်လက်စွပ်အား ပေးလိုက်လေသည်။

ရှီမာယူယူ လက်စွပ်ယူပြီး ပြောလိုက်သည် "ဟုတ်ကဲ့ပါ"

ထို့နောက်တွင် သူမ နှုတ်ဆက်ကာ သူမ နေသောအိမ်သို့ ပြန်သွားလေသည်။

ထိုအိမ်သည် ရှီမာဂွန်ပိုင်သောအိမ်ဖြစ်သော်လည်း သူ့ဒဏ်ရာများပျောက်သွားအချိန်တွင် အပြင်ထွက်ကာ လောကအားကြည့်ချင်သည်ဟုဆိုကာ ထွက်သွားလေသည်။ သူမ ထွက်ခွာသွားပြီး နှစ်ရက်အကြာတွင် သူထွက်သွားခဲ့သည်။ အခုတော့ ထိုအိမ်ထဲတွင် ရှီမာလိုင်နှင့် မြေးများနေထိုင်လေသည်။

"အဘိုး သမီးပြန်လာပြီ" ရှီမာလိုင် ကျင့်ကြံနေခြင်းမရှိသည်ကို မြင်သောအခါ ရှီမာယူယူ ပြောလိုက်သည်။

"အဲဒီကလေးတွေ ဘယ်လိုနေလဲ" ဝေကျိုရှီနှင့် တခြားသူများကို သူမ သွားရှာသည်ကို ရှီမာလိုင် သိသောကြောင့် မေးလိုက်ခြင်းဖြစ်သည်။

"မဆိုးပါဘူး" ရှီမာယူယူ ပြောလိုက်သည် "အဘိုး အစ်ကိုတွေဘယ်သွားကြတာလဲ"

"သူတို့အကုန်လုံး အိမ်ထဲမှာ ဘာလို့လဲ" ရှီမာလိုင်မေးလိုက်သည်။

"သူတို့ကို သမီးပြောစရာရှိလို့" ရှီမာယူယူ ပြောလိုက်သည် "သမီးသွားခေါ်လိုက်ဦးမယ်"

ရှီမာယူမင် နှင့် တခြားသူများသည် ကျင့်ကြံခြင်းတွင် အာရုံပြုနေကြသည်။ သူတို့ အလယ်ပိုင်းဂူတိုင်းပြည်မှ ထွက်ခွာလာမှပင် အပြင်မှလူများသည် ဒုံချန်းတိုင်းပြည်မှလူများထက် ပိုအင်အားကောင်းသည်ကို သိခဲ့ရသည်။ သူတို့၏ အရင်အဆင့်များသည် မနိမ့်သော်လည်း သူတို့လက်ရှိအင်အားမှာ မလုံလောက်သေးကြောင်းကို ခံစားမိကြသည်။

"ယူယူ ငါတို့ကို ရှာတယ်ဆို ဘာလို့လဲ" ရှီမာယူရန် မေးလိုက်သည်။

"အင်း" ရှီမာယူယူသည် သူတို့အား အနက်ရောင်အလင်းတန်းအကြောင်းနှင့် ပင်လယ်ဇရိယာဘက်ရှိ ဝရုန်းသုန်းကား အခြေအနေများကို ပြောပြပြီး ပြောလိုက်သည် "အစ်ကိုတို့ အင်အားတွေ မြန်မြန် တိုးနိုင်အောင် လုပ်ပေးမယ့် နေရာတစ်ခုကို ကျွန်တော်ခေါ်သွားမယ်"

သူမ ပြောပြီးနောက် တွင် သူတို့အား ဝိဉာဉ်စေတီအတွင်းသို့ခေါ်သွားလေသည်။

ပတ်ဝန်းကျင်သည် တိတ်ဆိတ်နေသောကြောင့် ရှီမာလိုင်နှင့် တခြားသူများ အံ့သြသွားရသည်။ ရှီမာယူယူလည်း ရှိပြီး သူတို့လည်း မလှုပ်ရှားခဲ့ပေ။

"ယူယူ ဒါဘယ်နေရာလဲ" ရှီမာယူလီ မေးလိုက်သည်။

"ဒါက ဝိဉာဉ်စေတီပဲ၊ ဒီက သုံးရက်က အပြင်က တစ်ရက်နဲ့ညီတယ်၊ ပြီးတော့ ဒီမှာ ဝိဉာဉ်ရွှီပိုထူထပ်ပြီး အစ်ကိုတို့အားလုံး ဒီမှာကျင့်ကြံလို့ရတယ်၊ အစ်ကိုတို့အင်အားတွေ သေချာပေါက်သန်မာလာမှာပါ"

**အခန်း(၇)**

**အပိုင်း(၂၄၅)-ရှီမာယူလင်းအား စနောက်ခြင်း**

"မင်းရဲ့ ကမ္ဘာဟုတ်လား" ရှီမာယူရန်သည် မရှင်းပေ၊ ဒီလိုနေရာမျိုးက သူမ ပိုင်ဆိုင်တာလား။

"ဒါက သမီးအဖေထားခဲ့တဲ့ ပစ္စည်းရဲ့ အထဲမှာမလား" ရှီမာလိုင်မေးလိုက်သည်။

"ဟုတ်တယ်" ရှီမာယူယူ ပြောလိုက်သည်။ "ဒါက သမီးအဖေထားခဲ့တဲ့ သေတ္တာရဲ့ အထဲမှာ၊ ဒါပေမယ့် အဲတုန်းက ဒီလောက်မကောင်းသေးဘူး၊ ဒါက စာကြည့်တိုက်နဲ့ပေါင်းစပ်လိုက်တော့ ဒီလိုဖြစ်သွားတာ"

"ငါတို့ စာကြည့်တိုက်ပြခန်းလား" ရှီမာယူမင် မေးလိုက်သည်။

ရှီမာယူယူ ခေါင်းညိမ့်ကာ စေတီလေးရှိရာသို့ သူတို့အားခေါ်သွားပြီး ပြောလိုက်သည် "တကယ်တော့ အဲဒီစာကြည့်တိုက်က ရှေးဟောင်း ဘုံခုနစ်ဆင့် စေတီပဲ၊ ဒါပေမယ့် အဲစေတီက ဝိညာဉ်ကုန်ဆုံးသွားပြီး ပစ္စည်းပဲသိမ်းထားလို့ရတော့တာ၊ ပြီးတာနဲ့ သမီးရဲ့ ဝိညာဉ်ပုလဲနဲ့ ပေါင်းစပ်ဖို့ အကြံရပြီး ဒီလိုဖြစ်လာတာပဲ"

"ဒါဆို စေတီထိပ်က ဘာနဲ့တူလဲ" ရှီမာယူလီ မေးလိုက်သည်။

"သမီးလည်း မသိဘူး၊ ဒုတိယအဆင့်ဖွင့်ဖို့ကို သမီးစွမ်းအားက မနိုင်သေးဘူး" ရှီမာယူယူ ပြောလိုက်သည် "အစ်ကိုတို့နေလို့ရမယ့်နေရာကို ခေါ်သွားပေးမယ်"

သူမ သူတို့အား သူမအိမ်သို့ခေါ်သွားရာ ဝေကျိုရှိ ကျင့်ကြံနေခြင်းမရှိသည်ကို တွေ့သည်နှင့် သူတို့ ထိုနေရာအား ခံစားရန် သူ့အားခေါ်သွားခိုင်းလိုက်သည်။ သူမ ဆေးဖော်ရန် ဆေးဖော်သည့်အခန်းသို့လာလိုက်သည်။

သူမ ဆေးဖော်ပြီးထွက်လာသည်နှင့် ရှီမာယူလီနှင့် တခြားသူများသည် ထိုနေရာရှိအရာဝတ္ထုများနှင့် ရင်းနှီးကာ သဟဇာတဖြစ်နေပြီဖြစ်သည်။

"အဘိုး အစ်ကိုတို့ အားလုံး အချိန်ရှိတိုင်းမှာ ဒီမှာ ကျင့်ကြံလို့ရပါတယ်၊ ဒါက အဘိုးတို့ အင်အား ကြီးထွားနှုန်းမြန်လာမယ်၊ အစ်ကိုတို့ ဒီနေရာကို ကြိုက်သလိုသုံးပြီး လိုအပ်တာရှိတာယူလို့ရပါတယ်"

"ကောင်းပါပြီ ကိုယ့်ကိစ္စကိုယ်သွားလုပ်လိုက်တော့" သူတို့ခေါင်းညိမ့်ကာ ကိုယ့်အလုပ်ကိုယ်လုပ်ကာ သူမအား အာရုံမစိုက်ကြတော့ပေ။

သူတို့ထိုနေရာတွင် အဆင်ပြေနေသည်ကို ရှီမာယူယူကြည့်ပြီး ရယ်မောကာ ခေါင်းညိမ့်ပြီး လျင်မြန်စွာ ထွက်ခဲ့လိုက်လေသည်။

ထို့နောက်တွင် သူမ ရှီမာလင်းအား ရှာပြီး ဆေးများပြင်ဆင်ပြီးဖြစ်ကြောင်းကို ပြောလိုက်လေသည်။ အခုတော့ သူတို့ မျိုးနွယ်ခေါင်းဆောင်အဟောင်းကို ကုသ၍ ရတော့မည်ဖြစ်သည်။

ထို့နောက်တွင် သူမ၊ ရှီမာလင်း၊ သက်ကြီးဝါကြီးပုဂ္ဂိုလ်နှင့် သူတို့ မျိုးနွယ် အဂ္ဂိရတ်ပညာရှင်များသည် ဂူအတွင်းသို့ အတူတကွ ဝင်ရောက်ကြသည်။

ထိုအဂ္ဂိရတ်ပညာရှင်သည် ပြီးခဲ့သည့် မျိုးနွယ်သခင်၏ နောက်လိုက်ဖြစ်ကာ ရှီမာယူယူအား ကူညီပေးရန် လိုက်လာခြင်းဖြစ်သည်။

ရှီမာလင်းနှင့် သက်ကြီးဝါကြီးပုဂ္ဂိုလ်တို့သည် လက်ချင်းချိတ်ကာ အရင်မျိုးနွယ်ခေါင်းဆောင်၏ ခန္ဓာကိုယ်မှ လျှို့ဝှက်နည်းကို ဖွင့်လိုက်သည်။ သူ အသက်လုနေရသည်ကို ရှီမာယူယူ ချက်ချင်းပင် ခံစားလိုက်ရသည်။ ထို့ကြောင့်ပင် သူတို့သည် သူ၏ အသက်ကာကွယ်နိုင်ရန် လျှို့ဝှက်နည်းလမ်းသုံးရန် ရွေးချယ်ခဲ့ရခြင်းဖြစ်သည်။

သူမ ရှေ့ထွက်လာကာ သူ့အား ဆေးကျွေးလိုက်ပြီးနောက် ဆေးအပြ ည့်ဖြည့်ထားသော ဇလုံထဲသို့ သူ့အားနစ်လိုက်သည်။ ပြီးနောက် ထို့နောက်တွင် ဘေယွမ်ချွန်းအား ကယ်ခဲ့သည့်နည်းလမ်းအတိုင်းပင် သူ၏ ဆေးများသည် ကြွက်သားများနှင့် အရွတ်များကို အားဖြည့်ပေးသည်။ ထိုအဆင့်သည် အခက်ခဲဆုံးအဆင့်ဖြစ်သည်။

သူမ၊ သက်ကြီးဝါကြီးပုဂ္ဂိုလ်နှင့် တခြားသူများသည် သုံးရက်လုံး ဂူတွင်နေကြသည်။ သူ့ခန္ဓာကိုယ် ပြန်ကောင်းလာသည်နှင့် သူတို့သည် လူခေါ်ကာ သူ့အား ရှီမာဂျွန်အိမ်သို့ ပို့ထားလိုက်သည်။

ထိုအချိန်တွင် မျိုးနွယ်ခေါင်းဆောင်ဟောင်းသည် တစ်ပိုင်းသေလူနာနှင့် တူသည်။ ရှီမာယူယူ သူ့အား သတိရအောင် လုပ်ရန်လိုသည်။ မဟုတ်လျှင် သူ တစ်သက်လုံး သတိမေ့မြော၍ နေသွားရမည်။

သို့သော် အခုလောလောဆယ်တွင် သူမ အလွန်ပင်ပန်းကာ နားရန်လိုသည်။ မဟုတ်လျှင် နောက်တစ်ချီအတွက် သူမ မထနိုင်ပဲဖြစ်တော့မည်။ ထို့ကြောင့် သူမ လှဲနေခဲ့သည်။

သူမ စိတ်စွမ်းအင် ဖြည့်တင်းရာ နှစ်ရက်ကြပြီး ရှီမာယူလင်းနှင့် ရှီမာယူလန်တို့သည် သူမအား စောင့်ရှောက်ရန် စောင့်ကြည့်နေခဲ့ကြသည်။ တစ်ချိန်တည်းမှာပင် သူတို့သည် မျိုးနွယ်ခေါင်းဆောင် အဟောင်းကို စောင့်ရှောက်ပြီးသားဖြစ်သွားသည်။

အကယ်၍ ရှီမာလင်းသာ ကျွမ်းကျင်သူတစ်ယောက်အား လွှတ်ခဲ့ပါက သူအသက်ရှင်နေသည့် အကြောင်းမှာ ပေါက်ကြားသွားမည်ဖြစ်သည်။ သို့သော် မျိုးဆက်လူငယ်များကို စေလွှတ်ခြင်းသည် အများ၏ အာရုံစိုက်ခြင်းကို မခံရတော့ပေ။

ရှီမာယူယူ မျက်လုံးဖွင့်လိုက်ရာ ရှီမာယူလန်နှင့် ရှီမာယူလင်းတို့အား မြင်လိုက်သောအခါ ကြောင်သွားကာ ပြောလိုက်သည် "မင်းတို့ ဒီမှာဘာလုပ်နေတာလဲ"

"မင်းကိုကာကွယ်ဖို့လာတာ" ရှီမာယူလန်ပြောလိုက်သည် "ပြီးတော့ အဘိုးကို နိုးအောင် မင်းဘယ်လိုလုပ်မလဲလို့ လာကြည့်တာ"

ရှီမာယူယူ အိပ်ရာပေါ် မှဆင်းလိုက်သည်။ ရှီမာတိုင်သည် သူမ ရှေ့တွင် အိပ်ပျော်နေလေသည်။

"ငါတို့ကို ကာကွယ်ဖို့ မင်းတို့ကို မျိုးနွယ်ခေါင်းဆောင်ကလွှတ်လိုက်တာဆိုတော့ သူက တကယ်ပဲ စိတ်ချလို့ဖြစ်မယ်" ရှီမာယူယူ ဖိနပ်စီးရင်း ပြောလိုက်သည်။

"မင်း ကာကွယ်ဖို့မလိုဘူးဆိုတာ အဘိုးသိပါတယ်" ရှီမာယူလန်သည် ပြုံးရင်းပြောလိုက်သည်။

ရှီမာယူယူ မျက်လုံးလှန်ကာ သူမ ဆေးဗိုအားထုတ်ပြီး လရှူရှိုက်မြက်ပင်နှင့် တိမ်ပန်းနေဝင်ပန်းများနှင့် အတူတခြားသော ဆေးဖက်ဝင်ပစ္စည်းဆယ်မျိုးကို ထည့်ကာ အဆီအနှစ်များကို ဖော်စပ်လေသည်။ ထို့နောက်တွင် သူမ အညိုရောင်ပျားရည်အားထည့်ကာ ဖော်စပ်ပြီး ဆေးများမကျန်တော့သည့်အချိန်တွင် သူမ မီးတောက်အား ပြန်ရုတ်သိမ်းလိုက်သည်။

"မင်း ဆေးဖော်တာ မအောင်မြင်ဘူးလား" ရှီမာယူလန် ပြေးလာကာ မေးလိုက်သည်။

"ငါ ဆေးဖော်တာ မအောင်မြင်ဘူးလို့ ဘယ်သူပြောလဲ" ရှီမာယူယူ အထဲမှ ဆေးအားထုတ်ကာ ရှီမာတိုင်၏ ပါးစပ်ထဲသို့ ထည့်ပေးလိုက်သည်။ သူမ ရှီမာယူလင်းအား ရေပုံးဖြင့် ရေဖြည့်စေပြီး ရေထဲသို့ အဆီအနှစ်များကို ထည့်လိုက်သည်။ ထို့နောက်တွင် ရှီမာတိုင်အား ထိုရေထဲတွင် စိမ်ထားပြီး သူမနှင့် ရှီမာယူလန် ထွက်သွားကြသည်။

ရှီမာယူလင်းသည် သူ့အား အစေခံသဖွယ် ရှီမာယူယူမှ ခိုင်းသည်ကို သိသော်လည်း အနည်းငယ် မျက်မှောင်ကြုတ်သော်လည်း လုပ်ပေးသည်။

အိမ်အလွတ်အား ရှီမာယူလန်မြင်သောအခါ မေးလိုက်သည် "အဘိုးနဲ့ တခြားသူတွေဘယ်သွားတာလဲ"

"ထွက်သွားကြတယ်" ရှီမာယူယူသည် မျက်တောင်မခတ်ပဲ ပြောလိုက်သည်။

"ဩော်" ရှီမာယူလန် ခေါင်းညိမ့်သည်။ ရှီမာယူယူသည် သူမအား ထူးဆန်းသောအကြည့်ဖြင့် ကြည့်နေသည်ကို မြင်သောအခါ သူမ မသိလိုက်ပဲနှင့် သူမလက်နှစ်ဖက်အား ရင်ဘတ်ပေါ်တင်ကာ ပြောလိုက်သည် "မင်းငါ့ကို ဘာလို့ အဲလိုကြည့်နေတာလဲ"

"မင်းမှာရှိတဲ့ ဝိဉာဉ်မိစ္ဆာရဲ့သွေးသား ကဘာအမျိုးအစားလဲဆိုတာ သိလား" ရှီမာယူယူ မေးလိုက်သည်။

ရှီမာယူလန် ခေါင်းရမ်းကာ ပြောလိုက်သည် "မင်းဘာလို့မေးတာလဲ"

"ဘာမှမဟုတ်ပါဘူး ငါ မင်းကို စမ်းသပ်ချင်လို့ပါ" ရှီမာယူယူ ရှက်ရှက်နှင့် ပြောသည်။

သူမ သွေးသားအား မသိလျှင် အနည်းငယ်ခက်ခဲနိုင်သည်။

ရှီမာယူလန်သည် မျက်နှာပျက်သွားသည်ကို မဖုံးဖိနိုင်ပေ။ သူက သူမကို စမ်းသပ်ချင်တယ် ဟုတ်လားဒ

"မင်း အွန္တရာယ်ပြုမယ့်အချိန်ဆို ဘယ်လိုခံစားရလဲ"

ရှီမာယူယူ အားရပါးရပြုံးကာ ပြောလိုက်သည် "မဖြစ်နိုင်တာ၊ ငါ့လို ရိုးသား ဖြူစင်ပြီး ချောတဲ့ယောက်ျား တစ်ယောက်ကို အွန္တရာယ်ဆိုတဲ့ စကားလုံးနဲ့ တွဲပြီး တစ်ခါတည်းပြောနိုင်ရတာလဲ မင်းအထင်လွဲနေပြီ"

ရှီမာယူလန် မျက်မှောင်ကြုတ်လိုက်သည်။ သူ့စကားကို ယုံတာ သူတစ်ယောက်တည်းရှိမည်။

အိမ်ထဲတွင် ရှီမာယူလင်းသည် ရှီမာယူယူ ပြောခဲ့သည့်အတိုင်း ရှီမာတိုင်၏ အဝတ်အစားများကို ဖြဲကာ သူ့အား ဇလုံထဲတွင် ထည့်ထားလိုက်သည်။ ညွှန်ကြားထားသည့်အတိုင်း သူ့ခန္ဓာကိုယ်အား ထုတ်ယူလိုက်သည်။ သို့သော် ရေများကြည်သွားသည်အထိ သူ နိုးမလာပေ။

"သူ ပြောတဲ့အတိုင်း လုပ်လို့တကယ်ဖြစ်ပါ့မလား" ရှီမာတိုင် နိုးလာမည့်ပုံမပေါ်သည်ကို မြင်သောအခါ သူတွေဝေသွားသည်။

သူ သူ့လက်အား မြှောက်လိုက်၊ ချလိုက်၊ မြှောက်လိုက်၊ ချလိုက် လုပ်ကြည့်သည်။

"အဘိုးနိုးလာဖို့ဆိုရင် နောက်မှ အပြစ်ပေးခံရလည်းရတယ်"

ပြောပြီးနောက်တွင် သူ အံကြိတ်ကာ ရှီမာတိုင်၏ မျက်နှာအား ပြင်းထန်စွာရိုက်လေသည်။ ရိုက်သံမှာ အပြင်ကပင် ကြားရသည်။

"ဖြန်း ဖြန်း"

ရှီမာယူယူနှင့် ရှီမာယူလန်တို့သည် လန့်သွားကာ အိမ်ထဲဘက်သို့လှည့်ကာ ပြောလိုက်သည် "သူ အဘိုးကို ရိုက်နေတာ တကယ်မဟုတ်လောက်ပါဘူးနော်"

"ဖူး..." ရှီမာယူယူသည် ပါးစပ်ထဲမှ လက်ဖက်ရည်များ ပြန်ထွက်မတတ်ပင်။ သူမ ပြန်ပြောလိုက်သည် "မဟုတ်လောက်ပါဘူး၊ ငါနောက်နေတာပါ"

"ဖြန်း ဖြန်း"

နှစ်ချက်ရိုက်သံ ထွက်အပြီးတွင် ရှီမာယူယူ လက်ထဲမှ လက်ဖက်ရည်ပန်းကန်အား အလျင်စလိုချကာ တံခါးဖွင့်ပြီး ဝင်လိုက်သည်။ သူမ မြင်လိုက်ရသည်မှာ စီနီယာနှင့် ဂျူနီယာတို့ တစ်ယောက်နှင့် တစ်ယောက် ကြည့်နေကြသည်။

"သူတကယ်ပဲ နိုးလာတာပဲ..." သူမ ရေရွတ်လိုက်သည်။ နောက်မှပင် ရှီမာတိုင်သည်ဇလုံထဲတွင် ကိုယ်လုံးတီးရှိနေသေးသည်ကို သတိထားမိတော့သည်။ သူမ တံခါးမှ မမြင်ရသော်လည်း နောက်ဆုတ်လိုက်သည်။

"ကောင်စုတ်လေး ငါ့ကိုရိုက်ရဲတယ်" ရှီမာတိုင်သည် ရှီမာယူလင်းအားကြည့်လိုက်သည်။

ရှီမာယူလင်း ပူထူသွားပြီး ပြန်ဖြေလိုက်သည် "ရေကြည်သွားတဲ့အထိ အဘိုးနိုးမလာရင် အဘိုးခန္ဓာကိုယ်ကို နာကျင်အောင်လုပ်ပေးရမယ်လို့ ယူယူကပြောတယ်၊ မျက်နှာက ဦးနှောက်နဲ့အနီးဆုံးဆိုတော့ ရိုက်တာမျိုးက ကောင်းတယ်လို့ သူပြောတယ်"

"ယူယူက ဘယ်သူလဲ" ရှီမာတိုင်သည် မျက်နှာသုန်မှုန်ကာ ပြောလိုက်သည်။

"သူက အဘိုးလိုင်ရဲ့ မြေးပါ၊ သူက အဘိုးကို ဒီကိုခေါ်လာပြီးကယ်ခဲ့တာပါ" ရှီမာလင်း ပြန်ဖြေသည်။

ထိုအချိန်တွင် ရှီမာယူယူသည် အပြင်မှနေကာ ပြောလိုက်သည် "အစ်ကိုကြီးယူလင်း ကျွန်တော့်ကို လွှဲမချပါနဲ့ ရိုက်ရင်ကောင်းနိုင်ချေရှိတယ်လို့ ပြောတာပါ တကယ်ရိုက်ခိုင်းတာမှမဟုတ်တာ"

**အခန်း(၈)**

**အပိုင်း(၂၄၆)-တစ်ယောက်ယောက်ရဲ့ ခြေထောက်ကိုကျောက်တုံးဖြင့် ရိုက်ခြင်း**

"ဘိုးဘိုး ယူလန်လည်းလာပါပြီ၊ ဘိုးဘိုးနိုးလာမှတော့ ဇလုံထဲမှာ ကိုယ်တုံးလုံးကြီးမနေနဲ့တော့" ရှီမာယူယူ ဆက်ပြောသည်။

"ဟမ်း"

ရှီမာတိုင်သည် ဇလုံမှထွက်ကာ အဝတ်များဝတ်လိုက်သည်။ ထိုမှသာ ရှီမာယူယူနှင့် ရှီမာယူလန်တို့ ဝင်လာကြသည်။

"ဘိုးဘိုး" ရှီမာယူလန်သည် လေးစားစွာအရိုအသေပေးလိုက်သည်။

ရှီမာတိုင် သူမအား ခေါင်းညိမ့်ပြကာ ရှီမာယူယူအားကြည့်ပြီး သူ့စိတ်ထဲမှ သံသယများ တစ်ဖန်ဝင်လာသည်။

ဒီကောင်လေးက အခုမှ အသက်နှစ်ဆယ်တောင် မပြည့်သေးတာမလား၊ အခု သူ့ဒဏ်ရာတွေ အရှင်းပျောက်သွားပြီ သူက တကယ်ပဲ ဒဏ်ရာတွေကို ကုပေးတာလား။

ရှီမာတိုင်၏ မျက်နှာမှ နီရဲသော လက်ရာအား ရှီမာယူယူကြည့်ပြီး ကျိတ်ရယ်ကာ တလေးတစားပြောလိုက်သည် "ဘိုးဘိုး ဘိုးဘိုးရဲ့ဒဏ်ရာတွေ တော်တော်ပျောက်သွားတဲ့ပုံပါပဲ၊ မျိုးနွယ်သခင်က ဘိုးဘိုးရဲ့ ဒဏ်ရာတွေကို တော်တော်စိတ်ပူနေတာ၊ ဘိုးဘိုး နိုးလာတာကို သူ့ကို အခုသွားပြောလိုက်မယ်"

သူ ပြန်ဖြေသည်ကို မစောင့်ပဲ သူမ ချက်ချင်းပင် လှည့်ထွက်ခဲ့သည်။

သူမ ထိုနေရာတွင် ဆက်နေနေပါက သူမ ရယ်ချင်စိတ်ကို မထိန်းနိုင်တော့မှာ အသေအချာပင်။

သူမ အပြင်ထွက်ပြီး လမ်းလျှောက်ရာ အနည်းငယ်အဝေးသို့ရောက်သည်နှင့် အစောင့်အားမြင်လိုက်သည်။ မျိုးနွယ်ခေါင်းဆောင်အား လာရန် မှာကြားလိုက်သည်။

မျိုးနွယ်ခေါင်းဆောင်အား သွားခိုင်း လာခိုင်းရဲသည်ကို ထိုအစောင့်သည် ကြောင်သွားသော်လည်း သူပြောပေးသည်။ အစပိုင်းတွင် သူသည် မျိုးနွယ်ခေါင်းဆောင်မှ သူ့အား အပြစ်ပေးမည်ဟု ထင်ထားသော်လည်း ထိုသတင်းကြားသည်နှင့် ရှီမာယူယူ ရှိရာသို့ ပြေးသွားလေသည်။ သူသည် သက်ကြီးဝါကြီးပုဂ္ဂိုလ်ကိုပါ ဝင်ခေါ် လိုက်သေးသည်။

"အဲလူက အဲလောက်တောင် လွှမ်းမိုးနိုင်တာလား၊ မျိုးနွယ်ခေါင်းဆောင်တောင် လူကိုယ်တိုင်သွားရတယ်" ထိုအစောင့်သည် သူတို့ထွက်သွားသည်ကို ကြည့်ရင်း ရေရွတ်နေခဲ့သည်။

ရှီမာလင်းသည် လျင်မြန်စွာပင် ရှီမာယူယူ၏ အိမ်သို့ရောက်သွားကာ တံခါးအနားတွင် မှီနေသော သူမအား တွေ့လိုက်ရသည်။ သူတို့လျှောက်သွားကာ မေးလိုက်သည် "သူ နိုးပြီလား"

"နိုးပြီ" ရှီမာယူယူ ခေါင်းညိတ်လိုက်သည်။

"ဒါဆို မင်းဒီမှာ ဘာလုပ်နေတာလဲ" ရှီမာလင်းမေးလိုက်သည်။

"လူကြီးမင်းတို့နှစ်ယောက်ကို စောင့်နေတာပါ" ရှီမာယူယူ အပြုံးဖြင့် ပြောလိုက်သည် "ဘိုးဘိုးကြီးက အထဲမှာ ကျွန်တော်ခေါ်သွားပေးမယ်"

အချိန်တွေအများကြီးပေးခဲ့ပြီးပြီ သူမကို ငြင်းမနေတော့ဘူးလေ ဟုတ်တယ်မလား။

ရှီမာယူယူ သူတို့အား ဘာကြောင့်စောင့်နေသည်ကို ရှီမာလင်းနှင့် သက်ကြီးဝါကြီးပုဂ္ဂိုလ်တို့ မသိသော်လည်း ကောင်းတဲ့ကိစ္စတစ်ခုခုဖြစ်လိမ့်မည်ဟု ခန့်မှန်းနေကြသည်။

သူတို့ထင်ထားသည့်အတိုင်းပင် ဝင်သွားသည်နှင့် ရှီမာတိုင်၏ မျက်နှာတွင် လက်ရာများတွေ့သောအခါ ပါးစပ်အဟောင်းသားများဖြင့် သူမအား ကြည့်လိုက်ကြသည်။

ရှီမာယူယူသည် တကယ်ပင် အပြစ်ကင်းသည်။ သူမ ပြောရုံသာပြောခဲ့သည်။ သို့သော် ရှီမာယူလင်း ကဲ့သို့ ဖြတ်ထိုးဉာဏ်ကောင်းသော လူတစ်ယောက်သည် ဒီတစ်ကြိမ်တွင် အမှားလုပ်မိမည်ဟု ထင်မထားခဲ့ပေ။

"မျိုးနွယ်သခင်ကို နှုတ်ဆက်ပါတယ်" ရှီမာလင်းသည် နှုတ်ဆက်လိုက်သည်။

ရှီမာတိုင်သည် လက်ဝှေ့ပြကာ ပြောလိုက်သည် "ငါတို့မျိုးနွယ်အကြောင်းကို ယူလင်း အကျဉ်းချုပ် ပြောပြီးပြီ၊ မင်းက အခုမျိုးနွယ်ခေါင်းဆောင်ပဲ ငါ့ကို အရိုအသေပေးဖို့မလိုပါဘူး"

"မဟုတ်ဘူး၊ ကျွန်တော်က မျိုးနွယ်ခေါင်းဆောင်အတွက် ရပ်တည်နေတာပါ၊ အခု ခေါင်းဆောင်က သတိပြန်ရလာပြီဆိုတော့ မျိုးနွယ်သခင်နေရာက ခေါင်းဆောင်အတွက်ပါ" ရှီမာလင်း ပြောလိုက်သည် "ငါက ဒီနေရာကို မကြိုက်သလို ငါနဲ့လည်း မလိုက်ဘူးဆိုတာ မင်းသိသားပဲ"

ရှီမာယူယူ ခေါင်းငုံ့ကာ အသံတိုးတိုးဖြင့် ရေရွတ်လိုက်သည် "ဒါဆို သူ့ကို နိုးလာအောင် လုပ်ပေးဖို့ အပေးအယူလုပ်ခဲ့တာက မျိုးနွယ်ခေါင်းဆောင်မလုပ်ချင်လို့လား"

"လင်း မင်းဒီသုံးနှစ်ကို ကောင်းကောင်းဖြတ်သန်းခဲ့ပြီပဲ" ရှီမာတိုင် ပြောလိုက်သည်။

ရှီမာလင်း ခေါင်းရမ်းကာ ပြောလိုက်သည် "ခေါင်းဆောင်သာမဟုတ်ရင် မျိုးနွယ်က ဒီအခြေအနေဖြစ်မှာ မဟုတ်ပါဘူး၊ ကျွန်တော်က ခေါင်းဆောင်ကို သုံးနှစ်စောင့်ရှောက်ခဲ့တာ အခု ပြန်ပေးပါမယ်"

သူ ပြောပြီးနောက် သေတ္တာတစ်လုံးထုတ်ပြီး ရှီမာတိုင်အား လက်လွှဲပေးလိုက်သည်။

ရှီမာယူယူ ချောင်းကြည့်ပြီးနောက် ထိုအရာသည် မျိုးနွယ်ခေါင်းဆောင် ဖြစ်သည့်အတွက် သင်္ကေတ ဖြစ်ရမည်ဟု ခန့်မှန်းလိုက်သည်။

"အဲဒီ သေတ္တာက အဖိုးတန်ပစ္စည်း…" သူမ လွှတ်ခနဲထွက်သွားသော်လည်း သူမအား အုပ်စုလိုက် လှည့်ကြည့်ကြသည်။

သူမ နောက်တွန့်သွားကာ ထပ်မပြောတော့ပေ။

"မျိုးနွယ်ခေါင်းဆောင် ဒီကလေးက လိုင်ရဲ့မျိုးဆက်လေ၊ လိုင်က သူ့ကို မွေးစားထားတာ" ရှီမာလင်း ပြောလိုက်သည်။

"ဆေးပညာကတော့ အထင်ကြီးလောက်ပါတယ်" ရှီမာတိုင်သည် ရှီမာယူယူအား ကြည့်လိုက်သည်။ သူသည် သူ့အား ကယ်ခဲ့ရုံသာမက သူ့အင်အားသည် မနည်းသည်ကိုလည်း တွေ့ခဲ့ရသည်။ သူသိသလောက် ထိုကဲ့သို့ ဆေးပညာရှိသော သမားတော်မရှိပေ။

"ချီးကျူးတဲ့အတွက် မျိုးနွယ်ခေါင်းဆောင်ကို ကျေးဇူးတင်ပါတယ်" ရှီမာယူယူ ခါးကိုင်းကာ အရိုအသေပေးပြီး ကျယ်လောင်စွာ ပြောလိုက်လေသည်။

"ငါမပြီးသေးဘူး" ရှီမာတိုင် ပြောလိုက်သည် "ဆေးပညာကတော့ အထင်ကြီးစရာပဲ ဒါပေမယ့် စရိုက်ကတော့ သွန်သင်မှုမရှိဘူး၊ မင်းကို သေချာမသင်ပေးတာ အဲလူ လိုင်ပဲဖြစ်လိမ့်မယ်"

"မျိုးနွယ်ခေါင်းဆောင် ချက်ကောင်းကိုထိတာပဲ" ရှီမာယူလန်သည် အပြုံးဖြင့် ပြောလိုက်သည် "အဘိုးလိုင်က သူ့ကို ကလေးလို အလိုလိုက်ထားတယ်လို့ ကျိရှိနဲ့ တခြားသူတွေကပြောတယ်၊ သူ့အစ်ကိုတွေက သူ့ကို ပိုတောင် အလိုလိုက်သေးတယ်"

ရှီမာယူယူ သူမနှာခေါင်းအား ထိလိုက်သည်။ ရှီမာတိုင်၏ စကားများကြားပြီးနောက်တွင် ထိုထက်ပို၍ နောက်မှလိုက်ရန် အစီအစဉ်မရှိတော့ပေ။

"မင်းအဘိုးဘယ်မှာလဲ" ရှီမာတိုင် မေးလိုက်သည်။

"အဘိုးနဲ့ တခြားသူတွေ ထွက်သွားပါတယ်၊ သူတို့ဘယ်အချိန်ပြန်လာမလဲ ကျွန်တော်လည်းမသိဘူး၊ ကျွန်တော် သွားရှာလိုက်ပါမယ်" ရှီမာယူယူ ပြောလိုက်သည်။

"သွားရှာပြီး သူတို့ကို ခန်းမဆီကိုပဲ တန်းတန်းမတ်မတ် ခေါ်လာခဲ့" ရှီမာတိုင်သည် ပြောပြီးနောက် ထွက်သွားရာ သူ့နောက်တွင် ရှီမာလင်းနှင့် သက်ကြီးဝါကြီးပုဂ္ဂိုလ်တို့ လိုက်သွားကြသည်။

ရှီမာယူလန်သည် သူမ နှုတ်ခမ်းတွန့်ကာ ရှီမာယူယူအား ကြည့်လိုက်သည်။ သူမသည် သူမအား ရယ်မိတုန်းပင်ဖြစ်သည်။

ရှီမာယူလင်း လျှောက်သွားကာ သူမအား ပြင်းထန်စွာရိုက်ရန် လက်မြှောက်လိုက်သော်လည်း သူမ ခေါင်းပေါ်တွင် ရပ်တန့်သွားကာ သူမ နားရွက်အား ဆိတ်လိုက်သည်။ ထိုသည်မှာ သူမကို အပြစ်ပေးခြင်းဖြစ်သည်။

"နောက်တစ်ခါ မဖြစ်စေနဲ့" ပြောပြီးနောက်တွင် သူလည်း ထွက်သွားလေသည်။

ခိုကိုးရာမဲ့နေသော သူ့မျက်လုံးများကို မြင်သည်နှင့် သူထွက်သွားချိန်တွင် သူမ လျှာထုတ် ပြောင်လိုက်သည်။ သို့သော် သူ မထင်မှတ်ပဲ ပြန်လှည့်လာကာ သူမ ထိုကဲ့သို့ပြုမူနေသည်ကို မြင်သည်နှင့် မဲ့ပြုံးပြုံးကာ ထွက်သွားလေတော့သည်။

သူလှည့်လာချိန်တွင် ရှီမာယူယူ ကြောင်သွားသော်လည်း သူထွက်သွားသည့်တိုင်အောင် အာရုံမစုစည်းနိုင်ပေ။ ထိုမှသာ သူမ ရင်ဘတ်အား ပုတ်ပြီး ခြေဆောင့်မိသည်။ အဲလူက ဘာလို့ပြန်လှည့်လာတာလဲ...

သူမ ပုံရိပ်... သွားပါပြီ...

"ဟူး..." ရှီမာအိမ်မှ ထွက်သည်နှင့် သူမ သက်ပြင်းရှည်ချမိတော့သည်။ သူမ တစ်နေရာရောက်သောအခါ ရှီမာလိုင်နှင့် တခြားသူများကို ခေါ်ထုတ်လိုက်သည်။

"တစ်ခုခုဖြစ်လို့လား" ရှီမာလိုင် မေးလိုက်သည်။

"ဘိုးဘိုး သမီး မျိုးနွယ်ခေါင်းဆောင်အဟောင်းကို ကုပေးလိုက်ပြီး အဘိုးလင်းက သူ့ကို ခေါင်းဆောင်နေရာ ပြန်ပေးလိုက်တယ်၊ သူက ဘိုးဘိုးတို့ကို အခုတွေ့ချင်နေတယ်" ရှီမာယူယူ ပြောလိုက်သည်။

သူမ ရှီမာတိုင်အား ကုပေးမည်ကို ရှီမာလိုင်နှင့် တခြားသူများ သိပြီးရာ သူမ၏ ဆေးပညာကို အပြည့်အဝ ယုံကြည်ချက်ရှိခဲ့သည်။ ရှီမာတိုင် ပြန်ကောင်းလာသည်ဟု ကြားသည်နှင့် သူတို့မအံ့သြမိတော့ပေ။

"ဒီလိုဆိုရင် အဘိုးတို့ မျိုးနွယ်ခေါင်းဆောင်ကို သွားတွေ့ကြမယ်လေ" ရှီမာလိုင် ပြောလိုက်သည် "အစ်ကိုကြီးက ငါနဲ့ ငါ့ညီအစ်ကိုတွေကို စောင့်ရှောက်ပေးခဲ့တာ"

"ဘိုးဘိုး သမီး မသွားလို့မရဘူးလား" ရှီမာယူယူ မေးလိုက်သည်။

"ဘာလို့လဲ"

ရှီမာယူလင်းမှ ရှီမာတိုင်အား ရိုက်ရန် သူမ ပြုမူခဲ့သည်ကို ရှီမာယူယူပြောပြပြီး "သူ သမီးကို အပြစ်ပေးမှာ ကြောက်တယ်"

"ရှတ်"

ရှီမာယူမင်နှင့် သူ့ညီသုံးယောက်တို့သည် ဝါးလုံးကွဲရယ်ကြတော့သည်။

"ဟူး... မင်း ယူလင်းကို စချင်ရင်တောင် ဒီလိုတော့ မလုပ်သင့်ဘူးလေ" ရှီမာယူရန် သူမ ခေါင်းအား ပုတ်လိုက်သည်။

"သူ တကယ်ရိုက်လိမ့်မယ်လို့ သမီးဘယ်လိုလုပ် သိမှာလဲ" ရှီမာယူယူ ကြေကွဲမိသည် "သူက ပုံမှန်ဆို ဉာဏ်ကောင်းတယ်၊ ဒါပေမယ့် ဒီတစ်ခါတော့ သူတုံးတယ်"

ရှီမာလိုင်ပင် ရယ်မောကာ ပြောလိုက်သည် "သွားရအောင် ဘိုးဘိုးနဲ့ဆိုရင် လက်လွတ်စပယ် မဆက်ဆံစေရဘူး"

နောက်ဆုံးတွင် ရှီမာယူယူ လိုက်ပါသွားရသည်။ သို့သော် ဘယ်သူ့မှ စိတ်ဝင်စားခြင်းကို မခံရပါစေနဲ့ဟု မျှော်လင့်ရင်း အနောက်တွင်သာ ရပ်နေလိုက်သည်။

သို့သော် မျိုးနွယ်ခေါင်းဆောင်အား ကုသပေးသည်မှာ သူမဖြစ်ကာ သတိမထားမိအောင် မနေရန် မဖြစ်နိုင်ပါ။ သူမ မျိုးနွယ်ခေါင်းဆောင်အား ကုသပေးသည့်အကြောင်း ပြောတိုင်းတွင် မျိုးနွယ်ခေါင်းဆောင်၏ မျက်နှာမှ လက်ရာမှာ ပိုနီလာသလိုပင် သူမ ခံစားရသည်။

နောက်ဆုံးတွင် အားလုံးထွက်ခွာသွားရာ ရှီမာယူယူနှင့် ရှီမာတိုင်သာ ကျန်ခဲ့သည်။

"မင်း ယူလင်းကို ငါ့ကိုရိုက်ခိုင်းတယ်ဆို" ရှီမာတိုင် အရင်ပြောသည်။

"ကျွန်တော် ပြောပြီးပါပြီ မဟုတ်လား" ရှီမာယူယူ ညည်းလိုက်သည် "ကျွန်တော် ဘိုးဘိုးကိုတောင် ကယ်ခဲ့တာ"

ရှီမာတိုင် ခေါင်းညိမ့်ကာ ပြောလိုက်သည် "ဒါလည်း အမှန်တရားပဲ ဒါပေမယ့် ဒါက သပ်သပ်ပဲ၊ မင်းကို အကြွေးတင်မှတော့ ပြန်ဆပ်မယ်.... အပြစ်ပေးတာလည်းခံရမယ်"

ရှီမာယူယူ၏ မျက်လုံးများ ပြူးကျယ်သွားခဲ့သည် "ကျွန်တော် အပြစ်ပေးခံရမှာလား"

**အခန်း(၉)**

**အပိုင်း(၂၄၇)-ဆုပေး၊ဒဏ်ပေး**

ရှီမာတိုင်သည် ရှီမာယူယူ၏ မျက်နှာထားကို ကျေနပ်စွာကြည့်ပြီး လေးနက်စွာပြောလိုက်သည် "အဲဒါ သဘာဝပဲလေ၊ ငါက ဆုပေး ဒဏ်ပေးစနစ်ကို မျှမျှတတလုပ်တယ်"

"ဆုက ဘာလဲဆိုတာ အရင်ပြောပြပေးပါ" ရှီမာယူယူ ပြောလိုက်သည်။

"ငါတို့ရှီမာမျိုးနွယ်က နှစ်တိုင်းရွေးချယ်ပွဲကြီး လုပ်တာ မင်းလည်းကြားမှာပေါ့" ရှီမာတိုင် မေးလိုက်သည်။

ရှီမာယူယူ ခေါင်းညိမ့်လိုက်သည်။ သူတို့ ဒုံချန်းတိုင်းပြည်တွင် ရှိစဉ်အခါက ရှီမာမျိုးနွယ်တွင် ကြီးမားသော ပွဲဆင်နွှဲလေ့ရှိကြောင်းနှင့် တော်ရုံလူ မပါဝင်နိုင်ကြောင်းကို ရှီမာလိုင် ပြောပြခဲ့သည်။ နောက်တော့ သူတို့လည်း မကျင်းပသည်မှာ ကြာပြီဖြစ်သည်။

"ရွေးချယ်ပွဲရှိတော့ ဘာဖြစ်လဲအဘိုး ကျွန်တော်နဲ့ ဆက်စပ်မှုရှိလို့လား" ရှီမာယူယူ နားမလည်ပေ။

"လွန်ခဲ့တဲ့ ၃နှစ်က ရွေးချယ်ပွဲလုပ်ခဲ့တယ်၊ ဒါပေမယ့် ငါ ဒဏ်ရာရပြီး သတိမေ့သွားတော့ သူတို့ အဲနေရာကို မဖြည့်နိုင်ဘူး၊ အဲဒါကြောင့် ရွေးချယ်ပွဲက နောက်တစ်ဆင့်ကို မတက်တော့တာ" ရှီမာတိုင် ပြောလိုက်သည်။

"နောက်တစ်ဆင့်က ဘာလဲ"

"ဘိုးဘွားပိုင် နယ်မြေကိုဝင်ပြီး မင်းရဲ့အမွေအနှစ်ကို ရှာရမှာ" ရှီမာတိုင် ထိုစကားပြောသည်နှင့် သူ့မျက်နှာသည် ဖုံးဖိ၍မရနိုင်အောင် စိုးရိမ်မှုတွေနှင့် ပြည့်နှက်ကာ မျက်နှာပျက်သွားသည်။

"ကျွန်တော်ကို အဲဒါကို ဘာလုပ်ပေးရမလဲ" ရှီမာယူယူ ပြောလိုက်သည် "ကျွန်တော်က ရွေးချယ်ပွဲဝင်လို့ မရဘူးလေ"

"ဒါက မင်းကို ငါပေးတဲ့ဆုပဲ" ရှီမာတိုင်သည် စိတ်မရှည်စွာ ဖြည်းညင်းစွာ ပြောလိုက်သည် "ဒီတစ်ခေါက် ဘိုးဘေးပိုင်နယ်မြေကို မင်းနဲ့ မင်းအစ်ကိုတွေ သွားလို့ရတယ်၊ အထူးသဖြင့် မင်းပဲ တကယ်တော့ ငါတို့သွေးသားမဟုတ်တဲ့သူက ဝင်လို့မရဘူး၊ ဒါပေမယ့် ငါ စည်းကမ်းဖောက်ပြီး မင်းကိုဝင်ခွင့်ပေးမယ်"

"ဘိုးဘိုးတို့ မျိုးနွယ်က နှစ်ပေါင်းဒီလောက်ကြာနေပြီ၊ အမွေတွေက တော်တော်များများ ကုန်နေလောက်ပြီ" ရှီမာယူယူ ရေရွတ်လိုက်သည်။ သို့သော် ဘယ်လောက်ပင် သူမ စကားမှာ တိုးပါစေ စံတင်ဝိဉာဉ်၏ နားမှ ပြေးမလွတ်ပေ။

ရှီမာတိုင် အားရပါးရပြုံးကာ ပြောလိုက်သည် "ငါ့ရှီမာမျိုးနွယ် ဘိုးဘေးပိုင်နယ်မြေက ဘာလို့အဲလောက် လွယ်လွယ်နဲ့ကုန်မလဲ၊ မင်းအဲဒါကို စိုးရိမ်ဖို့မလိုပါဘူး"

"ဒါဆို ဘိုးဘိုးက ဘာလို့ စိတ်သောကဖြစ်နေတာလဲ" ရှီမာယူယူ မေးလိုက်သည် "အဲဒါကြောင့် မဟုတ်ဘူးလား"

ရှီမာတိုင် သက်ပြင်းချကာ ဖြည်းညင်းစွာ ခေါင်းရမ်းလိုက်သည် "ငါ သောကရောက်နေတာ အဲဒါကြောင့် မဟုတ်ဘူး၊ ဘာလို့လဲဆိုတော့ အဲဒီဘိုးဘေးပိုင် နယ်မြေမှာ အမွေဆက်ခံတဲ့သူ မရှိတာကြာပြီ"

"အမွေဆက်ခံတဲ့သူတွေ မရှိတော့လို့လား" ထိုကဲ့သို့ အင်အားပါဝင်နေသည်ကို ရှီမာယူယူ အံ့သြသွားသည်။

"အဲလိုပြောလို့ရတယ်" ရှီမာတိုင် သက်ပြင်းချသည် "ငါ့ရှီမာမျိုးနွယ်ဝင်တွေက နှစ်တစ်ထောင်လောက် အဆင့်တစ်စွမ်းအားရှိခဲ့တာမဟုတ်ဘူး၊ ငါတို့အမွေဆက်ခံတဲ့သူတွေကို ပျိုးထောင်ပေးခဲ့တာ"

"အဲဒါကြောင့် လက်ရှိရှီမာမျိုးနွယ်က ဒီနေ့မှာ ဆုတ်ယုတ်ပြီး တခြားအဖွဲ့တွေရဲ့ ပစ်မှတ်ဖြစ်နေတာ" ရှီမာယူယူ နားလည်လိုက်သည်။

ရှီမာတိုင်သည် ရှီမာယူယူအား ကျေနပ်စွာကြည့်လိုက်သည်။ သူသည် အမှန်တကယ်ပင် ဉာဏ်ကောင်းသည်။ များစွာသော မျိုးနွယ်ဝင်များသည် ထိုအချက်အား သတိမထားမိကြသော်လည်း သူသည် အချိန်တိုအတွင်း ရှီမာမျိုးနွယ်ရင်ဆိုင်နေရသည်ကို နားလည်သည်။

"အရင်မျိုးဆက်က လူတွေက အဆင်ပြေသေးတယ်၊ သူတို့က အဲလောက်အားမနည်းကြဘူး၊ ဒါပေမယ့် ရှီမာလင်းနဲ့ တခြားသူတွေကလွဲရင် နောက်မျိုးဆက်တွေက အဲလောက် အလားအလာကောင်းဘူး" ရှီမာတိုင် စိုးရိမ်စွာပြောလေသည်။ ဆက်ပြောရလျှင် ရှီမာမျိုးနွယ်သည် နောက်နှစ်အနည်းငယ်အတွင်း အန္တရာယ်များ ကျရောက်နိုင်သည်။

"ဘိုးဘိုးတို့ရထားတဲ့ အမွေတွေကို နောက်မျိုးဆက်တွေကို ဒီအတိုင်းပေးလို့မရဘူးလား" ရှီမာယူယူ မေးလိုက်သည်။

"အဲအမွေတွေကတော့ ပေးလို့ရတယ် ဥပမာဆိုရင် တစ်ယောက်ယောက်ရဲ့ ကျင့်ကြံနည်းလိုမျိုးပေါ့၊ အဲဒီကနေရတဲ့ ဝိဉာဉ်အရည်အချင်းတွေကလည်း နည်းတယ်၊ ဒေါသမီးတောက်ခုတ်ခြင်းက ငါတို့

မျိုးနွယ်လက်ဆင့်ကမ်းလာတဲ့ အမွေပဲ” ရှီမာတိုင် ပြောလိုက်သည် “အဲဒီ အမွေတွေအများကြီး ပျက်ဆီးသွားတာနမြောစရာပဲ ဘာလို့လဲတော့ ငါတို့လည်းမသိဘူး၊ လွန်ခဲ့တဲ့နှစ်တစ်ရာအတွင်းကို ငါတို့ရှီမာမျိုးနွယ်က ဆုံးရှုံးမှုတွေ ကြုံတွေ့ခဲ့ရတယ်”

“အဲဒါက မြင်သာမြင်ရ မကြင်ရလို့ဖြစ်နေတယ်” ရှီမာယူယူ ပြောလိုက်သည် “တစ်ယောက်ယောက်က အမွေရခဲ့တာ အချိန်ကြာပြီဆိုတော့ သူတို့ဝင်ဖို့အခွင့်အလမ်းမရှိခဲ့ဘူး၊ ပြီးတော့ ကျွန်တော်ကလည်း ရှီမာမျိုးနွယ်ရဲ့ သွေးသားမဟုတ်ဘူး”

“တကယ်ဉာဏ်ကောင်းတယ်” ရှီမာတိုင်သည် ရှီမာယူယူအား မဲ့ပြုံးပြုံးကာကြည့်နေသည် “အမွေအများစုကတော့ ရဖို့ဆို ရှီမာမျိုးနွယ်ဖြစ်ဖို့လိုတယ် ဒါပေမယ့် တချို့ကတော့ မဟုတ်ဘူး၊ မင်း ရဖို့မကြိုးစားကြည့်ချင်ဘူးလား၊ မင်း တစ်ခုခုရလာလိမ့်မယ်လို့ ဘယ်သူသိမလဲ”

ရှီမာယူယူသည် သူမ မေးစေ့အားကိုင်ပြီး နာခေါင်းထိပ်အားပွတ်ပြီး အချိန်တစ်ခုစဉ်းစားပြီးနောက် ပြောလိုက်သည် “ကောင်းပါပြီ ကျွန်တော့် စရိုက်က သာမာန်ထက်ပိုနေတော့ ဘယ်သူသိမလဲ.... အခွင့်အရေးကောင်းကောင်း ရနိုင်တာပဲ”

ရှီမာတိုင်သည် စကားလုံးမဲ့ဖြစ်သွားသည်။ ဒီကောင်က တကယ်ပဲ ကိုယ့်ကိုယ်ကို အထင်ကြီးတာပဲ။

“ကောင်းပြီ အခု ငါတို့မင်းရဲ့ အပြစ်ပေးတာကိုပြောရအောင် ဟုတ်ပြီလား”

ထိုစကားအားကြားသောအခါ ရှီမာယူယူ ချက်ချင်းပင် မျက်နှာညှိုးသွားပြီး ပြောလိုက်သည် “ကျွန်တော့်ကို ဘယ်လိုအပြစ်ပေးမှာလဲ”

“တကယ်ရိုးရှင်းပါတယ်” ရှီမာတိုင်သည် အခွင့်အရေးကောင်းကို ဆုပ်ကိုင်လိုက်ရသလိုပင် ပြုံးလိုက်သည်။

သူ့အပြုံးအား ရှီမာယူယူတွေ့သည်နှင့် ကြက်သီးထသွားသည်။ ဒါက မြေခွေးအိုကြီးက သူမကို ပစ်မှတ်အဖြစ်ထားလိုက်တာပဲ။

မျှော်လင့်ထားသည့်အတိုင်းပင် ရှီမာယူယူ ခန်းမကြီးမှ ထွက်ခာချိန်တွင် သူမ မျက်နှာသည် ရှုံမဲ့ကာ ပြန်လှည့်ပြီး မိန်းတံခါးပေါက်အား စိတ်ထိခိုက်စွာကြည့်လိုက်သည်။ သူမ သက်ပြင်းချကာ ထွက်သွားသည်။

ခန်းမထဲတွင် ရှီမာတိုင်သည် နီရဲဆဲဖြစ်သော သူ့မျက်နှာအားထိကာ ကျိတ်ရယ်နေသည် “ငါ့မျက်နှာကို ဘယ်သူမှ မရိုက်ဖူးဘူး၊ အဲနှစ်ချက်အရိုက်ခံရတာကို လွယ်လွယ်နဲ့ကျော်သွားမယ်ထင်လား”

သူပြောသည်ကို ရှီမာယူယူကြားပါက သူမ ချက်ချင်းသွေးထွေးထုတ်မည်ဖြစ်သည်။ သူ့အား ရိုက်သည်မှာ သူမ မဟုတ်သော်လည်း ရှီမာယူလီကို သူမ အကျပ်ရိုက်စေသည်။

သူမ အိမ်သို့ပြန်ရောက်ချိန်တွင် ရှီမာလိုင်နှင့် တခြားသူများသည် သူမအား စောင့်နေကြသည်။ သူမ ထွက်လာသည်နှင့် မျက်မှောင်ကြုတ်လာသည်ကို တွေ့သည်နှင့် မေးလိုက်သည် “မျိုးနွယ်ခေါင်းဆောင်က မင်းကို ပွဲကြမ်းလား”

ရှီမာယူယူ ခေါင်းညိမ့်ပြီးမှ ခေါင်းရမ်းကာ သက်ပြင်းချလိုက်သည်။

"ညီလေး ၅ မျိုးနွယ်ခေါင်းဆောင်က မင်းကို အကျပ်ရိုက်အောင်လုပ်လား၊ အဲလိုဆိုရင်တော့ ငါတို့မင်းနဲ့အတူ ထွက်သွားမယ်" ရှီမာယူလီပြောလိုက်သည်။

"အဲလိုမဟုတ်ပါဘူး" ရှီမာယူယူ ပြောလိုက်သည် "သူက သမီးကို အတင်းအစ်တာပဲရှိတယ်"

"သူ မင်းကို ဘယ်လိုအစ်လဲ" ရှီမာလိုင် အနည်းငယ်သိချင်သွားသည်။ သူသည် ရှီမာတိုင်အား မြေခွေးလေးကဲ့သို့ အမြဲခံစားခဲ့ရသည်။ အခုတော့ သူက မြေခွေးအိုဖြစ်နေလေပြီ။

"သူက မျိုးဆက်သစ်တွေရဲ့ အင်အားကို တစ်ဆင့်ချင်းဆီ တိုးသွားအောင် လုပ်ခိုင်းတယ်" ရှီမာယူယူ ပြောလိုက်သည် "အဲမြေခွေးအိုကြီး သူ့အားနည်းချက်ကိုတွေ့လို့ကတော့.."

"ဟင် ဒါက မင်းကို ဒုက္ခပေးတာပဲမလား" ရှီမာယူလီ စိုးရိမ်သွားသည်။

ရှီမာယူရန်လည်း မျက်မှောင်ကြုတ်သွားကာ ပြောလိုက်သည် "မင်းသူ့အသက်ကို ကယ်ခဲ့တယ်၊ ဒါပေမယ့် သူ့ကို ရိုက်တဲ့နစ်ချက်က မင်းရိုက်တာမဟုတ်ဘူးလေ"

"လွန်ခဲ့တဲ့ သုံးနှစ်ကလုပ်ခဲ့တဲ့ ဘိုးဘွားပိုင်မြေသွားတာကို မျိုးဆက်သစ်တွေနဲ့ ကျွန်တော် လိုက်သွားရမယ်လို့ သူပြောတယ်" ရှီမာယူယူ ပြောလိုက်သည် "ဒီအပြစ်ပေးတာကို ဆုရတာနဲ့ ချေချင်လည်းရတယ်လို့ သူပြောတယ်..."

"ဒါဆို မင်းဘာလို့ မချေပစ်လဲ" သူမကို ငတုံးကဲ့သို့ ရှီမာယူလီကြည့်လိုက်သည်။

"ဘိုးဘွားပိုင်နယ်မြေက ဆယ်နှစ်တစ်ခါမှဖွင့်တာတဲ့၊ အခွင့်အရေးရဖို့ခက်တယ်၊ ဘယ်လိုအခွင့်အရေး မျိုးရလာမလဲ ဆိုတာ ဘယ်သူမှမသိဘူးလေ၊ ဘယ်လိုလုပ် အပြစ်ပေးတာကို ချေလို့ရမလဲ" ရှီမာယူယူပြောလိုက်သည် "ဘယ်လိုပဲဖြစ်ဖြစ် အဲဒီဆေးတွေအတွက် ပါဝင်ပစ္စည်းတွေယူလာတာ သမီးမဟုတ်ဘူးလေ ပြီးတော့ သမီးက ဆေးဖော်တဲ့နည်းလမ်းနဲ့ ဆေးဖော်ပြီး မိစ္ဆာတွေကိုထိန်းကျောင်းတာပဲ ရှိတာ၊ ပြီးတော့ ဝိညာဉ်မိစ္ဆာတွေကို ထိန်းကျောင်းရင်း အကျိုးအမြတ်လည်းရသေးတယ်"

သူမသည် ရှီမာတိုင်က သူမအား အပြစ်ပေးခြင်းကို မကျေနပ်ခြင်းမဟုတ်ပဲ ဖိအားပေးခံရသည်ကို မပျော်ရွှင်ခြင်းဖြစ်သည်ကို ရှီမာယူရန်နှင့် တခြားသူများ နားလည်လိုက်သည်။

"ဟူး.. အစ်ကိုတို့အားလုံး ဘိုးဘွားပိုင်နယ်မြေသွားဖို့ သူခေါ်တာစောင့်ရမယ်၊ သမီးကတော့ စိတ်ဒဏ်ရာအတွက် ဟင်းသွားချက်လိုက်ဦးမယ်၊ ဟူး.. သူ့ကိုကယ်ခဲ့တာ ပဲကို၊ တရားမျှတမှုမရှိလိုက်တာ" ရှီမာယူယူသည် ဟင်းချက်ရန် စားဖိုဆောင်သို့သွားရင်း ရေရွတ်လိုက်သည်။

သူမ၏ ရိုင်းစိုင်းသောအပြုအမူအားကြည့်ရင်း ရှီမာယူမင်နှင့် တခြားသူများသည် ရယ်မောလိုက်ကြသည်။ သူမ ၁၅နှစ်တွင် ပြောင်းလဲမှုကြီးဖြစ်ပြီးသည့်နောက်တွင် သူမ ဝမ်းနည်းသည်ကို မမြင်ဖူးခဲ့ပေ။

"ဘိုးဘွားပိုင်မြေက တကယ်ကောင်းတဲ့နေရာပဲ၊ ဝင်သွားရင် ဘယ်လို အခွင့်အရေးတွေရှာတွေ့မလဲဆိုတာ ဘယ်သူမှမသိနိုင်ဘူး၊ အရင်ကတော့ ဝိညာဉ်ဇကေရာဇ်ဝင်သွားတာ ပြန်ထွက်လာတော့ ဝိညာဉ်နယ်ရှင် ဖြစ်လာတယ်၊ အဲမှာ ထူးခြားတဲ့ ဝိညာဉ်အရည်အချင်းတွေသင်ပေးတဲ့ဟာ ရှိတယ်" ရှီမာလိုင် ပြောလိုက်သည် "မင်းတို့အားလုံး ရတဲ့အခွင့်အရေးကို ကောင်းကောင်းဆုပ်ကိုင်ရမယ်၊ ဒါက ယူယူက မင်းတို့အတွက် ရအောင်လုပ်ပေးခဲ့တာပဲ"

"ဟုတ်ကဲ့ပါ" သူတို့လေးယောက်ခေါင်းညိမ့်လိုက်သည်။

ထိုအချိန်တွင် တစ်စုံတစ်ယောက်က အသားခုတ်ထစ်သံထွက်လာပြီး အဲနောက်တွင် အံကြိတ်ကာ ပြောသော အသံတစ်သံထွက်လာသည် "ငါ ဒီနေ့ မြေခွေးအသားလုံးတွေ စားမယ်၊ ငါ ဖြတ်မယ် ဖြတ်မယ်.. ဖြတ်...ဖြတ်.."

**အခန်း(၁၀)**

**အပိုင်း(၂၄၈)-မြေခွေးအိုနှင့် မြေခွေးငယ်ကြားက ကစားပွဲ**

နှစ်ရက်အကြာတွင် ရှီမာယူယန်သည် ဘိုးဘေးပိုင်မြေသို့သွားမည်ဟု ပြောကာ သူတို့အား ပင်မအိမ်တော်သို့ လာရန် သတင်းပေးလေသည်။

"မင်းဘာတွေ စားနေတာလဲ" သူ ရှီမာယူယူဘေးလာကာ သူမ တစ်စုံတစ်ရာစားနေသည်ကို တွေ့သည်နှင့် မေးလိုက်သည်။

သူ အိမ်ထဲသို့ဝင်သည်နှင့် ထိုအနံ့ရပြီးသားဖြစ်သည်။

ရှီမာယူယူ ခေါင်းမော့ကာ သူ့အားကြည့်ပြီး ကျောက်စားပွဲပေါ်မှ စားစရာများကို ညွှန်ပြကာ သူ့အား ရွတ်ပြတော့သည် "ဒါက မြေခွေးနပ်၊ မြေခွေးကြော်၊ မြေခွေးခေါင်းစွပ်ပြုတ်၊ မြေခွေးခြေထောက်နပ်၊ မြေခွေးနတ်နတ်စင်း၊ မြေခွေးပြုတ်ချက်၊ မြေခွေးကင်...."

ရှီမာယူယန်တွင် မှောင်မိုက်သောလိုင်းကြောင်းပေါ်လာသည်။ ဒီလူက တကယ်ပဲ မြေခွေးကို ဆန့်ကျင်နေတာလား။

ရှီမာယူယူ ဟင်းအမျိုးအမည်အား ရွတ်ပြပြီးနောက် ခေါင်းမော့ကာ မေးလိုက်သည် "မင်းစားချင်လို့လား"

ထိုသို့ပြောပြီးနောက် လက်ဆန့်ကာ သူ့အား မြေခွေးခြေတစ်ချောင်းပေးလိုက်သည်။

ရှီမာယူယန် မြေခွေးခြေထောက်အား တစ်ကိုက်ကိုက်လိုက်သည်။ အသားအတွင်းရောက်လေ မွှေးကြိုင်ပြီး စပ်လေဖြစ်သည်။ တကယ် အရသာရှိတာပဲ။

ရှီမာယူမင်နှင့် တခြားသူများသည် အိမ်ထဲမှ ထွက်လာကာ ပျော်ရွှင်စွာ စားသောက်နေသော ရှီမာယူယန်အား တွေ့လိုက်ရသည်။ သူတို့ ပြုံးကာပြောလိုက်သည် "ယူယူရဲ့ ဟင်းချက်လက်ရာက တကယ်မဆိုးဘူး မလား"

"အင်း အရသာရှိတယ်" ရှီမာယူယန် ခေါင်းညိမ့်ပြီး ပြောလိုက်သည်။

ရှီမာယူယူ မျက်လုံးလှန်ကာ ပြောလိုက်သည် "အရသာရှိတယ်ဆိုရင် မျိုးနွယ်ခေါင်းဆောင်ကို ယူသွားပေးလိုက်လေ၊ ငါ ဒီရက်အတွင်း မြေခွေးသားတွေစားနေရတာ အီနေပြီ၊ ငါတို့ကို ဘိုးဘွားပိုင်မြေကို သွားခိုင်းထားမှတော့ မျိုးနွယ်ခေါင်းဆောင်ကို ကျေးဇူးတင်ရမယ်လေ"

ရှီမာယူယန် ခေါင်းညိမ့်ကာပြောလိုက်သည် "ကောင်းပြီ ငါယူသွားပေးမယ် မနက်ဖြန် စောစောကို ပင်မအိမ်တော်ကို လာခဲ့ဖို့ မမေ့နဲ့နော်"

"ကောင်းပြီ" ရှီမာယူယူ ပြောပြီး အားရပါးရပြုံးကာ ရှီမာယူယန် စားပွဲတစ်ခုလုံးအား မှော်ဝင်လက်စွပ်အတွင်း ထည့်ပြီး ထွက်သွားသည်ကို ကြည့်နေလိုက်သည်။

"ဟား ဟား ဟား" သူမ စားပွဲအားရိုက်ပြီး ဟားတိုက်ရယ်မောလိုက်သည်။

ရှီမာယူမင် ခေါင်းရမ်းပြီး ပြောလိုက်သည် "ဟူး... မင်းကတော့"

ရှီမာယူယန်သည် ရက်ပိုင်းအနည်းငယ်ထွက်သွားရမှ မနေ့ကမှ ပြန်လာခြင်းဖြစ်သည်။ သူပြန်လာသည်နှင့် သူ့အဘိုး ပြန်နေကောင်းပြီး ကယ်သူမှာ ရှီမာယူယူဖြစ်သည်ဟုကြားသည်နှင့် ကျေးဇူးတင်လျက်ရှိလေသည်။

"ဒီကောင်ကတော့ ဘာမဆိုလုပ်ရဲတယ်" သူသည် ရှီမာတိုင်၏ မြေးအရင်းဖြစ်ပြီး ရှီမာယူယူနှင့် သူ့အဘိုးကြားတွင် ဖြစ်ခဲ့သည့်ကိစ္စများကို သူ မသိပေ။

သူ မှော်ဝင်လက်စွပ်ထဲမှ မြေခွေးသား အပြည့်ခင်းထားသော စားပွဲထုတ်လိုက်သည်နှင့် သူ့အဘိုး ဘယ်လို မျက်နှာမျိုးဖြစ်သွားမည်ကို သိချင်နေသည်။

"အဘိုး" သူ ရှီမာတိုင်၏ စာကြည့်ခန်းလာလိုက်ကာ အခန်းထဲတွင် သူတစ်ယောက်တည်း ရှိနေလေသည်။

"သူတို့ကို ပြောပြီးပြီလား" ရှီမာတိုင် ခေါင်းမော့ပြီး မေးလိုက်သည်။

"ဟုတ်ကဲ့ ပြောပြီးပါပြီ" ရှီမာယူယန်ပြောလိုက်သည် "အဲဒီကနေ ကောင်းတာလေးတွေတောင် ယူခဲ့သေးတယ်၊ အဘိုးကိုလေးစားလို့ ပေးတယ်လို့ ယူယူပြောတယ်"

"ဩော် ဟုတ်လား" ရှီမာတိုင် ခေါင်းမော့ကာ သူ့အားကြည့်လိုက်သည်။ သူ့မျက်လုံးထဲမှ ရယ်လိုမှုကို ဖုံးကွယ်ထားသည်ကို ကြည့်ပြီး ကောင်းသည့်အရာမဟုတ်သည်ကို သူ သိလိုက်သည်။

ရှီမာယူယန် လျှောက်လာကာ လက်ဝှေ့လိုက်သည်နှင့် အရသာရှိသော ဟင်းပွဲများပြင်ထားသော စားပွဲပေါ် လာပြီး အိမ်ထဲတွင် အသားနံ့များ ပြည့်နက်သွားလေသည်။

"ယူယူဒါတွေချက်ထားတာ၊ အဘိုးက သူတို့ကို ဘိုးဘွားပိုင်နယ်မြေကို လွှတ်ပေးလို့ ကျေးဇူးတင်တဲ့အတွက်တဲ့၊ အဲဒါ စားကြည့်စေချင်လို့ပါတဲ့" ရှီမာယူယန်သည် ပြုံးပြီးပြောလိုက်သည်။

"အဲဒါ ဘာတွေလဲ"

ရှီမာယူယန်သည် ဟင်းတစ်မည်စီကို မိတ်ဆက်ပေးလေသည် "ဒါက မြေခွေးနပ် ၊မြေခွေးကြော်၊ မြေခွေးခေါင်းစွပ်ပြုတ်၊ မြေခွေးခြေထောက်ဟင်းခတ်ဟင်း၊ မြေခွေးနတ်နတ်စင်း၊ မြေခွေးပြုတ်ချက်၊ မြေခွေးကင်ပါ"

ရှီမာတိုင် ပါးစပ်အဟောင်းသားဖြစ်သွားသည်ကိုတော့ ရှီမာယူယန် သတိမထားမိလိုက်ပေ။ သူ ကျိတ်ရယ်သော်လည်း မသိသာပေ။

ရှီမာတိုင် မြေခွေးခြေထောက်ယူ၍ ကိုက်ကာ ပြောလိုက်သည် "အရသာမဆိုးဘူးလို့ သူ့ကို သွားပြောလိုက်၊ အဲဒီ မြေခွေးက ရင့်နေတာတော့ နမြောစရာပဲ၊ အသားက ခြောက်တောက်တောက်ဖြစ်နေတယ်၊ ဘာလို့ မြေခွေးအသားနလေးတွေ မချက်တာလဲလို့"

ရှီမာယူယန် ထိုစကားအား ပြောပြသည်ကို ရှီမာယူယူကြားချိန်တွင် သူမ လက်ထဲတွင် မြေခွေးအသားခဲများကို ကိုင်ထားလျက်ရှိသည်။ ထို့နောက်တွင် သူမ ပြောလိုက်သည် "ဒီမြေခွေးအသားလုံးတွေ ရင့်နေပြီလို့တော့ သေချာပေါက်ပြောမှာမဟုတ်ပါဘူး"

ထိုသို့ပြောပြီးနောက် သူမ အသားများကို ရက်စက်စွာ ခုတ်ထစ်လေသည်။

ရှီမာယူယန်သည် သူမ အပြုံးအားဂကည့်ပြီး သူတို့ မှာစကားများကို ပြောကြားပေးလေသည်။

မြေခွေးအိုနှင့် မြေခွေးငယ်....သူ့အဘိုးအား မျက်နှာပျက်အောင် လုပ်သည့်သူကို သူ ပထမဆုံးအကြိ မ်မြင်ဖူးခြင်းဖြစ်သည်။

သူမ အသားလုံးများပြင်ဆင်ပြီးသည်အထိ သူ စောင့်နေလိုက်သည်။ ရှီမာယူယန် အရသာမြည်းပြီးနောက်တွင် ပန်းကန်ယူကာ ရှီမာတိုင်အား သွားရှာလေသည်။

အချိန်တိုအတွင်းတွင် သူ သတင်းပြန်ယူလာကာ ပြောလေသည် "အသားလုံးတွေက အရသာရှိတယ်၊ နောက်ထပ် သူ ကြက်ကင်စားချင်တယ်တဲ့"

"ဒုန်း"

ရှီမာယူယူသည် လက်ထဲမှ ဓားမကို စဉ်းတီတုံးပေါ် သို့ ပြင်းထန်စွာ ဆောင့်ချကာ အံကြိတ်ပြီး ပြောလိုက်သည် "ငါ့ကို စားဖိုမှူးဖြစ်အောင် လုပ်နေတယ်၊ ဒီသခင်ကြီးက ဒီနေ့ပင်ပန်းနေပြီ၊ ငါမလုပ်တော့ဘူး"

ရှီမာယူယန် ရှီမာတိုင်အား ထိုအကြောင်း ပြန်ပြောသော်လည်း ရှီမာတိုင်ပြုံးကာ ပြောလိုက်သည် "မြေခွေးငယ်ကတော့ မြေခွေးငယ်ပါပဲ"

သို့သော် မြေခွေးအသားဇာတ်လမ်းကတော့ ထိုနေရာတွင် အဆုံးသတ်သွားလေသည်။

နောက်တစ်နေ့တွင် ရှီမာယူယူနှင့် သူမအစ်ကို လေးယောက်တို့သည် ပင်မအိမ်တော်သို့ သွားလေသည်။ အရေအတွက် တစ်ရာကျော်လောက်ရှိသော လူငယ်များသည် ထိုအိမ်ကြီးရှေ့တွင် ရောက်နေပြီးဖြစ်သည်။

"ရှီမာမျိုးနွယ်မှာ ဒီလောက်လူတွေအများကြီးရှိတာ အရင်ကမသိခဲ့ဘူး အခုမှသိတော့တယ်" ရှီမာယူလီသည် အခန်းဘေးတွင် ရပ်ကာ အံ့အားသင့်စွာပြောလေသည်။

"ပြီးတော့ ဒီလူတွေက အရွေးခံပြီးသားလူတွေပဲ" ရှီမာယူယူ ပြောလိုက်သည် "ဘိုးဘွားပိုင်နယ်မြေအတွက် လူ ၁၅၀ လောက်ပဲရွေးတယ်လို့ ပြောတယ်၊ မဟုတ်ရင် ဒီထက်လူပိုများမှာပဲ"

"ရှီမာခိုင်နဲ့ သူ့လူတွေမရှိတော့ ငါတို့က သူတို့နေရာကို ယူလိုက်တာပဲ" ရှီမာယူမင် ပြောလိုက်သည်။

"ဒါက သူများကို ပိုအဆင်မပြေစေတာပဲ၊ အဲဒီမြေခွေးအိုကြီးကတော့" ရှီမာယူယူ အံကြိတ်လိုက်သည်။

ရှီမာယူယူသည် မျိုးနွယ်ခေါင်းဆောင်အား အသက်ကယ်ပေးထားပြီး သူတို့အား ဘိုးဘွားပိုင်နယ်မြေအား ဝင်ခွင့်ပြုထားသည်ကို အားလုံးသိကြသည်။ သူတို့အားမြင်သောအခါ တခြားထင်မြင်ချက်မရှိပဲ သူတို့အား မိတ်ဆွေကောင်းများကဲ့သို့ ဆက်ဆံကြလေသည်။

ရှီမာတိုင်၊ ရှီမာလင်းနှင့် သက်ကြီးပုဂ္ဂိုလ်များအဖွဲ့သည် အိမ်သို့ရောက်လာကာ အခန်းထဲရှိလူများအား စစ်ဆေးကြည့်လိုက်သည်။ အထူးသဖြင့် မျက်နှာရှုံ့မဲ့နေသော လူတစ်ယောက်အားတွေ့သည်နှင့် မြေခွေးအိုကြီးသည် အားရဝမ်းသာပြုံးလိုက်သည်။

သူ လက်ရမ်းလိုက်ရာ တစ်အိမ်လုံး ငြိမ်ကျသွားလေသည်။

"လွန်ခဲ့တဲ့ သုံးနှစ်က မင်းတို့အားလုံး ရွေးချယ်ပွဲကိုအောင်ခဲ့တယ်၊ ဒါပေမယ့် ငါဒဏ်ရာရပြီး သတိမေ့သွားတော့ မင်းတို့အားလုံး အခုထိဘိုးဘွားပိုင်မြေကို မဝင်ရသေးဘူး၊ ဒီနေ့ မင်းတို့အတွက်ငါ နယ်မြေကိုဖွင့်ပေးမယ်၊ ဝင်ပြီး မင်းတို့ရဲ့ အမွေတွေကို ရှာတော့"

ဝိဉာဉ်ရှို်များကို ဘက်ပေါင်းစုံကို ပစ်လွှတ်လိုက်သော ရှီမာလင်းအား သူ ကြည့်လိုက်သည်။ မြေပေါ်တွင် စီးဆင်းသွားသော ထိုအလင်းတန်းများ တစ်အိမ်လုံးပြည့်နှက်သွားသည်။ ထိုအရာသည် ဖြတ်လမ်း တည်ဆောက်မှုပဲ။

ရှီမာယူယူ မူးဝေသွားကာ သူမ ခြေထောက်များ မြေပြင်တွင်တည်ငြိမ်သည်အထိ စောင့်လိုက်သည်။ သူတို့သည် ရှီမာအိမ်တော်မှ ထွက်ခွာပြီးကာ တောင်ရှေ့တွင် ရောက်နေကြသည်။

"ဒါ ဘာတောင်လဲ"

"ငါတို့ အိမ်အနောက်က တောင်နဲ့မတူဘူးလား"

"အဲလိုတော့ မထင်ဘူး၊ ငါတို့ဘိုးဘွားပိုင်နယ်မြေနဲ့ ဝေးမနေဘူးလား"

အားလုံးသည် သူတို့ရောက်ရှိသည့်နေရာကို ခန့်မှန်းနေကြသည်။ ရှီမာယူယူသည် အခုဖြတ်လာသော ဖြတ်လမ်းတည်ဆောက်မှုကို ပြန်တွေးနေသည်။

"မြေပြင်က ဖြတ်လမ်းတည်ဆောက်မှုက အရင်ကတည်းကရှိတာမဟုတ်ဘူး၊ ဖြတ်လမ်းတည်ဆောက်မှုကို အကြမ်းဖျင်းလုပ်ဖို့အတွက် ဝိဉာဉ်ရှိန်ကိုသုံးလိုက်တာပဲ၊ အဘိုးလင်းရဲ့ ဖြတ်လမ်းအရည်အချင်းက မနိမ့်ဘူး၊ အချိန်ရှိရင်တော့ သူ့ကို အဓိကအချက်လေးတွေကို မေးရမယ်" သူမ တိတ်တိတ်လေး တွေးမိသည်။

ဖန်ကျိုရှင်းထွက်သွားပြီးနောက်တွင် သူမ တည်ဆောက်ခြင်းအတွက် ကိုယ်တိုင် စမ်းတဝါးဝါးလုပ်ခဲ့ရသည်။ သူမ ကိုယ်တိုင်လေ့လာခြင်းသည် မဆိုးလှသည်ဟု တွေးသော်လည်း ရှီမာလင်းကဲ့သို့ အဓိကအချက်များကို တိုးတက်အောင် သေချာပေါက်လုပ်ရန် ရှိသည်။

"ဘိုးဘွားပိုင်မြေပွင့်ပြီးရင်တော့ မင်းတို့အားလုံး ဝင်ပြီး အမွေတွေကို ရှာရမယ်၊ မင်းတို့အတွက် အချိန်၂ရက်ရတယ်" ရှီမာတိုင်ပြောလိုက်သည်။

"နက်ရက် တိုလိုက်တာ" အားလုံး အံ့အားသင့်ကြသည်။

"ငါပြောတာနားထောင်ဦး" ရှီမာတိုင် လက်ဝှေ့ကာ ပြောလိုက်သည် "အထဲမှာ အပြင်နဲ့ ကွာတယ်၊ တစ်ရက်က အဲမှာ နေးတယ်၊ မင်းတို့အားလုံး အဲအထဲမှာ အချိန် ၂လဖြစ်သွားမယ်"

"ဝါး မိုက်လိုက်တာ"

ရှီမာယူယူ စိတ်များလှုပ်ရှားလာသည်။ တကယ်ပဲ ဝိဉာဉ်စေတီနဲ့ ဆင်တူတာပဲ။

"တချို့အမွေတွေက စာမေးပွဲစစ်ပြီးမှ ရမယ့်ဟာတွေရှိတယ်၊ မင်းတို့ဝင်တာနဲ့ အခွင့်အရေးကို ရအောင်ယူပါ"

သူပြောပြီးနောက်တွင် ချိတ်တံဆိပ်အသေးယူပြီး တောင်ခြေရှိ မြောင်းတွင် ထားလိုက်သည်။

"ဝုန်း ဝုန်း"

နံရပ်တစ်ခုသည် လူတစ်ယောက်ကဲ့သို့ ယိမ်းထိုးကာ ဥမင်တစ်ခုပေါ်လာသည်။ အဖြူရောင်အလင်းတန်းသည် တောင်ပေါ်မှ ပေါ်လာကာ လူငယ်များဆီသို့ တည့်တည့်ပစ်လွှတ်လိုက်လေသည်။ အဖြူရောင်အလင်းတန်းများ အရောင်ဖျော့သွားချိန်တွင် ရှီမာတိုင်နှင့် တခြားသူများ ကျန်ခဲ့လေသည်။

**အခန်း(၁၁)**

**အပိုင်း(၂၄၉)-ကောင်းကင်ဘုံနယ်မြေ**

ရှီမာယူယူသည် အဖြူရောင်အလင်းတန်းထဲသို့ ဆွဲသွင်းခြင်းခံလိုက်ရသည်။ သူမ မျက်စိဖွင့်သည်နှင့် သူမနှင့် သူမ အစ်ကိုလေးယောက်တို့သည် တခြားနေရာတစ်နေရာတွင် ရပ်နေကြပြီးဖြစ်သည်။

"ဒီနေရာက...လယ်ကွင်းလား"

အားလုံးသည် တအံ့တသြဖြင့် ရှုခင်းအားကြည့်နေကြသည်။ မြက်ပင်များသည် စိမ်းစိုကာ ထူထပ်လှသည်။ ဒါက လယ်ကွင်းမဟုတ်ရင် ဘာလဲ။

"ဒါက ဘိုးဘွားပိုင်နယ်မြေလား ဘာမှလည်းမရှိဘူး" ရှီမာယူလီပြောလိုက်သည်။

ရှီမာယူယူ လှည့်ပတ်ကြည့်ကာ ပြောလိုက်သည် "ဖြစ်နိုင်တယ် အဲဒီမြေခွေးအိုကြီးက ဒီနေရာက ဘယ်လိုနေရာလဲဆိုတာ မပြောလိုက်ဘူး၊ ဒီမှာ အခွင့်အလမ်းများတယ်ဆိုတာပဲ ပြောလိုက်တာ၊ အရမ်းကျယ်တဲ့ နေရာပဲဖြစ်လိမ့်မယ်"

"ဒီမှာ ဘာမှမရှိဘူး၊ ဘယ်လိုအခွင့်အရေးတွေ ဘယ်လို အမွေတွေရမှာလဲ" ရှီမာယူလီ ပြောလိုက်သည်။

"ဘယ်လိုပဲဖြစ်ဖြစ် ဒီအခွင့်အရေးက ကျွန်တော်တို့အတွက် လက်ဆောင်ပဲလေ၊ တစ်ခုခုရလာမယ်ဆိုရင် ယူလိုက်ရုံပဲ၊ ဘာမှမရဘူးဆိုရင်လည်း ဘိုးဘွားပိုင်နယ်မြေရဲ့ပုံစံကိုကြည့်ပြီး ပြန်ကြ တာပေါ့" ရှီမာယူယူ သူမ စိတ်ထဲတွင် ထိုကဲ့သို့ တွေးထားသည်။

ရှီမာယူရန် ခေါင်းညိမ့်ကာ ပြောလိုက်သည် "ဒီနောက်ပိုင်း အမွေတွေလည်း နည်းနည်းလာတယ်ဆိုတာကို မျိုးနွယ်ခေါင်းဆောင်ပြောထားတယ်ဆိုတော့ ရှိမယ့်ပစ္စည်းအရေအတွက်ကလည်း နည်းမယ်ထင်တယ်"

"အမှန်ပဲ" ရှီမာယူလီ ခေါင်းညိမ့်သည်။ ရှီမာယူယူ သံသယရှိစွာဖြင့် ပတ်ဝန်းကျင်အားလှည့်ပတ်ကြည့်နေသည်ကို ကြည့်ကာ မေးလိုက်သည် "ယူယူ မင်းဘာတွေကြည့်နေတာလဲ"

"ဒါက ဝိဉာဉ်စေတီလိုမျိုး ဝိဉာဉ်လက်နက်ရဲ့အတွင်းနဲ့ တူတဲ့နေရာမျိုးလားလို့ စဉ်းစားနေတာ" ရှီမာယူယူ ပြန်ဖြေသည်။

"မဖြစ်နိုင်ဘူး" ဝိဉာဉ်လေးသည် ကန့်ကွက်သည့်အသံထွက်လာသည် "ဝိဉာဉ်လက်နက်ထဲမှာ နေနိုင်တာ ငါတစ်ယောက်ပဲရှိတယ်၊ ဒီနေရာက ဝိဉာဉ်လက်နက်ဆိုတာ မဖြစ်နိုင်ဘူး"

"ဒါက ဝိဉာဉ်လက်နက်မဟုတ်ရင် ဘာလဲ" ရှီမာယူရန် ပြောလိုက်သည်။

ဝိဉာဉ်လေးသည် လျှပ်တပြက်ပင် ရှီမာယူယူ၏ ရင်ခွင်ထဲတွင် ပေါ်လာသည်။ ဝိဉာဉ်စေတီဖြစ်လာသည့် အချိန်မှစ၍ သူသည် လက်နက်အပြင်ထွက်ပြီး လည်လို့ရသည်။

သူသည် ပတ်ဝန်းကျင်အားလှည့်ပတ်ကြည့်ပြီး ပြောလိုက်သည် "ဒါက ကောင်းကင်ဘုံနယ်မြေလိုမျိုးပဲ"

"ကောင်းကင်ဘုံနယ်မြေဟုတ်လား" အားလုံးသည် ဝိဉာဉ်လေးအားကြည့်ပြီး မေးလိုက်သည် "ကောင်းကင်ဘုံ နယ်မြေဆိုတာ ဘာလဲ"

"ဒါက ကောင်းကင်အတွင်းက ကမ္ဘာငယ်လိုမျိုးပဲ" ဟိန်းသံလေးသည် သူ၏ နှုတ်စွယ်စုံကျမ်းအား ဖွင့်လိုက်သည် "ကမ္ဘာဦးတယ်မြေတွေမှာဆိုရင် မျိုးနွယ်အများစုက ဒီလိုနေရာမျိုးရှိကြတယ်။ အများစုကတော့ မျိုးရိုးစဉ်ဆက် ဘိုးဘွားတွေက ဖွင့်ခဲ့တာပဲ"

"ဒါဆို ရှီမာမျိုးနွယ်ကလည်း ဒါမျိုးနေရာရှိနေတာပေါ့" ရှီမာယူရွှီ ပြောလိုက်သည်။

"ရှီမာမျိုးနွယ်က မျိုးရိုးမြင့်တဲ့လောက ကနေလာတာလဲဖြစ်နိုင်တာပဲ" ဟိန်းသံလေး ပြောလိုက်သည် "ဒီလောကက စွမ်းအားရှင်တွေက ကောင်းကင်ဘုံနယ်မြေကိုလုပ်နိုင်တဲ့သူတွေနဲ့ တော့မတူဘူး"

"အဲလိုလည်းဖြစ်နိုင်တာပဲ ဘယ်သူမှမသိနိုင်ဘူးလေ" ရှီမာယူယူ ပြောလိုက်သည် "အပြင်မှာ တစ်ရက်က ဒီမှာ တစ်လဆိုတော့ ဒီမှာ ကျင့်ကြံရင် မကောင်းဘူးလား"

"မဖြစ်နိုင်ဘူး" ဟိန်းသံလေး ပြောလိုက်သည် "ဒီလိုနေရာမျိုးက အသုံးပြုသူရဲ့ အင်အားနဲ့ ဖန်တီးထားတာ၊ တချို့က ရက်နည်းနည်းပဲနေနိုင်သလို တချို့က နှစ်နဲ့ချီအောင်နေနိုင်တယ်၊ ရှေးဟောင်းပြိုင်ပွဲတွေရဲ့ အကောင်းဆုံးအပိုင်းက အဲဒါပဲ၊ သူတို့ဒီလိုနေရာမှာနေတယ်၊ ဒီလိုနေရာမျိုးမှာ နှစ်လဆိုတာ အကန့်အသတ်ရှိတယ်"

"ဒီလိုနေရာမျိုးမှာနေတဲ့သူ ရှိတယ်ဟုတ်လား" ရှီမာယူလီ မျက်လုံးပြူးကာ မေးလိုက်သည်။

"ဟုတ်တယ်" ဟိန်းသံလေးခေါင်းညိမ့်ကာ ပြောလိုက်သည် "ဒါပေမယ့် ဒီလိုနေရာမျိုးမှာ ဝိဉာဉ်စွမ်းအင်တွေ ပိုထူတယ်၊ အချိန်သွားနှုန်းကတော့ အတွင်းအပြင်အတူတူပဲ"

"ဩော် အဲလိုလား" ရှီမာယူလီ အနည်းငယ် စိတ်ပျက်သွားသည်။

"ဒါပေ့ါ အဲလိုပဲလေ" ဟိန်းသံလေးသည် ရှီမာယူလီအား မျက်လုံးလှန်ကြည့်ကာ ပြောလိုက်သည် "ဒီ ကောင်းကင်ဘုံနယ်မြေတွေမှာ သတ်မှတ်ချက်ရှိတယ်၊ သူတို့ မင်းတို့ကို အကုန်ပေးလို့မရဘူး၊ မဟုတ်ရင် ကောင်းကင်နဲ့မြေကြီးက ပြောင်းပြန်ဖြစ်သွားမယ်"

"မင်းဘာတွေ စဉ်းစားလွန်နေတာလဲ" ရှီမာယူရန်သည် ရှီမာယူလီခေါင်းအား ခေါက်ကာ ပြောလိုက်သည် "ငါတို့ ရောက်လာမှတော့ တစ်ခုခုများရာတွေ့မလားလို့ ကြည့်ရအောင်လေ"

ရှီမာယူယူသည် ဝိဉာဉ်လေးအား ပြန်ထည့်ထားပြီး ဟိန်းသံလေးအား ဖက်ကာ အားလုံးနှင့်အတူ သက်တောင့်သက်သာ ဖြစ်မည့် ဘက်သို့ ဦးတည်လျှောက်လာခဲ့သည်။

"ဟူး မမျှော်လင့်စွာနဲ့ပဲ ဒီမှာ ပျံလို့မရဘူး"

"တကယ်မရဘူး"

"ဒါဆို ငါတို့ ပျံနိုင်တဲ့မိစ္ဆာတွေပဲ သုံးလို့ရမှာပေ့ါ" ရှီမာယူယူသည် ငှက်လေးအားခေါ်ကာ သူတို့ခုန်တက်လိုက်သည်နှင့် လှုပ်ရှားသံတစ်သံကြားလိုက်ရသည်။ တစ်စုံတစ်ယောက်သည် သူတို့ရှိရာသို့ အရှိန်ဖြင့် လာနေသည်။

"ရှီမာယူလင်းနဲ့ ရှီမာယူလန်ပဲ၊ ရှီမာယူယန်နဲ့ ရှီမာယူရှင်းလဲပါတယ်"

"သူတို့ဘာလို့ ဝိဉာဉ်မိစ္ဆာအုပ်အလိုက်ခံနေရတာလဲ"

"အဲဒီ ဝိဉာဉ်မိစ္ဆာတွေ... သေစမ်း အဲဒါ အံ့ဖွယ်မိစ္ဆာတွေပဲ"

"ငှက်လေးပေါ်မြန်မြန်တက်" ရှီမာယူယူသည် လေးနက်နေခဲ့သည်။ သူတို့ အံ့ဖွယ်မိစ္ဆာများကို တိုက်ခိုက်နိုင်စွမ်း မရှိပေ။

သူမသည် ရှီမာယူလင်းနှင့် တခြားသူများကြားလောက်အောင် နစ်ကြိမ်လောက် အော်ပြောလိုက်သည်။ သူမ ပြောလိုက်သည် "ခဏလောက်တော့ တောင့်ခံဦး၊ ယူယူရှိတဲ့ဘက်ကို လာခဲ့"

ရှီမာယူလန်နှင့် တခြားသူများသည် အစပိုင်းတွင် အားကုန်နေရာမှ ငှက်လေးအားမြင်သည်နှင့် နောက်ဆုံးကျန်သည့် အားကုန်သုံးပြီး ပြေးတော့သည်။

ငှက်လေးသည် စောင့်ပြီး အားလုံးတက်ပြီးချိန်တွင် အတောင်ပံဖြန့်ကာ ပျံတော့သည်။ အံ့ဖွယ်မိစ္ဆာများသည် မျက်လုံးပြူးများဖြင့် ကျန်ခဲ့လေသည်။

ရှီမာယူယန်သည် ငှက်လေးကျောတွင်လှဲကာ ပြောလိုက်သည် "ပျံနိုင်တဲ့မိစ္ဆာရှိတာ ကောင်းလိုက်တာ၊ ငါတို့ ပြန်ရောက်ရင်တော့ တစ်ကောင်လောက်တော့ ရှာဦးမှပဲ"

"အခုလေးတင် ငါမပြေးနိုင်တော့ဘူးဖြစ်နေတာ၊ မင်းတို့နဲ့သာမတွေ့ရင် ငါတို့သေချာပေါက် ဒုက္ခရောက်တော့မှာ" ရှီမာယူရှင်းသည် ကျေးဇူးတင်စွာပြောလိုက်သည်။

"မင်းတို့အားလုံး ဘယ်လိုလုပ်အဲဒီ အံ့ဖွယ်မိစ္ဆာတွေနဲ့တွေ့သွားတာလဲ" ရှီမာယူရှီ မေးလိုက်သည်။

"ငါတို့က သွားတွေ့တာမဟုတ်ဘူး" ရှီမာယူရှင်း သက်ပြင်းချကာ ပြောလိုက်သည် "ငါတို့လေးယောက် ဝင်လိုက်တာနဲ့ တွေ့တော့တာပဲ၊ ဘယ်လောက်တောင် ဝမ်းနည်းစရာကောင်းတာပဲ"

ရှီမာယူယူ ရယ်မောကာ ပြောလိုက်သည် "မင်းတို့လေးယောက်က ရှီမာမျိုးနွယ်ဆက်ငယ်တွေရဲ့ ကိုယ်စားပြုတွေပဲ၊ မင်းတို့ ကံအဲလောက်ကောင်းမယ်မှန်း ဘယ်သူသိမှာလဲ၊ မင်းတို့ အံ့ဖွယ်မိစ္ဆာအုပ်နဲ့ တွေ့ရတယ်လို့"

"ရှီမာမျိုးနွယ်က အဲဒီအံ့ဖွယ်မိစ္ဆာတွေကို နှင်ထုတ်နိုင်လောက်အောင် အင်အားရှိတယ်မဟုတ်ဘူးလား" ရှီမာယူလီ မေးလိုက်သည်။

"မဖြစ်နိုင်ဘူး" ရှီမာယူယန် ထိုင်လိုက်သည် "ဝင်သွားတဲ့သူတွေက ၃၅နှစ်နဲ့ အောက်တွေပဲ၊ တစ်ခါဝင်ရင် အများဆုံး တစ်ရာပဲဝင်လို့ရတယ်၊ အဲဒီ ဝိဉာဉ်မိစ္ဆာတွေက အသက်က တစ်ရာကနေ ထောင်ချီနေတာ ပြီးတော့ အကုန်လုံးက အံ့ဖွယ်မိစ္ဆာတွေပဲ ဘယ်သူက သူတို့ကို နိုင်မှာလဲ၊ သူတို့ကို ငါတို့နဲ့ ထွက်သွားအောင် လုပ်ဖို့တော့ မပြောနဲ့ သူတို့နဲ့တွေ့ရင် ရှုံးမှာပဲ"

"အရင်တုန်းကတော့ ဘယ်သူမှ အဲဒီအံ့ဖွယ်မိစ္ဆာတွေကို သတိမထားကြဘူး၊ နောက်ဆုံးတော့ သူတို့ အင်အားကြီးကြီးလာတာကိုပဲ ကြည့်နေရတော့တယ်၊ တစ်ယောက်ယောက်သာ သူတို့ကို တစ်ကောင် နှစ်ကောင်လောက် ထိန်းကျောင်းပေးမယ်ဆိုရင်တောင်မှ သူတို့နဲ့ စာချုပ်ချုပ်ဖို့နည်းလမ်းမှရှိလို့ ခေါ်သွားလို့မရဘူး" ရှီမာယူလင်း ရှင်းပြသည်။

"ဝင်လာတဲ့သူတွေကလည်း ၃၅နှစ်နဲ့အောက်ဆိုတော့ မိစ္ဆာထိန်းကျောင်းသူဖြစ်ရင်တောင်မှ သူတို့အဆင့်က မမြင့်တော့ အဲဒီအဲ့ဖွယ်မိစ္ဆာတွေကို ထိန်းကျောင်းဖို့မဖြစ်နိုင်ဘူး" ရှီမာယူရှင်း မှတ်ချက်ပေးသည်။

"ငါတို့သာ အံ့ဖွယ်မိစ္ဆာတွေကို ခေါ်ထုတ်သွားနိုင်မယ်ဆိုရင် ငါတို့ရှီမာမျိုးနွယ်က သေချာပေါက် အားကောင်းလာမှာပဲ နမြောဖို့ကောင်းတယ်..." ရှီမာယူလန် မှတ်ချက်ပေးသည်။

ရှီမာယူယူ သူမ မေးစေ့အားကိုင်ပြီးနောက် အောက်ရှိ အံ့ဖွယ်မိစ္ဆာအုပ်သို့ငုံ့ကြည့်ပြီး ပြောလိုက်သည် "ဒီ တစ်အုပ်လုံးကို ထုတ်ဖို့ နည်းလမ်းရှာရမယ်..."

"ယူယူ ထားလိုက်တော့၊ ငါတို့ပြောပြီးသားမလား သူတို့ကို ထိန်းကျောင်းပြီး စာချုပ်ချုပ်ရဦးမယ် မဟုတ်ရင် သူတို့ ထွက်လို့မရဘူး.." ရှီမာယူယန် ပြောလိုက်သည်။

"ဟီး ဟီး" ရှီမာယူယူ ရယ်ရုံမျှသာ ရယ်လိုက်သည်။

သူမ နောက်ပြောင်နေခြင်းမဟုတ်သည်ကို အစ်ကိုများနှင့် ရှီမာယူလင်းသာ သိသည်။

"ရှီး ရှီး"

သူတို့သည် မြက်ပြင်အားဖြတ်ကာ တောင်ပေါ်သို့တက်သည်နှင့် သူတော်စင် သိမ်းငှက်များ၊ လင်းတငှက်များ ပါဝင်သော ငှက်အုပ်ကြီးသည် ရုတ်တရပ် သူတို့နောက်လိုက်လာကြသည်။

"သေစမ်း ငှက်တွေများလိုက်တာ" ထိုငှက်များအားမြင်သောအခါ ရှီမာယူယန် စိတ်လှုပ်ရှားစွာ ခုန်လိုက်သည်။ သူသည် ကြည့်ရုံမျှကြည့်နိုင်သည်မှာတော့ နမြောစရာကောင်းသည်။

"ဟူး"

ထိုသူတော်စင်သိမ်းငှက်သည် ငှက်လေးအား မီးတောက်လုံးဖြင့် မှတ်ထုတ်ရာ ရှောင်တိမ်းလိုက်သည်။

"အဲငှက်တွေက ရက်စက်လိုက်တာ၊ ငါတို့မှ အခုမှ ပုန်းခါစရှိသေးတယ် သူတို့က လိုက်လာပြီ" ရှီမာယူရှင်း ထိုငှက်များကို ကြည့်ရာ သူတို့၏ မျက်လုံးများသည် သူတို့အား ဝါးစားတော့မလိုဖြစ်ကာ ရက်စက်သည်အသွင်ကို မြင်လိုက်ရသည်။

"အားလုံး ရှစ်ကောင် ကောင်းတာပေ့ါ" ရှီမာယူယူသည် သူတို့အားကြည့်ရင်းပြောလိုက်သည် "ငါတို့တွေ့မှတော့ မင်းတို့အားလုံးကို လက်ဆောင်ပေးမယ်၊ ယူယန်း မင်း ပျံနိုင်တဲ့မိစ္ဆာလိုချင်တယ်လို့ ပြောတ ယ်မလား၊ ငှက်လေး မြေပေါ်ကိုဆင်းလိုက်"

**အခန်း(၁၂)**

**အပိုင်း(၂၅၀)-ဘယ်သူက အမဲလိုက်သူနဲ့ ဘယ်သူက သားကောင်လဲ**

"မဖြစ်နိုင်ဘူး ယူယူ ဒါနောက်ရမယ့်အချိန်မဟုတ်ဘူး၊ ငါတို့မိသွားရင် ငါတို့အသက်ပါသွားတော့မှာ" ရှီမာယူယန် အော်လိုက်သည်။

သူ ပျံနိုင်သည့်ငှက်ကိုလိုချင်သော်လည်း သူ့အသက်ကိုတော့ မပေးနိုင်ပေ။ သူဘယ်လောက်မှ မနေရသေးပေ။

"ဘာတွေကြောက်နေတာလဲ၊ ငါရှိနေတာပဲ ဒီနေ့မင်းကို လက်ဆောင်အကြီးကြီးပေးမယ်" ရှီမာယူယူ အပြုံးဖြင့် ပြောသည်။

ငှက်လေးသည် သူတို့အား မြေပေါ်သို့ခေါ်သွားသည်နှင့် ရှီမာယူယူသည် မြေပေါ်သို့ ပစ္စည်းတစ်ခုအား ပစ်ပြီး ထိုအုပ်စုအား ကြားခွဲရန် လုပ်လိုက်သည်။

"ငါတို့ လူသားတွေမတွေ့ရတာကြာပြီ၊ ဒီနေ့တော့ ဗိုက်ပြည့်တော့မယ်" သိမ်းငှက်ပြောလိုက်သည်။

"လူကိုးယောက် ငါတို့တစ်ကောင် တစ်ယောက်ရတယ်" လင်းတ၏ အသံသည် အနည်းငယ် စူးရှကာ ရက်စက်မှုများ ပြည့်နေသည်။

"ငါအလယ်က ကလေးကိုယူမယ်၊ သူ့အသားက နူးညံ့ပြီး နမှာပဲ၊ သူက အရသာအရှိဆုံးဖြစ်မယ်" သူတော်စင် သိမ်းငှက်ကပြောလိုက်သည်။

"ဒါဆို ငါ အဲမိန်းကလေးကို ယူမယ်"

ရှီမာယူယူသည် ထိုကြီးမားသော ငှက်များကို စကားလုံးမဲ့စွာကြည့်လိုက်သည်။ သူတို့သည် မတိုက်ခိုက်ရသေးနှင့်ပင် ဝေစုခွဲနေကြသည်။ သူတို့ကို အလေးမထားတာပဲ။

"ဟေး ဒီလို ဝေစုခွဲဖို့ကို ငါတို့ခွင့်ပြုချက်ကို မေးရဦးမယ်မလား" သူမပြောလိုက်သောအခါ သူတော်စင်ငှက်အုပ်ကြီးသည် သူမအား အာရုံပြုမိသွားသည်။

"အဲကလေးက ငါတို့ကိုပြောနေတာလား" သူတော်စင်သိမ်းငှက်သည် မယုံကြည်စွာပြောလိုက်သည်။

"ဟုတ်တယ်ထင်တယ်"

"ငါတို့က ငါတို့အစာရာတာလေ ခွင့်ပြုချက်လိုသေးလို့လား"

သူတော်စင်ငှက်သည် သူမအား သတ်ဖြတ်တော့မည့်အကြည့်ဖြင့်ကြည့်သည်။

ရှီမာယူယူသည် လုံးဝမကြောက်ပဲရယ်မောပြီး ပြောလိုက်သည် "ငါတို့က မင်းတို့အစာဖြစ်ဖို့ အစီအစဉ်မရှိဘူး၊ ဒါပေမယ့် မင်းတို့က ငါတို့ရဲ့ စာချုပ်မိတ္တူဖြစ်လာရမယ်"

"စာချုပ်မိတ္တူဟုတ်လား" သူတော်စင်ငှက်များသည် အစပိုင်းတွင် မှင်တက်နေရာမှ ရယ်မောကြလေသည် "မင်းလိုလူက ငါတို့ကို စာချုပ်မိတ္တူအဖြစ်လိုချင်တယ်ဟုတ်လား၊ ငါ တကယ်မယုံနိုင်လို့ပါ"

"ငါ့အစ်ကိုတွေက မင်းတို့ကိုလိုချင်တယ်၊ မင်းတို့ကို သူတို့စာချုပ်မိစ္ဆာဖြစ်စေတောတောင် ဂုဏ်ယူရမယ်" ရှီမာယူယူ ပြောလိုက်သည် "မင်းတို့ဒီနားလာပြီး လိုက်နာရင် နာပါ မဟုတ်ရင် မင်းတို့ တည့်တည့်မကြည့်နိုင်အောင် ငါမင်းတို့ကို ရိုက်မှာ"

ရှီမာယူယန်နှင့် တခြားသူများသည် ရှီမာယူယူအား လေးစားစွာကြည့်လိုက်သည်။ သူသည် တကယ် မိုက်တာပဲ။ သူတို့ကို ဒီလို စကားပြောရဲတယ်။

"ဘယ်လောက်ရဲလိုက်လဲ၊ မင်းကသေချင်လို့ ဒီလောက် စိတ်အားထက်သန်နေတာလား၊ ဒါဆိုတော့ ငါတို့ မင်းကိုအာမခံပေးမယ်၊ မင်းကိုအရင်သတ်ပြီးမှာ မင်းကိုခွဲစားမယ်" သိမ်းငှက်သည် အေးစက်စွာ ပြောလိုက်သည်။

ငှက်လေးသည် ရှီမာယူယူရှေ့သို့ပျံကာ ကျယ်လောင်စွာ ပြောလိုက်သည် "ငါ့သခင်ကို ဘယ်သူ ထိခိုက်အောင် လုပ်ရဲလဲ"

သိမ်းငှက်သည် ငှက်လေးအားကြည့်ကာ ပြောလိုက်သည် "မင်းက အဆင့်နှစ်အဲ့ဖွယ်မိစ္ဆာပဲရှိသေးတယ်၊ ငါတို့ကို လမ်းကို ပိတ်ရဲတယ် ဟုတ်လား"

"မင်းတို့က အဆင့် သုံး၊ လေးလောက်ရှိတဲ့ အဖွဲ့ပဲ ငါ့ ဝိဉာဉ်မိစ္ဆာကို အော်ရဲတယ်၊ ငါဒေါသထွက်လို့ ကြက်လိုမျိုး အကင်မခံရအောင်ပဲ သတိထား" ရှီမာယူယူအော်လိုက်သည်။

ရှီမာယူယန်သာမက ရှီမာယူလင်းပင်လျှင် မှင်တက်သွားသည်။ ဒီကောင်ရဲ့ သတ္တိကတော့ တကယ်ကြီးတာပဲ။

"ကောင်းပြီ မင်းကိုမသတ်ခင် မင်းရဲ့စာချုပ်မိစ္ဆာကို သတ်မယ်" သိမ်းငှက်သည် ဒေါသထွက်သွားသည်။

"ငါ့စာချုပ်မိစ္ဆာက မင်းတို့သတ်ချင်သလို သတ်လို့ရတဲ့သူမဟုတ်ဘူး" ရှီမာယူယူသည် သိမ်းငှက်အား စိုက်ကြည့်ပြီး ပြောလိုက်သည် "ငါ ထပ်ပြီးပြောလိုက်မယ် မင်းတို့ဉာဏ်ကောင်းရင် ဒီကိုမြန်မြန်လာပြီး စာချုပ်အချုပ်ခံ၊ မဟုတ်ရင် သတိမရှိအောင် ငါ ရိုက်ရလိမ့်မယ်"

"ဘယ်လောက်တောင် ကိုယ့်ကိုယ်ကို အထင်ကြီးလိုက်တဲ့လူလဲ" လင်းတငှက်ပြောလေသည် "မင်းငါတို့ကို သတိမရှိအောင် ဘယ်လိုရိုက်မလဲဆိုတာ ကြည့်ချင်နေပြီ"

"အဆင့် ၂ အံ့ဖွယ်မိစ္ဆာတစ်ကောင်တည်းနဲ့ မလောက်ဘူး၊ နောက်ထပ် ထပ်ရောက်လာလည်း ငါတို့ကို ရိုက်ဖို့ မလုံလောက်ဘူး" သိမ်းငှက်ပြောလေသည်။

"ငါတို့က မင်းတို့ကို တိုက်ခိုက်မယ်လို့ ဘယ်သူပြောလဲ" ရှီမာယူယူ ပြောလိုက်သည် "ဟေး ဟေး ဟေး မင်းတို့အားလုံးမှာ အံ့ဖွယ်မိစ္ဆာတွေရှိကြတယ်မလား၊ သူတို့က ငါတို့ကို အနိုင်ကျင့်ဖို့ အံ့ဖွယ်မိစ္ဆာတွေ သုံးမယ်ဆိုတော့ ငါတို့လည်း ပြန်တိုက်ရမယ်မလား"

ရှီမာယူယန်နှင့် တခြားသူများသည် စကားလုံးမဲ့သွားသည်။ သို့သော် သူတို့ စာချုပ်မိစ္ဆာများကို ခေါ်လိုက်ရတော့သည်။

"နောက်ထပ် လေးကောင်ပဲ၊ မလောက်သေးဘူး" လင်းတငှက်သည် လောင်ရယ်လိုက်သည်။

"လောက်တယ်၊ သူတို့နဲ့ ဘာလို့ ကစားနေသေးလဲ ဒီအတိုင်းသတ်လိုက်တော့" အဆင့်ငါး သိမ်းငှက်သည် စိတ်မရှည်စွာပြောလိုက်သည်။

"မလုပ်သေးနဲ့ဦး" လင်းတငှက်ပြောလိုက်သည် "လူဝင်လာတာ နှစ်အများကြီးကြာခဲ့ပြီ အခုမှ နောက်ထပ် လူထပ်ဝင်လာတာ၊ ငါတို့ခဏတော့ ကစားသင့်တယ်"

"ဘယ်လိုကစားမှာလဲ" အနက်ရောင် သိမ်းငှက်သည် ဝေဖန်သည် "အဲအစား ကျင့်ကြံလိုက်ပါလား"

"စံတင်ဝိဉာဉ်အဆင့် အံ့ဖွယ်မိစ္ဆာပဲ" အနက်ရောင် သိမ်းငှက်အားမြင်လိုက်သောအခါ ရှီမာယူယူ၏ မျက်လုံးများ ရောင်တောက်ကာ ပြောလိုက်သည် "အစ်ကိုကြီး ဒါကို မလိုချင်ဘူးလား၊ ကြိုက်လား"

"မဆိုးဘူး" ရှီမာယူမင် ခေါင်းညိမ့်သည်။

"ဒါဆို အဆင်ပြေသွားပြီ ဒီအနက်ရောင်သိမ်းငှက်က ငါ့အစ်ကိုအကြီးဆုံးအတွက်ပဲ" ရှီမာယူယူ ပြောလိုက်သည် "မင်းတို့မျက်နှာတွေ ဘာဖြစ်ကြတာလဲ၊ မင်းတို့လဲ ကြိုက်တာရွေးကြတော့၊ ဒါမှမဟုတ်ရင် ငါတို့ သူတို့ကို ရိုက်ပြီးမှ ရွေးကြမလား"

အာ….

အားလုံးသည် စကားလုံးမဲ့စွာ စိုက်ကြည့်နေကြသည်။ အခု သူတို့တွင် အံ့ဖွယ်မိစ္ဆာလေးကောင်ရှိသော်လည်း ရန်သူကို အနိုင်ရရန် မလုံလောက်သေးပေ။

ထို့အပြင် သူတို့အံ့ဖွယ်မိစ္ဆာများသည် အဆင့် တစ်၊နှစ်မျှသာဖြစ်သည်။ သူတို့သည် ပြိုက်ဖက်ထက် တစ်ကောင်နှင့် တစ်ဝက်စာလောက် အားနည်းသည်။

"တကယ် သတ္တိရှိတာပဲ" သူတော်စင် သိမ်းငှက် အေးစက်စွာပြောလိုက်သည်။

"ပျားလေး ငါ့ကို အနိုင်ကျင့်တဲ့သူတွေရှိတယ်၊ ငါ့အတွက် အဲလူဆိုးတွေကို မင်းကူပြီးတိုက်ပေးဦး" ရှီမာယူယူသည် နီရဲပျားဘုရင်မကိုခေါ်လိုက်သည်။

"နီရဲပျားဘုရင်မ" သူတော်စင်ငှက်များသည် နီရဲပျားဘုရင်မကို သတိထားမိကာ နောက်မှ ပျော်နေကြလေသည် "ငါသာ သူမကိုစားလိုက်ရရင်တော့ အဆင့်သုံးကိုဖျက်ပြီး အဆင့်လေးအံ့ဖွယ်မိစ္ဆာဖြစ်လာမှာပဲ"

"မစဉ်းစားနဲ့ ပျားလေးက ငါ့အတွက်" ရှီမာယူယူသည် နီရဲပျားဘုရင်မကို ဖက်ပြီးပြောလေသည် "ဟိန်းသံထောင်ချီ ရာပျော်ဟောင်၊ မင်းတို့လည်း ထွက်လာကြတော့"

ထိုအချိန်တွင် အံ့ဖွယ်မိစ္ဆာနှစ်ကောင်ထွက်လာကြသည်။ ဟိန်းသံထောင်ချီသည် အနက်ရောင်သိမ်းငှက်နှင့် အဆင့်တူကာ ရာပျော်ဟောင်သည် ရှီမာယူယူ၏ အဆင့်တက်ခြင်းနှင့်အတူ အဆင့်၂ အံ့ဖွယ်မိစ္ဆာဖြစ်လာသည်။

"အခု ရှစ်ကောင်ချင်း ရှစ်ကောင်ချင်းပဲ၊ ဟိန်းသံလေးနဲ့ဆိုရင် ကိုးကောင်နဲ့ ရှစ်ကောင်" ရှီမာယူယူ ပြောလိုက်သည် "အစ်ကိုတို့ အစ်ကိုတို့ရဲ့ ဝိဉာဉ်မိစ္ဆာတွေလည်း ခေါ်လိုက်ကြတော့"

ရှီမာယူမင်နှင့် တခြားသူများသည် ခေါင်းညိမ့်ကာ သူတို့၏ ဝိဉာဉ်မိစ္ဆာများကို ခေါ်လိုက်ကြသည်။ သူတို့သည် အံ့ဖွယ်အဆင့်မရောက်သေးသော်လည်း လက်တစ်လှမ်းအကွာတွင် ဖြစ်ကြသည်။

ရှီမာယူလင်းနှင့် တခြားသူများသည် ထိုအရာအားမြင်သောအခါ သူတို့၏ စာချုပ်မိစ္ဆာများကို ခေါ်ထုတ်ကြသည်။ ထင်ထားသည့်အတိုင်းပင် သူတို့အားလုံးသည် သူတော်စင်အဆင့်များဖြစ်ကြသည်။

"ဟူး မင်းတို့အားလုံး ဝိဉာဉ်မိစ္ဆာတွေထပ်ခေါ်လည်း အသုံးမဝင်ဘူး"

"ဘာတွေ စိတ်လှုပ်ရှားနေတာလဲ ငါမပြီးသေးဘူး" ရှီမာယူယူ ပြောလိုက်သည် "ဟိန်းသံထောင်ချီ၊ မင်းရဲ့ မျိုးနွယ်ဝင်တွေကို ခေါ်လိုက်လည်း အဆင်ပြေလား"

ဟိန်းသံထောင်ချီခေါင်းညိမ့်ကာ ပြောလိုက်သည် "သူတို့အထဲမှာ ရှိနေတာကြာပြီ သူတို့လည်း တိုက်ခိုက်ချင်မှာပဲ"

"ကောင်းတာပေါ့" ရှီမာယူယူ ပြောပြီးသည်နှင့် နောက်ထပ်အံ့ဖွယ်မိစ္ဆာအုပ်စုသည် သူတို့ဘေးတွင် ပေါ်လာသည်။

"ဟား ဟား ငါတို့ မတိုက်ရတာကြာပြီ၊ ငါတိုက်ချင်တာ လက်တွေယားနေပြီ" အမြီးငါးချောင်းမြေခွေးသည် ပေါ်လာသည်နှင့် ကျယ်လောင်စွာ ဟိန်းလိုက်သည်။

"အံ့ဖွယ်မိစ္ဆာတွေများလိုက်တာ" ရှီမာယူယန်သည် အံ့သြစရာများပြားလှသဖြင့် ရှီမာယူယူအား မျက်လုံးထွက်ကျမတတ် စိုက်ကြည့်နေလေသည်။

ရှီမာယူလင်းသည်လည်း အံ့သြသွားသည်။ သူ လုံးဝမထင်ထားပေ။ သူကိုယ်တိုင်တွင် အံ့ဖွယ်မိစ္ဆာလေးကောင်ရှိကာ တခြားဝိဉာဉ်မိစ္ဆာများသည် အဆင့်မသိရသေးပေ။ သူ့မှာ တကယ်ပဲ အံ့ဖွယ်မိစ္ဆာတွေများတာပဲ။

ပြိုင်ဖက်မှာ သူတို့နှင့် အဆင့်တူသော အဆင့် ငါးမှ ခြောက်ထိရှိသော အံ့ဖွယ်မိစ္ဆာများကို ခေါ်လိုက်သည်ကို ငှက်ကြီးများမြင်လိုက်သောအခါ ချက်ချင်းပင် အသိမရှိလောက်အောင်ပင် ကြောက်သွားကြသည်။ အဲဒါကြောင့် သူက သူ့ကိုယ်သူ သေချာနေတာကိုး၊ အဲဒါကြောင့် သူက ကြောက်စရာကောင်းနေတာကိုး။

အနက်ရောင် သိမ်းငှက်၏ ကိုယ်ရောင်ကိုယ်ဝါသည် ချက်ချင်းပင် ဒေါသထွက်လာသည်။ ထိုကဲ့သို့ ဇာတ်လမ်းမှာ သူတို့မျှော်လင့်ထားသည့်အတိုင်းပင်ဖြစ်သည်။ ဒီလို အားကောင်းတဲ့ အံ့ဖွယ်မိစ္ဆာတွေ အများကြီးရှိတဲ့ သေးငယ်သည့်လူသားတစ်ယောက်ပေါ်လာလိမ့်မယ်လို့ ဘယ်သူထင်မှာလဲ။ အချိန်ခဏအတွင်းမှာပင် သူတို့နှင့် ပြောင်းပြန်ဖြစ်သွားသည်။

"နောက်ဆုတ်ကြမယ်" အနက်ရောင် သိမ်းငှက်သည် သတိမလွတ်ပဲ တစ်ဖက်လူ၏ အားကိုမြင်သောအခါ လျင်မြန်စွာပင် ဆုံးဖြတ်ချက်ချလိုက်သည်။

"မင်းတို့လာပြီးမှ ငါကဖြင့် မင်းတို့ကို မရိုက်ရသေးဘူး၊ ဘာလို့ထွက်သွားတာလဲ" ရှီမာယူယူ ပြောလိုက်သည်။

"မင်းတို့လက်ရှိမှာ ငါတို့ထက်အားကောင်းပေမယ့် ငါတို့ကို လိုက်ဖမ်းဖို့ဆိုတာ မဖြစ်နိုင်သေးဘူး" လင်းတင်ရက်သည် မကစားချင်တော့ပဲ တည်ငြိမ်စွာ ပြန်လှည့်လိုက်သည်။

"မင်းတို့ အတောင်ပံနဲ့ပျံသွားမယ်လို့ ပြောလိုက်တာလား" ရှီမာယူယူ အပြုံးဖြင့် ပြောလေသ ည် "မင်းတို့ ဒီနေရာကို ဝင်လာတာနဲ့ ချိပ်ပိတ်လိုက်ပြီဆိုတာကို ပြောဖို့မေ့သွားတယ် မင်းတို့ထပ်ပြီးပျံလို့မရတော့ဘူး"

**အခန်း(၁၃)**

**အပိုင်း(၂၅၁)-အမြစ်ဖြုတ်ခြင်း**

"ဟင်" ငှက်ကြီးများသည် မယုံကြည်ပဲ ပျံသန်းကြည့်ရာ မီတာအနည်းငယ်အမြင့်သာ ပျံနိုင်လေသည်။

"မင်းဘာလုပ်လိုက်တာလဲ" ထိုငှက်ကြီးသည် တုန်လှုပ်စွာအော်လိုက်သည်။

"ငါ ဘာမှမလုပ်ပါဘူး၊ မြေပြင်မှာ ပစ္စည်းနည်းနည်းလောက်ထားလိုက်တာပါ" ရှီမာယူယူ ပြောပြီးသည့် သူမသည် မြေပြင်သို့ ဝိဉာဉ်စွမ်းအင်အနည်းငယ်ထည့်လိုက်သည်။ ထိုဝိဉာဉ်စွမ်းအင်သည် ပျောက်ကွယ်မသွားပဲ ကြီးမားသော တည်ဆောက်မှု အနားလိုင်းပုံစံဖြင့် ပြင်းထန်စွာ လည်ပတ်နေလေသည်။

"နေရာချိပ်ပိတ်ခြင်း တည်ဆောက်မှုပဲ" အကြည့်တစ်ချက်နှင့်ပင် ရှီမာယူလင်း သတိပြုမိကာ အံ့သြစွာ အော်မိလေသည်။

ရှီမာယူယူ သူ့အားစိုက်ကြည့်လိုက်သည်။ ထိုကြီးမားသော တည်ဆောက်မှုကို သူ သိလိမ့်မည်ဟု သူမ ထင်မထားပေ။

မှန်သည်၊ သူတို့မြေပေါ်ဆင်းသက်သည်နှင့် သူမ မြေပေါ်တွင် နေရာချိပ်ပိတ်ခြင်း တည်ဆောက်မှုကို ဖန်တီးခဲ့သည်။ ငှက်ကြီးများ မြေပေါ်ဆင်းသည်ထိ စောင့်ပြီး လျှို့ဝှက်ကျင့်ကြံကာ နေရာအား ချိပ်ပိတ်ခဲ့သည်။

ရှီမာယူလင်းသည် ရှီမာယူယူကြောင့်ပင် နောက်တစ်ခါ မှင်တက်မိပြန်သည်။ ဒီလူကတော့ အဂ္ဂိရတ်ပညာရှင်နဲ့ မိစ္ဆာထိန်းကျောင်းမှုသခင်ဖြစ်တဲ့အပြင် တည်ဆောက်မှုသခင်တောင်ဖြစ်နေသေးသည်။ သူ မလုပ်နိုင်တာ ဘာရှိသေးလဲ။

"သူက လူသားရောဟုတ်ရဲ့လား" သူသည် စိတ်ထဲမှ ကျိန်ဆဲမိတော့သည်။

သူကဲ့သို့ ဉာဏ်ပြေးသော ပါရမီရှင်ပင်လျှင် တအံ့တသြဖြစ်ရသည်။ ဘယ်လောက်ပင် ရင်သပ်ရှုမောဖြစ်ရပါစေ သူမနှင့်ဆိုလျှင် သူတို့သည် ဘေးလူသပ်သပ်သာဖြစ်တော့မည်။

"တော်ပြီ တံခါးက ပိတ်ပြီးသွားပြီ၊ အခု မင်းတို့ကို ငါဖြေရှင်းတော့မယ်၊ ဒီနေ့ ငါ မင်းတို့ကို အသေကြေ ရိုက်တော့မယ်" သူမ ပြောပြီးသည်နှင့် ရှီမာယူယူသည် ရှီမာယူမင်နှင့် တခြားသူများအား ဆွဲပြီး အထဲတွင် ဝိဉာဉ်မိစ္ဆာအုပ်စုနှင့် တိုက်ခိုက်တော့သည်။

"အား"

"ငါ့ မျက်လုံးကို ဘယ်သူရိုက်တာလဲ"

"အား"

အထဲတွင် ဖြစ်ပျက်သမျှကို ရှီမာယူယူကြည့်ပြီး တိုးညင်းစွာပြောလိုက်သည် "အုပ်စုလိုက် တိုက်တာ မဆိုးဘူးပဲ၊ အခုငါ့ စိတ်စွမ်းအင်လုပ်နိုင်စွမ်း ပြည့်နေတာ နမြောစရာပဲ၊ မဟုတ်ရင် ငါ အံ့ဖွယ်မိစ္ဆာနစ်ကောင်ကို စာချုပ်ချုပ်နိုင်တယ်၊ နောက်တစ်ခါ ငါ မိစ္ဆာအုပ်နဲ့သွားတဲ့အခါကျရင် ရိုက်နိုင်တဲ့အုပ်ကိုခေါ်သွားမယ် အဲဒါက ကြည့်ပျော်ရှုပျော်ဖြစ်တယ်၊ တကယ်ခံစားလို့ကောင်းတာပဲ"

အားလုံးသည် သူမ နောက်တွင်ရပ်ကာ သူတို့ခေါင်းထဲတွင် သူမအား မကောင်းတွေးမိလေသည်။ ဒီလူက သူ့စိတ်စွမ်းအင်လုပ်နိုင်စွမ်း ပြည့်နေတာကို ညည်းညူနေတာလား။ သူတို့ခံစားချက်ကို ထည့်မစဉ်းစားတော့ ဘူးလား။

နောက်ဆုံးတွင် ငှက်ကြီးများ တစ်ကောင်မှ လွတ်မြောက်နိုင်ခြင်းမရှိတော့ပေ။ အားလုံးသည် သူတို့ စွမ်းရည်များ ပျောက်ဆုံးကာ မြေပေါ် တွင် လဲသွားကြသည်။ သူတို့မျက်လုံးများတွင် မကျေနပ်ချက်များ ပြည့်နေကြသည်။

ရှီမာယူယူ လျှောက်သွားကာ ပြောလိုက်သည် "ဒီအတိုင်းထားလိုက်၊ မင်းတို့ဒီမှာနေရင် နေရာကျဉ်းကျဉ်းမှာပဲ နေလို့ရမယ်၊ ငါတို့နဲ့ စာချုပ်ချုပ်လိုက်ပါလား၊ ငါတို့အပြင်သွားပြီး လောကကြီးကို ကြည့်ကြမယ်"

"ငါတို့ မလုပ်ဘူး...." သိမ်းငှက်သည် ရှီမာယူယူအား စိုက်ကြည့်လိုက်သည်။

"မင်းတို့ မလုပ်ရင် ရွေးစရာမရှိဘူး၊ ဒီနေ့ မင်းတို့နဲ့ ဆွေးနွေးဖို့ ငါလာတာမဟုတ်ဘူး၊ မင်းတို့က ငါ့အစ်ကိုတွေအတွက် လက်ဆောင်ဖြစ်ပြီးနေပြီ၊ မင်းအခု လက်မလျော့ရင်တောင် ခဏနေ လျော့မှာပဲ"

ပြောပြီးနောက်တွင် ရှီမာယူယူသည် သိမ်းငှက်၏ မျက်လုံးကြားရှိနေရာတွင် လက်ချောင်းတင်လိုက်ကာ အင်ပါယာမိစ္ဆာထိန်းကျောင်းခြင်းကျမ်းကို စတင်တော့သည်။

ရှီမာယူယန်၏ မျက်လုံးများသည် ပြူးထွက်မတတ်ဖြစ်ကာ သူ့မေးစေ့မှာ မြေပေါ်သို့ ကျလုမတတ်ပင်ဖြစ် နေသည်။ သူ ရှီမာယူယူအား လက်ညှိုးထိုးကာ ရေရွတ်လိုက်သည် "သူ... သူ... သူက မိစ္ဆာကို စာချုပ်ချုပ် နိုင်တယ်၊ သူက မိစ္ဆာထိန်းကျောင်းမှုသခင်လည်းဖြစ်နေတာလား"

ရှီမာယူလန်နှင့် ရှီမာယူရှင်းတို့သည်လည်း ထိုအမူအရာအတိုင်းပင်ဖြစ်သည်။ သူတို့သည် ရှီမာယူယူအား တခြား ဂြိုလ်မှလာသည့် ဂြိုလ်သားအတိုင်းကြည့်နေကြသည်။

ရှီမာယူရန် ခေါင်းညိမ့်ကာ ပြောလိုက်သည် "သူ မိစ္ဆာထိန်းကျောင်းမှုသခင်ဖြစ်တာ လွန်ခဲ့တဲ့သုံးနှစ်က အဲအချိန်တုန်းက သူ သူတော်စင်မိစ္ဆာတွေကိုပဲ စာချုပ်ချုပ်နိုင်တာ"

"လွန်ခဲ့တဲ့သုံးနှစ်က... အဲတုန်းက သူအသက်ဘယ်လောက်လဲ" ရှီမာယူရှင်း မယုံကြည်နိုင်စွာဖြင့် မေးလိုက်သည်။

"အဲတုန်းက သူ ၁၅ ၁၆လောက်ဖြစ်မယ်" ရှီမာယူလီ ပြန်ဖြေသည်။

"ဒါဆို အခုသူက ၁၉နှစ်ပဲရှိသေးတာလို့ ပြောနေတာလား။ ၁၉နှစ်နဲ့ အဂ္ဂိရတ်ပညာရှင်နဲ့ မိစ္ဆာထိန်းကျောင်းသူဖြစ်တယ်၊ ဘုရားရေ ကျွန်တော်မျိုးကို သေခွင့်ပေးပါတော့၊ ကျွန်တော် နောက်ထပ်ဝင်စားမှ ရတော့မယ်" ရှီမာယူယန် အော်လိုက်သည်။

"မင်းတစ်ခုမေ့နေသေးတယ်၊ သူက တည်ဆောက်ခြင်း သခင်လည်းဟုတ်တယ်" ရှီမာယူလန် ထပ်ဖြည့်ပြောလေသည်။

"ညီလေး ၅ တည်ဆောက်ခြင်းသခင်ဖြစ်လာတာကိုတော့ ငါတို့လည်းမသိဘူး ဒါပေမယ့် အခုချိန်မှာ သူ လက်နက်ပညာရှင်ဖြစ်နေတယ်လို့ ပြောရင်တောင် မအံ့သြတော့ဘူး" ရှီမာယူရန် ပြောလိုက်သည်။

"တကယ်ကို....ထူးခြားတာပဲ" အချိန်အတော်ကြာမျှ တိတ်ဆိတ်ပြီးမှ ရှီမာယူယန် ပြောထွက်လာသည်။

"ညီလေး၅မှာ မိစ္ဆာတွေကို စာချုပ်ချုပ်ဖို့အတွက် နည်းလမ်းတွေ အများကြီးရှိတယ်၊ မင်းတို့ စာချုပ်ချုပ်ရင် သိလာလိမ့်မယ်" ရှီမာယူလီသည် ပြုံးပြီးပြောလေသည်။

"သူ့မှာ စာချုပ်ချုပ်ဖို့အတွက် နည်းလမ်းကောင်းရှိသေးတယ်ဟုတ်လား" ရှီမာယူယန်သည် ရှီမာယူလီအားကြည့်ပြီး ထပ်မပြောသော်လည်း သူ့စိတ်ထဲတွင် သိချင်စိတ်ကြောင့် ယားကျိကျိဖြစ်နေသည်။

နှစ်ရက်အကြာတွင် ရှီမာယူယူသည် ထိုငှက်ကြီးရှစ်ကောင်ကို ထိန်းကျောင်းခြင်းပြီးစီးလေသည်။ သူမ ပြီးသွားသောအခါ အားလုံးတွင် အံ့သြသော အမူအရာဖြစ်နေကြသည်။

"မင်းတို့အားလုံး ဘာဖြစ်နေကြတာလဲ"

"ယူယူ တစ်ခါတည်း အံ့ဖွယ်မိစ္ဆာရှစ်ကောင်ကို ထိန်းကျောင်းတယ်...." ရှီမာယူလန်သည် တအံ့တသြပြောလေသည်။

ရှီမာယူယူခေါင်းညိမ့်ကာ ပြောလေသည် "ဟုတ်တယ်၊ မိစ္ဆာရှစ်ကောင်ကို ထိန်းကျောင်းပြီးသွားပြီ၊ စာချုပ်ချုပ်ချင်တဲ့အကောင်ကို ရွေးလို့ရပြီ"

"ငါတို့အဲအကြောင်းပြောနေတာမဟုတ်ဘူးလေ၊ မင်းအဲလောက်အများကြီးကို ထိန်းကျောင်းပြီးတာ ဟုတ်လား မဟုတ်လားမေးနေတာ" ရှီမာယူရှင်းမေးလိုက်သည်။

"နည်းနည်း ပင်ပန်းနေပြီ၊ ငါရထားတဲ့ ဝိဉာဉ်ရွှီတွေ အပြည့်သုံးလိုက်ရတယ်" ရှီမာယူယူ ပြောလေသည် "မင်းတို့ ကိုယ့်ဘာသာ စာချုပ်ချုပ်ကြ ငါခဏနားလိုက်ဦးမယ်"

ပြောပြီးနောက် သူမ နေရာလွတ်အားရာကာ ဝိဉာဉ်မိစ္ဆာများထိန်းကျောင်းရာတွင် သုံးလိုက်ရသော အားများကို ပြန်ဖြည့်နေလေသည်။

"အနက်ရောင်သိမ်းငှက်က အစ်ကိုကြီးယူမင်အတွက်ပြောထားတော့ ကျန်တာကို ရွေးလို့ရတယ်" ရှီမာယူရှင်း ပြောလိုက်သည်။

"ငါ အဲဒီလင်းတငှက်ကြီးကို ကြိုက်တယ်၊ ငါ သူ့ကိုယူမယ်" ရှီမာယူလီပြောလိုက်သည်။

"ဒါဆို ငါအဲဒီ သိမ်းငှက်ကိုယူမယ်" ရှီမာယူယန်သည် ယဉ်ကျေးမှုမရှိစွာပင် သိမ်းငှက်အား ကိုင်လိုက်သည်။

လျင်မြန်စွာပင် အားလုံးသည် ကိုယ်စီကိုယ်စီရွေးကြကာ သူတို့နှင့် စာချုပ်ချုပ်ကြလေသည်။

"ဩော် ဟုတ်သားပဲ ယူလီ၊ မင်းအခု ပြောလိုက်တဲ့ ထူးခြားတဲ့နည်းလမ်းဆိုတာ ဘာလဲ" ရှီမာယူယန်သည် မိစ္ဆာနှင့် စာချုပ်ချုပ်ရန် ပြင်ဆင်နေရင်းနှင့်ပင် ရုတ်တရက်မေးလိုက်သည်။

"မင်းစာချုပ်ချုပ်ပြီးရင် သိလိမ့်မယ်" ရှီမာယူလီ ပြောပြီးနောက် လင်းတငှက်နှင့် စာချုပ်ချုပ်ရန် သွားလေသည်။

ထိုအချိန်တွင် ရှီမာယူယူဘေးတွင် အဆင့်တက်သော အလင်းတန်းပေါ်လာကာ အားလုံး၏ အာရုံသည် ထိုဆီသို့ရောက်သွားလေသည်။

"အဆင့်ငါး ဝိဉာဉ်နယ်ရှင်၊ ဒီကောင်ကတော့ အဲလောက်ကြီး စိတ်ထိခိုက်အောင် မလုပ်လို့မရဘူးလား" ရှီမာယူယန်သည် သူမအား ရိုက်ချင်သည့်သဘောဖြင့် နှုတ်ခမ်းတွန့်လိုက်လေသည်။

"ယှဉ်ရင်တော့ သေမှာပဲ၊ သူ့လို ပါရမီရှင်နဲ့ အစ်ကိုယူလင်းနဲ့ယှဉ်တာမှ ပိုကောင်းဦးမယ်" ရှီမာယူရှင်း ပြောလိုက်သည်။

"ဟူး မြန်မြန်ကျင့်ကြံရအောင် ငါတကယ်ကို သူ့ကို မကြည့်ချင်ဘူး" ရှီမာယူလန် ပြောလိုက်သည်။ ထိအချိန်တွင် သူမ အရည်အချင်းသည် ဘာမှမဟုတ်သလိုပင်ခံစားရသည်။

သူတို့ရှစ်ယောက်သည် မိစ္ဆာများနှင့် စတင်စာချုပ်ချုပ်ကြရာ စာချုပ်ပြီးစီးသည့်အခါတွင် အဆင့်တက်သည့် အလင်းတန်းများပေါ်လာသည်။ ရှီမာယူလင်းနှင့် တခြားသုံးယောက်အတွက်တော့ အံ့သြစရာပင်ဖြစ်သည်။ သို့သော် ရှီမာယူမင်နှင့် တခြားသော ညီအစ်ကိုသုံးယောက်တို့သည် ရပ်နေကာ သူတို့အစောက ပြောသော ထူးခြားသည့်အရာဆိုသည်မှာ ဒါကိုပြောခြင်းဖြစ်သည်ဟု သိလိုက်ရသည်။

"စာချုပ်ချုပ်ရင်းနဲ့ အဆင့်တက်လို့ရတယ် ဟုတ်လား၊ ဒါ ပထမဆုံးကြားဖူးတာပဲ" ပြီးနောက်တွင်လည်း ရှီမာယူယန်သည် မှင်တက်နေတုန်းပင်ဖြစ်သည်။ သူသည် အိမ်မက်လိုပင် အဆင့်နှစ်ဆင့်တက်သွားသည်။

"ဒါဘာဖြစ်လို့လဲဆိုတော့ မင်းတို့စာချုပ်ချုပ်တဲ့ အံ့ဖွယ်မိစ္ဆာက အဆင့်မြင့်လို့ပဲ၊ မဟုတ်ရင် မင်းတို့ ဘယ်လိုလုပ် အဆင့်နှစ်ဆင့် တစ်ခါတည်းတက်မှာလဲ" ရှီမာယူလင်းသည် ထူးခြားမှုကို နားလည်သွားသဖြင့် မှတ်ချက်ပေးသည်။

ရှီမာယူယန်သည် သူ့ဆံပင်အား ဆွဲပြီးပြောလေသည် "မင်းဘာပြောပြော ငါဆင့်နှစ်ဆင့်တက်တယ်၊ဟားဟား အိမ်မက်လိုပဲ"

ထိုငှက်ကြီးများသည်လည်း မတည်ငြိမ်ပေ။ သူတို့သည် အချင်းချင်းအကြည့်ချင်းဖလှယ်ကာ ပြောလိုက်သည် "ငါ အဆင့်တစ်ဆင့်တက်တယ်၊ ငါအဆင့်မတက်တာ ကြာပြီ"

"ငါရောပဲ၊ ဒီလိုအကျိုးအမြတ်ရမယ်ဆိုရင် ဘာလို့ အရိုက်ခံနေမှာလဲ"

"မင်းပဲပြောတော့"

ရှီမာယူလီသည် လင်းတငှက်၏ ခေါင်းအားပုတ်ကာ ပြောလိုက်သည် "မင်း ငါ့နောက်လိုက်ရင် မြန်မြန် အင်အားကောင်းလာမှာပါ ယူယူ စာချုပ်ချုပ်တဲ့ မိစ္ဆာတွေက သူတို့သခင်နဲ့အတူ အင်အားကြီးလာမှာ"

"ဘာ..."

ရှီမာယူယန်သည် လမ်းလျှောက်နေရာမှ ခလုတ်တိုက်သွားလေသည်။

သူလှည့်ကြည့်ရာ လူများသည် မှင်တက်စွာကြည့်နေကြသည်ကို တွေ့လိုက်ရသည်။ သူပြောသည်မှာ ရှီမာယူယူတွင် လျှို့ဝှက်လက်နက်ရှိသေးသည့် ပုံပင်။ သူ့အတွင်း အင်အားများသည်။ ပြီးတော့ သူ့ကြောင့်ပင် ရှီမာမျိုးနွယ်သည် ယိလင်းတိုင်းပြည်တွင် အရင်ကနေ့ရက်များကဲ့သို့ ပြန်သွားနိုင်ချေရှိသည်။

**အခန်း(၁၄)**

**အပိုင်း(၂၅၂)-ရှင်းလင်းခြင်း**

ရှီမာယူယူ ပြန်ကောင်းလာသည့်အချိန်တွင် အားလုံးသည် စာချုပ်ချုပ်ခြင်း ပြီးဆုံး၍ သူမအားစောင့်နေကြသည်။

"ယူယူ အားပြန်ပြည့်သွားပြီလား" ရှီမာယူယန်သည် သူမဘေးထိုင်ကာ သူမ နိုးလာသည်ကိုကြည့်ပြီး အားရပါးရပြုံးပြကာ မေးလိုက်သည်။

ရှီမာယူယူလန့်သွားပြီး ပြန်ဖြေလိုက်သည် "အဲယုတ်မာတဲ့အပြုံးကဘာလဲ ဘာတွေ မကောင်းကြံနေတာလဲ"

"ဘာလို့ မကောင်းဖြစ်ရမှာလဲ၊ အဲဒီမြေခွေးတွေအကြောင်းမေးချင်လို့..."

ရှီမာယူယန် ပြောလို့မပြီးသေးခင်မှာပင် ရှီမာယူယူသည် လက်ဆန့်ထုတ်ကာ သူ့ပါးစပ်အားပိတ်ပြီး ပြောလိုက်သည် "အဲဒါတွေက ဟိန်းသံထောင်ချီရဲ့ မျိုးနွယ်ဝင်တွေ၊ သူတို့ကို ထိဖို့ မစဉ်းစားနဲ့"

ရှီမာယူယန်သည် သူမ လက်အားဖယ်ပြီး ပြောလိုက်သည် "သူတို့ကို ငါဘာမှ မစဉ်းစားပါဘူး၊ ငါ မေးရုံပဲမေးတာပါ... အဲအချိန်တုန်းက မင်း မြေခွေးဟင်းလုပ်တုန်းက သူတို့ကို ချက်လိုက်တာလား"

"ဘယ်လိုလုပ်ဖြစ်နိုင်မှာလဲ အဲဒါတွေက တောင်ပေါ်မှာ တိုက်တုန်းက ရလာတဲ့ဟာတွေ" ရှီမာယူယူ လက်ပြန်ရုတ်ကာ မတ်တပ်ရပ်ပြီး ပြောလိုက်သည် "အားလုံးပြီးသွားပြီဆိုရင် ဒီကနေသွားရအောင် ချိပ်ကို အရင်သိမ်းလိုက်ဦးမယ်"

သူမ ကုန်ကြမ်းများကို သိမ်းလိုက်သည်။ ထိုကုန်ကြမ်းများသည် ရရန်ခက်ခဲသည်။ အလဟဿ မဖြစ်လိုပါ။

"သွားရအောင် အမွေတွေကို ဆက်ရှာကြမယ်" သူမသည် လင်းတငှက်နှင့် သိမ်းငှက်အားကြည့်လိုက်သည်။ သူတို့က အမွေတွေဖြစ်မလားလို့ သူမ ဘာလို့ခံစားရနေတာလဲ။

အားလုံးသည် ပျံနိုင်သည့် မိစ္ဆာများရထားသော်လည်း ငှက်လေးကျောတွင် ထိုင်လိုက်ကြသည်။ သူ့အတွင် အမြန်ဆုံးဆိုသည့် ဂုဏ်ပုဒ်ရှိသေးသည်လေ။

ငှက်လေးသည် သူတို့အား လယ်ပြင်ဖြတ်ကာ တောင်များကိုကျော်ပြီးခေါ်သွားလေသည်။ လမ်းတစ်လျှောက်တွင် သူတို့မျိုးနွယ်ဝင်များကို မြင်ခဲ့ကြသည်။ ထို့နောက်တွင် သူတောင်တစ်တောင်၏ တောင်ခြေတွင် ဆင်းသက်လိုက်သည်။

"ဒီမှာ အမွေတွေအများကြီးရှိတယ်လို့ အဘိုးပြောဖူးတယ်" ရှီမာယူယန် ပြောလေသည်။

"တောင်ပေါ်တက်ပြီး ရှာကြမယ်"

အားလုံးသည် ငှက်လေးကျောပေါ်မှ ဆင်းလိုက်သည်နှင့် အရင်သွားနှင့်သော တခြားအဖွဲ့ဝင်များ ကိုတွေ့လေသည်။

"မင်းအပြင်မှာ ဘာလုပ်နေတာလဲ တောင်ထဲကိုမဝင်ဘူးလား" ရှီမာယူလင်းသည် မျက်မှောင်ကြုတ်ကာ ပြောလိုက်သည်။

"တောင်မှာ အံ့ဖွယ်မိစ္ဆာတွေအများကြီးရှိတယ်၊ ငါတို့မဝင်ရဲဘူး" အဖွဲ့ဝင်တစ်ယောက်က ပြောလိုက်သည်။

"အံ့ဖွယ်မိစ္ဆာတွေ..." ရှီမာယူယူ၏ မျက်လုံးများတောက်ပလာပြီး သူမ မေးအားပွတ်ကာ "သူတို့ကို ဘာလို့ ရှင်းမပစ်နိုင်ရမှာလဲ၊ အံ့ဖွယ်မိစ္ဆာဘယ်လောက်များလဲဆိုတာ မင်းသိလား"

"များတော့များတယ်"

"ဩော် ဒါဆိုရင် အဲဒီအံ့ဖွယ်မိစ္ဆာတွေ အရင်ရှင်းပြီးမှ အမွေတွေရှာရင်ရော" ရှီမာယူယူသည် ရှီမာယူလင်းအား ကြည့်ပြီးမေးလိုက်သည်။

ပြောရမည်ဆိုလျှင် သူမသည် ရှီမာမျိုးနွယ်၏ သွေးသားမဟုတ်ပေ၊ ထို့ကြောင့် ထိုအမွေများကို မရခြင်းလည်း ဖြစ်နိုင်သည်။ သူမသည် ရှီမာမျိုးနွယ်ကြီးထွားလာသည်ကို ကူညီရမည်။ ထိုမှ ထိုမြေခွေးအိုကြီး ဘာမှပြောစရာမရှိမည်ဖြစ်သည်။

သူ့မျိုးဆက်ထဲတွင် ရှီမာယူလင်းသည် နံပါတ်တစ်ဖြစ်သည်။ သူသည် အားလုံးအား ဆုံးဖြတ်ချက်ချပေးသည်မှာ သဘာဝကျသည်။ သူတို့အင်အားတိုးသည်မှာ အရေးကြီးသည်ဖြစ်၍ ရှီမာယူယူ၏ အကြံကို သူသဘောတူလိုက်သည်။

သူသည် ထိုလူများအား ရှေ့မှဦးဆောင်စေကာ သူတို့အုပ်စုအား ထိုအံ့ဖွယ်မိစ္ဆာများရှာရန် ပြောလိုက်သည်။

ထိုလူများကြားသောအခါ သူတို့အမှန်ပင် ကြောက်သွားကြသည်။ သို့သော် ရှီမာယူယန်နှင့် တခြားသူများ ကိုယ်ပိုင်အံ့ဖွယ်မိစ္ဆာများခေါ်သည်ကို တွေ့သောအခါ စိတ်အေးသွားကာ ထိုအံ့ဖွယ်မိစ္ဆာများ ရှာရန် တောင်သို့ဝင်ကြလေသည်။

အံ့ဖွယ်မိစ္ဆာ ၅ကောင် ၆ကောင်လောက်သည် မြစ်ဘေးတွင် ကျင့်ကြံနေကြသည်။ လူများလာသည်ကို မြင်သောအခါ သူတို့သည် ကြိမ်းမောင်းချင်သော်လည်း သူ့ကိုယ်တိုင်ပင် အံ့ဖွယ်မိစ္ဆာအုပ်၏ ဝန်းရံခြင်းကို ခံလိုက်ရသည်ကို သတိပြုမိသွားသည်။

"မင်းတို့ဘာသာ အညံ့ခံမလား ဒါမှမဟုတ် မင်းတို့ကို ရိုက်တဲ့အထိစောင့်ပြီးမှ အညံ့ခံမလား" လမ်းပြလာသော လူငယ်သည် အလွန်အမင်း မှင်တက်သွားသည်။

"မင်းဘာလို့ အဲလိုပြောရဲတာလဲ" ဝိဉာဉ်မိစ္ဆာခေါင်းဆောင်သည် အေးစက်စွာ ပြန်ဖြေလိုက်သည်။

"ခေါင်းဆောင် အဲဒီငှက်တွေက အဝါရောင်လယ်ပြင်က ငှက်တွေနဲ့တူတယ်" ဘေးတွင်ရပ်နေသော အံ့ဖွယ်မိစ္ဆာတစ်ကောင်သည် ပြောလိုက်သည်။

"တကယ်အဲကောင်တွေပဲ သူတို့က ဘယ်လိုလုပ် လူသားတွေနဲ့အတူရှိနေတာလဲ"

"မင်းက ငါ့မေးတယ် ငါလည်း ဘယ်လိုသိမလဲ"

"သူတို့ စာချုပ်ချုပ်ပြီးသွားပြီနဲ့တူတယ်"

"တကယ်ပဲ အဲလိုပဲ ငါတို့ကို ရိုက်ဖို့ သူတို့က လူသားတွေကို ကူညီမှာလား"

"မင်းတို့စဉ်းစားဖို့အချိန်လုံလုံလောက်လောက်ပေးမယ်၊ မင်းတို့ အညံ့ခံမလား ဒါမှမဟုတ် အရိုက်ခံပြီးမှ အညံ့ခံမလား" ထိုလူငယ်မှ ထပ်ပြောလေသည်။

အညံ့ခံပြီး လူသားတွေကို ခစားရမယ်ဟုတ်လား။ မဖြစ်နိုင်တာ။

သည်လိုနှင့် အချိန်တစ်ခုကြာပြီးနောက်တွင် လူငယ်ခေါင်းဆောင် လက်ဝေ့လိုက်ရာ အံ့ဖွယ်မိစ္ဆာအုပ်စုသည် သူတို့အား တိုက်ခိုက်တော့သည်။ ထိုအံ့ဖွယ်မိစ္ဆာများ ဒူးထောက်သည်အထိ ရိုက်နက်ကြလေသည်။

ရှီမာယူယူ ပျော်သွားကာ အံ့ဖွယ်မိစ္ဆာဘေးတွင် ဆောင့်ကြောင့်ထိုင်ကာ ပြောလိုက်သည် "မင်းကို အညံ့ခံဖို့ ပြောသားပဲ ခေါင်းမာပြီး အရိုက်ခံတာကို၊ ရလဒ်ကတော့ အတူတူပဲမလား၊ ကျိုးကျိုးနွံနွံပဲ ငါ ထိန်းကျောင်းတာကိုခံလိုက်တော့"

သူမ ပြောပြီးသည်နှင့် သူနဖူးပေးသို့ လက်တင်ကာ စတင်ထိန်းကျောင်းတော့သည်။

ရှီမာယူယူ အုံ့ဖွယ်မိစ္ဆာများကို ထိန်းကျောင်းနိုင်သည်ကို ရှီမာမျိုးနွယ်ဝင်များတွေ့သောအခါ မျက်လုံးပြူး များဖြင့်ကြည့်ပြီး ပါးစပ်အဟောင်းသားဖြစ်နေလေသည်။ သူတို့ တုန့်ပြန်မှုအား ရှီမာယူယန် မြင်သောအခါ ကျေနပ်စွာ ခေါင်းညိမ့်လေသည်။ မှင်တက်သွားသူမှာ သူတစ်ယောက်တည်းပင် မဟုတ်ပေ။

"သွားရအောင် ဒီအချိန်မှာ ငါတို့ အုံ့ဖွယ်မိစ္ဆာတွေ ထပ်ရှာကြမယ်၊ အဲဒီမျိုးနွယ်ဝင်တွေလာရင် သူတို့ စာချုပ်ချုပ်လို့ရအောင်လို့" ရှီမာယူလင်း ပြောလေသည်။

"သခင် အုံ့ဖွယ်မိစ္ဆာတွေ ဘယ်မှာရှိတယ်ဆိုတာ ကျွန်တော်သိတယ်" လင်းတင်ုက်သည် အရှက်မရှိစွာပင် အမွေအနှစ်နယ်မြေရှိ အုံ့ဖွယ်မိစ္ဆာအားလုံးကို ဖော်ထုတ်တော့သည်။

သူပြောပြီးသည်နှင့် အားလုံးသည် ဆွံ့အသွားတော့သည်။ ထိုနေရာတွင် အုံ့ဖွယ်မိစ္ဆာများ အများအပြားရှသည်။ သူတို့ရောက်လာချိန်တွင် ပျက်စီးနေခြင်းမှာ မထူးဆန်းတော့ပေ။

အုံ့ဖွယ်မိစ္ဆာများ တစ်ရာနီးပါးရှိသည်။ ထိုအင်အားသည် ဆိုဖီယာတောင်တန်းနှင့် ညီမျှသည်။

"အုံ့ဖွယ်မိစ္ဆာတွေ ထွက်မလာရင် အထဲဝင်လာတဲ့လူမှန်သမျှ ချေမှုန်းခံရလိမ့်မယ်" ရှီမာယူရှင်း ထပ်ပြောလိုက်သည်။

ရှီမာယူယန် နှုတ်ခမ်းတွန့်ကာ ပြုံးပြီးပြောလိုက်သည် "ဒါဆိုလည်းကောင်းတာပဲ ငါတို့ သူတို့အကုန်လုံးကို စာချုပ်ချုပ်ပြီး အပြင်ကိုခေါ်သွားမယ်၊ ငါတို့ သူတို့ကို စာချုပ်မချုပ်ရင် သူတို့လည်း ထွက်လို့မရဘူး၊ သူတို့တစ်ဘဝလုံး ဒီအမွေနယ်မြေသေးသေးလေးမှာပဲ ကုန်ဆုံးသွားလိမ့်မယ်၊ သွားရအောင် ငါတို့ အကုန်ခေါ်သွားမယ်"

"ကောင်းတာပေါ့" ရှီမာမျိုးနွယ်ဝင်များသည် တက်ကြွကာ ထိုနေရာအားရှင်းလင်းရန် ရှီမာယူယန် နောက်သို့ လိုက်သွားလေသည်။

တစ်လနီးပါးကြာပြီးနောက် ရှီမာမျိုးနွယ်ဝင်များသည် အုံ့ဖွယ်မိစ္ဆာများစုဆောင်းပြီး ရှီမာယူယူက ထိန်းကျောင်း၊ စာချုပ်ချုပ်ပြီး အဆင့်တက်ကြလေသည်။

သူတို့အတွက်တော့ ထိုလသည် အိမ်မက်လိုပင်။ ထိုဘဝသည် အရင်က မကြုံဘူးသော မယုံနိုင်လောက်အောင်ပင် ဖြစ်သည်။

နောက်ဆုံးတွင် ရှီမာယူယူသည် အုံ့ဖွယ်မိစ္ဆာ အကောင် ၉၀ ထိန်းကျောင်းပြီးလေသည်။ အစောပိုင်းမှ ငှက်ကြီး ၈ကောင်ကို ထည့်ပေါင်းလိုက်လျှင် စုစုပေါင်း ၉၈ကောင်ဖြစ်သည်။

အထဲသို့အတူဝင်လာကြသော လူငယ်များသည် သူတို့နောက်သို့ တစ်သီတစ်တန်းကြီးလိုက်ကြလေသည်။ သူမသည် ထိန်းကျောင်းခြင်းတာဝန်ယူပြီး ဆွေမျိုးသားချင်းများကို ခွဲဝေပေးခြင်းကိုတော့ ရှီမာယူလင်းက လုပ်ဆောင်သည်။

နောက်ဆုံး အံ့ဖွယ်မိစ္ဆာကို ထိန်းကျောင်းပြီးချိန်တွင်တော့ သူမ အဆင့်တက်ရန် အဆင့်သင့်ဖြစ်နေသည်ကို ရှီမာယူယူခံစားလိုက်ရသည်။ သူမ ရောက်လာသည့်အချိန်မှစ၍ အဆင့်တစ်ဆင့်တက်ခြင်းကို စဉ်းစားလိုက်ပါက သူမ ဝိဉာဉ်စွမ်းအား အားလုံးသည် သူမကိုယ်တွင်း ပျံ့နှံ့ကာ သူမ မဖြိုခွဲနိုင်ပေ။

"အံ့ဖွယ်မိစ္ဆာမရသေးတဲ့သူတွေ စိုးရိမ်စရာမလိုဘူး၊ ငါတို့ ဒီအထဲက အံ့ဖွယ်မိစ္ဆာတွေအများကြီးရထားတော့ ငါတို့ထွက်သွားရင်လည်း အပြင်က အံ့ဖွယ်မိစ္ဆာတွေဖမ်းပြီး ယူယူက မင်းတို့စာချုပ်ချုပ်ဖို့အတွက် ထိန်းကျောင်းပေးလိမ့်မယ်၊ မဟုတ်ရင် မင်းတို့ သူတော်စင်မိစ္ဆာကိုလည်း စာချုပ်ချုပ်နိုင်တာပဲ" ရှီမာယူယန် ကျန်သောသူများကို ပြောလိုက်သည်။

"သခင်လေး ကျွန်တော်တို့ မစိုးရိမ်ပါဘူး၊ အပြင်က အံ့ဖွယ်မိစ္ဆာတွေ ဖမ်းမိတဲ့အထိ ကျွန်တော်တို့ စောင့်ပါမယ်" အံ့ဖွယ်မိစ္ဆာနှင့် စာချုပ်မချုပ်ရသော သူကပြောလေသည်။

"ကောင်းပြီ ငါတို့ တစ်လအချိန်ကျန်သေးတယ်၊ အားလုံး ကိုယ့်အမွေကိုယ်ရှာကြတော့" ရှီမာယူယန် သူ့လက်အား ဝှေ့လိုက်သည်နှင့် အားလုံး လူစုခွဲသွားကြတော့သည်။ အားလုံးအတူတကွရှိနေလျှင် သူတို့ အဖိုးတန်သည့်အရာကို ရှာတွေ့ရန် မဖြစ်နိုင်ပေ။

ရှီမာယူယူ ရှီမာယူမင်နှင့် တခြားသူများကို ကြည့်ပြီးပြောလိုက်သည် "အစ်ကိုတို့လည်း သွားနားလိုက်ကြတော့လေ"

"ကောင်းပြီ အပြင်မှာတွေ့ကြမယ်" ရှီမာယူယူနှင့် တခြားသူများလည်း ထွက်သွားကြသည်။

ရှီမာယူယူတစ်ယောက်တည်းပင် မြစ်ဘေးတွင် ကျန်ခဲ့သည်။ သူမသည် မြစ်ဘေးရှိ တောင်ကြီး သုံးလုံးကို ကြည့်နေသည်။ ထိုတောင်များသည် မျိုးနွယ်၏ အမွေဖြစ်သည်ဟု ရှီမာယူလင်းပြောသည်။ ဝင်ရန် သွေးသားဖြစ်ဖို့လိုသည်။ အခုတော့ အားလုံးသည် တတိယတောင်သို့ ဝင်သွားကြသည်။

"အဲမှာ တကယ်ကောင်းတဲ့ပစ္စည်းတွေရှိနေတယ်ဆိုတာ စိတ်ကသိနေတယ်၊ ငါဝင်လို့မရတာ နမြောစရာပဲ"

ရုတ်တရက်ပင် တောင်အလယ်ရှိ တစ်စုံတစ်ရာသည် သူမအား လက်ယက်ခေါ်သည်ဟု ခံစားလိုက်ရပြီး သူမသည် ထိုနေရာသို့ လျှောက်နိုင်စွမ်းမရှိပေ။